# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်   ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ (၅၉)၊ အမှတ်(၁၂၈)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ရာရှန် ရဲ့စ်ဘူလာတိုဗာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ရာရှန် ရဲ့စ်ဘူလာတိုဗာ က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

သတင်းစဉ်

# ရန်ကုန်မြို့ပတ်ရထားများ အချိန်စာရင်း ပြောင်းလဲပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ဆဲနေရာများတွင် လုပ်ငန်းများပြီးစီးပြီဖြစ်၍ ဆောင်ရွက်ရန်ကျန်ရှိသော နေရာများတွင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားများ၏ အချိန်စာရင်းကို ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

“ဒီလ ၈ ရက်နေ့ကစပြီး ရန်ကုန်မြို့ပတ်ရထားတွေရဲ့ အချိန်စာရင်းကို ပြောင်းလဲပြီး ပြေးဆွဲမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ နေ့စဉ်သွားလာနေတဲ့ ခရီးသွားပြည်သူတွေသိအောင် အသိပေးခြင်းဖြစ်ပါတယ်။ လက်ရှိက ၁၈၃ ခေါက် ပြေးဆွဲနေပါတယ်။ အချိန်စာရင်းပြောင်းလိုက်ရင် အဲဒီထက်နည်းနည်းလျော့ပြီး ၁၆၈ ခေါက် ပြေးဆွဲပေးမှာပါ” ဟု ရန်ကုန်ဘူတာကြီး၌ ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာ့မီးရထား မန်နေဂျာ(သွားလာရေး/တိုင်း ၇) ဦးဇော်လွင်က ပြောကြားသည်။

ယခင်က လမ်းပိုင်းအလိုက်ပိတ်၍ အဆင့်မြှင့်တင်ပြုပြင်ခြင်းဆောင်ရွက်သဖြင့် လမ်းပိုင်းအတိုများတွင်သာ အဓိကထားပြေးဆွဲခဲ့ရာမှ ယခုအခါတွင် လက်ဝဲရစ် ၊ လက်ယာရစ်မြို့ပတ်စနစ်များ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

“တညင်းကုန်း Level Crossing ကလည်း ပြီးသွားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ မြို့တစ်ပတ်လုံးပတ်တဲ့စနစ်ကို ပြန်ပြီးဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ မြို့တစ်ပတ်လုံးပတ်တဲ့ရထားက စီမံကိန်းမစတင်ခင်မှာ လက်ယာရစ်က ၁၁ စင်းရှိပြီး လက်ဝဲရစ်က ရှစ်စင်း စုစုပေါင်း ၁၉ စင်းရှိပါတယ်။ လက်ရှိစီမံကိန်း ဆောင်ရွက်ဆဲကာလမှာ

*စာမျက်နှာ ၄ ကော်လံ ၃* ●

**ထူးခြားသည့် ညအပူချိန်များ**

၄ - ၂ - ၂၀၂၀

| | | |
|---|---|---|
| ဟားခါးမြို့ | – ၅ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | – ၁ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၀ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၁ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |




# တန်ဖိုးရှိသည့် အင်အားများ

လူငယ်ဘဝသည် လူတစ်ဦး၏ ဘဝအစပိုင်းကာလဖြစ်သည်။ ပထမအရွယ်ဖြစ်၍ ပညာရှာသည့်အရွယ်လည်းဖြစ်သည်။ သို့ရာတွင် လူငယ်ဘဝ ပထမအရွယ်မှာပင် ကံအကျိုးပေးမလှ၍ မိဘမဲ့ဘဝသို့ ရောက်သွားကြရသူများ၊ မိဘနှစ်ဦး သို့မဟုတ် တစ်ဦးဦးတို့ရှိသည့်တိုင်အောင် မိသားစုပြဿနာများကြောင့် လေလွင့်ကလေးသူငယ်၊ လေလွင့်လူငယ်ဘဝသို့ ရောက်သွားကြရသူများ၊ ဗီဇစရိုက်ကြောင့်ဖြစ်စေ၊ မကောင်းသည့် ပတ်ဝန်းကျင်ကြောင့်ဖြစ်စေ၊ မူးယစ်ဆေးစွဲ၍ဖြစ်စေ ငယ်ငယ်ရွယ်ရွယ်နှင့် ပြစ်မှုကျူးလွန်ကြကာ ဒုစရိုက်သမားဘဝရောက်သွားကြရသူများ စသည်ဖြင့် ဘဝနောက်ခံအကြောင်းအမျိုးမျိုးတို့ကြောင့် စသင်ခန်းနှင့်ဝေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့်လည်း ဝေးကြရသူလူငယ်များစွာတို့ ရှိနေကြသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒတွင် "ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော လူငယ်များ (မိဘမဲ့နှင့် အုပ်ထိန်းသူမဲ့၊ လမ်းပေါ်ရောက် လေလွင့်လူငယ်များ)" ကို အထူးအလေးပေးစဉ်းစားရမည့် လူငယ်အမျိုးအစားများတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အထူးအလေးပေးရမည့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရမှု ပပျောက်စေရန်၊ သာတူညီမျှ ရရှိရန်နှင့် လုံခြုံမှုရှိသော လုပ်ငန်းခွင်များ ဖန်တီးပေးရန်ဆိုသည့် သတ်မှတ်ချက်လည်း ပါဝင်နေသည်။

လူငယ်များ၏ ငြိမ်းချမ်းရေး၊ ဘဝလုံခြုံရေးသတ်မှတ်ချက်များတွင်လည်း ရာဇဝတ်မှုနှင့် ပဋိပက္ခများတွင် လူငယ်များ ပါဝင်ပတ်သက်နေခြင်းအား တားဆီးကာကွယ်ရန်နှင့် လျှော့ချရေးလုပ်ငန်းစဉ်များတွင် လူငယ်များပူးပေါင်းပါဝင်ရန်၊ ရာဇဝတ်မှုကျူးလွန်ခဲ့သော လူငယ်လူရွယ်များနှင့် ပတ်သက်၍ တရားစီရင်ရေးစနစ်တွင် ထိုက်သင့်သော ပြစ်ဒဏ်နှင့်အတူ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဦးစားပေးလုပ်ဆောင်ရန်ဆိုသည့်အချက်များ ပါဝင်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေအခြေအနေတွင် အလုပ်လုပ်နိုင်သည့် လုပ်အားအရင်းအမြစ်ဖြစ်သော လူငယ်ထုအင်အားအချိုးအစားများပြားနေခြင်းကြောင့် လူဦးရေဆိုင်ရာ ဆုလာဘ်ကို ရရှိပိုင်ဆိုင်ထားသည် ဟူ၍ပင် ဆိုကြသည်။ သို့ရာတွင် လူငယ်ထုအင်အားမှာ အရေအတွက် အားဖြင့်သာ များပြားနေပြီး ပညာရည်နိမ့်ကျနေခြင်း၊ အသက်မွေး ဝမ်းကျောင်းပညာတစ်ခုခု တတ်မြောက်ခြင်းမရှိ၊ ကျွမ်းကျင်မှုကင်းမဲ့နေခြင်းတို့အပြင် လေလွင့်လူငယ်များ၊ ဆိုးသွမ်းကာ ပြစ်မှုကျူးလွန်သူများ အရေအတွက်များပြားနေမည်ဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေဆုလာဘ်မှာ အနုတ်လက္ခဏာသာ ပြနေလိမ့်မည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံအတွက် အင်အားတစ်ရပ် ဖြစ်လာရန်မှာမူ လူငယ်ရေးရာနှင့် ပတ်သက်ဆက်နွှယ်နေသည့် ဌာနများ၊ အဖွဲ့အစည်းများ၊ မိဘများနှင့် လူငယ်များကိုယ်တိုင်တို့၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးသည်။ လူငယ်တိုင်း လူငယ်တိုင်း မိမိကိုယ်ကိုယ် ကောင်းအောင် ကြိုးစားရန်၊ မိမိပတ်ဝန်းကျင်ကောင်းအောင် ကြိုးစားရန်၊ မိမိဒေသကောင်းအောင် ကြိုးစားရန်၊ မိမိနိုင်ငံကောင်းအောင် ကြိုးစားရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားကြဖို့ တိုက်တွန်းလိုသည်။

"လူတိုင်းလူတိုင်းက တန်ဖိုးရှိတယ်။ လူတစ်ယောက်ဖြစ်လာဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ တရားတော်တွေထဲမှာပါတယ်။ လူဖြစ်ဖို့ဆိုတာဟာ ဗြဟ္မာပြည်က အပ်တစ်ချောင်းက လူ့ပြည်ကိုကျလာပြီးတော့ လူ့ပြည်ကအပ်တစ်ချောင်းနဲ့ ထိဖို့ဆိုတာကမှ လွယ်သေးတယ်။ လူ့ဘဝကို ရဖို့ဆိုတာ ဒါထက်ပိုခက်တယ်။ ခက်ခက်ခဲခဲနဲ့ ရလာတဲ့လူ့ဘဝကို တန်ဖိုးရှိရှိနဲ့သုံးစေချင်တယ်" ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ ၁ ရက်နေ့ သန်လျင်လူငယ်သင်တန်းကျောင်းရှိ လူငယ်များနှင့် တွေ့ဆုံရာ၌ ဆုံးမသြဝါဒစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ လူငယ်တိုင်းက မိမိတို့၏ အနာဂတ်ကို တန်ဖိုးရှိသော လူများဖြစ်လာအောင် ကြိုးပမ်းကြရန် လမ်းညွှန်ခဲ့ခြင်းပင် ဖြစ်သည်။

လူငယ်များသည် နိုင်ငံ၏ အနာဂတ်အတွက် အင်အားများပင်ဖြစ်သည့်အလျောက် လူငယ်များပြုစုပျိုးထောင်ရေးကို အလေးအနက်ဆောင်ရွက်ကြရခြင်းဖြစ်သည်။ လူငယ်လေလွင့်မှု အရေအတွက်သည် နိုင်ငံ့အနာဂတ်အတွက် အင်အားပြုန်းတီးမှုပင်ဖြစ်ရာ လူငယ် ပြုပြင်ထိန်းသိမ်းမှုများကို မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အကြင်နာတို့ဖြင့် ဆောင်ရွက်ကြကာ နိုင်ငံ၏ အနာဂတ်အင်အားများကို မပြုန်းမတီးစုစည်း နိုင်ပါစေကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နံနက် (၀၇:၀၀) အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် (၀၆:၀၀) အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတိုးသွင် ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၄ ရက်က ပြိုင်ပွဲများကျင်းပရာ ရှမ်းရွာသစ်မြို့ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေကြစဉ်။

ဇင်လေး(ပြန်/ဆက်)

# ပြည်ထောင်စုသားချင်းများ



တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း IFES အဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် International Foundation for Electoral System (IFES) အဖွဲ့၏ ဥက္ကဋ္ဌ Mr. Tony Banbury နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရန် (၂၀၁၉-၂၀၂၂) မဟာဗျူဟာစီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International Foundation for Electoral System (IFES) အဖွဲ့၏ ဥက္ကဋ္ဌ Mr. Tony Banbury အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အအေးပိုနေမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာ၊ ထိုင်းနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Paul Scully MP ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေး ကိုယ်စားလှယ် Mr. Paul Scully MP အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

## မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄/၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

### မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအား မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေမည်ဖြစ်သဖြင့် ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅/၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

### ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမင်းလွင် — ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(၂) ဦးမြင့်ကြိုင် — ဒုတိယဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Paul Scully MP အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Paul Scully MP အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ဗြိတိန်နိုင်ငံ အစိုးရ Department for International Development (DFID) မှ ပံ့ပိုးကူညီပေးလျက်ရှိသည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ အား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Mr. Dan Chugg, Head of DFID, Mr. Rurik Marsden နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

● *ရှေ့ဖုံးမှ*

မြို့ပတ်စနစ်ကို ယာယီရပ်ဆိုင်းထားခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်နေ့ ပြင်ဆင်ပြေးဆွဲမယ့် ရထားအချိန်စာရင်းမှာ မြို့တစ်ပတ်လုံးပတ်နိုင်တဲ့ ရထားတွေက လက်ယာရစ် လေးစင်းနဲ့ လက်ဝဲရစ် လေးစင်း စုစုပေါင်း ရှစ်စင်းဟာ မြို့တစ်ပတ်လုံး ပတ်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ဦးဇော်လွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာပြောင်းလဲဆောင်ရွက်မည် ဖြစ်သောကြောင့် မူလရထားအချိန်စာရင်းနှင့် တစ်ထပ်တည်းကျမည်မဟုတ်ဘဲ အချိန်အနည်းငယ် အပြောင်းအလဲရှိလာမည်ဖြစ်ပြီး သက်ဆိုင်ရာဘူတာများတွင် ရထားရောက်ရှိချိန်၊ ထွက်ခွာချိန်များကို ရထားစီးခရီးသည်များ မြင်သာအောင် ကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိကာလ အဆင့်မြှင့်တင်ပြုပြင်လျက်ရှိသည့် လမ်းပိုင်းများအနေဖြင့် ကြည့်မြင်တိုင်-ဘုရားလမ်း(အပြင်လမ်း)၊ တညင်းကုန်း-မင်္ဂလာဒုံ (အပြင်လမ်း)၊ ပုရွက်ဆိတ်ကုန်း-ရေကူး(အတွင်းလမ်း)တို့ဖြစ်ပြီး ဆက်လက်ပြုပြင်ဆောင်ရွက်မည့် လမ်းပိုင်းများမှာ ကြည့်မြင်တိုင်-ဘုရားလမ်း(အပြင်လမ်း)နှင့် ပုရွက်ဆိတ်ကုန်း-ပုဇွန်တောင်( အပြင်လမ်း)တို့ ဖြစ်ကြောင်း သိရသည်။

ရထားအချိန်စာရင်း ပြောင်းလဲပြေးဆွဲမည့်လမ်းပိုင်းများမှာ ရန်ကုန်မြို့ပတ်နှင့် လှော်ကားလမ်းပိုင်းဖြစ်ပြီး တိုးကြောင်ကလေး၊ ရွာသာကြီး၊ ဒဂုံတက္ကသိုလ်၊ အုတ်ဖိုစု၊ အရှေ့ပိုင်းတက္ကသိုလ်လမ်းပိုင်း ဆင်ခြေဖုံးရထားများမှာ အချိန်စာရင်းပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်းမိုင် ၂၉ ဒသမ ၅ မိုင်(အစုန်-အဆန် မိုင်ပေါင်း ၆၀ နီးပါး) ရှိသည့်အနက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ၁၈ ဒသမ ၈ မိုင် ကျန်ရှိကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်ပြီးစီးပါက မူလက တစ်ရက်လျှင် ခရီးသည်ဦးရေ ၇၃၀၀၀ စီးနင်းရာမှ ၂၆၀၀၀၀ ခန့်အထိ တိုးတက်လာရန် မျှော်မှန်းထားကြောင်း သိရသည်။ ရထားအမြန်နှုန်းကို လက်ရှိ တစ်နာရီ ၂၅ မိုင်နှုန်းမှ ၃၇ မိုင်နှုန်းအထိ အရှိန်မြှင့်မောင်းနှင်နိုင်ရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တစ်ပတ်ကြာချိန်ကို ၂ နာရီ မိနစ် ၅၀ မှ ၁ နာရီ မိနစ် ၅၀ အထိ အချိန်လျှော့ချပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကာလကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ မျှော်မှန်းထားပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်သည့် လုပ်ငန်းများအားလုံးကို ဇူလိုင်လကုန်ခန့်တွင် အပြီးဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

---

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်



အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်များ အားလုံးပါဝင်သည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများကို တင်သွင်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုကိုယ်စားလှယ်များဖြစ်သော ဦးသိန်းထွန်း (ကျောင်းကုန်းမဲဆန္ဒနယ်)၊ ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)၊ ဗိုလ်မှူးချုပ်မောင်မောင် (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူးချုပ် အောင်စန်းချစ် (တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)၊ ဦးစိုင်းသန်းနိုင် (ကရင်ပြည်နယ်၊မဲဆန္ဒနယ်အမှတ်-၅)၊ ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို (ဒေါပုံမဲဆန္ဒနယ်) တို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အကြံပြုဆွေးနွေး**

ယနေ့ကျင်းပသည့်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ် ဥပဒေရေးထုံးပိုင်းဆိုင်ရာ ပြင်ဆင်ချက်များကို အတည်ပြုခြင်းနှင့် လေ့လာစိစစ်ရေးပူပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရန် အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*※ ကျောဖုံးမှ*

ကျင်းပမည့် Kintex Center သို့ ရောက်ရှိရာ Peace , Security and Human Development World Summit 2020 ၏ အထွေထွေ အတွင်းရေးမှူး Dr. Young Ho Yun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀ (Peace , Security and Human Development World Summit 2020) ; Assembly and International Summit Council for Peace မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် Universal Peace Federation – (UPF) Founder ၊ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခေါင်းဆောင်ဟောင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ UPF တည်ထောင်သူ Dr. Hakja Han Moon ၏ အတ္ထုပ္ပတ္တိမိတ်ဆက်ခြင်းနှင့် Mother Foundation စတင်တည်ထောင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်စဉ်။ သတင်းစဉ်

### မိန့်ခွန်းများပြောကြား

ယင်းနောက် မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟွန်ဆန်၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတ Mrs. Maria Leonor Robredo၊ နိုင်ဂျာနိုင်ငံ ဝန်ကြီးချုပ် Mr.Brigi Rayini ၊ ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Lee Joo Young၊ UPF Founder Dr. HakJa Han Moon၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း Mr. Banki Moon နှင့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခေါင်းဆောင်ဟောင်းများက မိန့်ခွန်းများ ပြောကြားကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိန့်ခွန်းပြောကြားရာတွင် ယခု ထိပ်သီးအစည်းအဝေးကြီးသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်နိုင်ရန်နှင့် ကမ္ဘာ့လူသားအားလုံးအတွက် ငြိမ်းချမ်းရေးယဉ်ကျေးမှုကို မြှင့်တင်နိုင်ရန် အမြင်ချင်းဖလှယ်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

တည်ငြိမ်အေးချမ်းသော၊ သာယာဝပြောတိုးတက်သော ကမ္ဘာကြီးကို တည်ဆောက်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းတို့ဖြင့် အပြန်အလှန်ယုံကြည်နားလည်မှုနှင့် သည်းခံနိုင်မှုတို့ကို တည်ဆောက်ရန် လိုအပ်ပါကြောင်း။

### ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဖြေရှင်း

မိမိတို့နေထိုင်သော ကမ္ဘာကြီးသည် သဘာဝတရားနှင့် လူ့ပယောဂများကြောင့် စိန်ခေါ်မှုများနှင့် မသေချာမရေရာမှုများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းတို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက လူသားတို့၏ တည်ရှိမှုကိုပါ ခြိမ်းခြောက်လာသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကြိုးပမ်းတည်ဆောက်မှုများအပေါ် ဆိုးကျိုးများ သက်ရောက်လာစေပါကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် အကြမ်းဖက်မှုတို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တစ်နိုင်ငံတည်းကသာ လုပ်ဆောင်မရသဖြင့် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းရင်ဆိုင် ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း။

လူသားများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးသဖြင့် ငြိမ်းချမ်းရေးယဉ်ကျေးမှုကို မြှင့်တင်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကို ကာကွယ်ရာရောက်ပါကြောင်း။

### ပညာရေးတန်းတူညီမျှ ရပိုင်ခွင့်ရှိရန်

မိမိတို့ အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်စုံစေရန် အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လူငယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အရင်းအမြစ်အဖြစ် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လူငယ်များအကြား အဆင့်တိုင်း၌ အရည်အသွေးမြင့်မားသော ပညာရေးကို တန်းတူညီမျှ ရရှိပိုင်ခွင့်ရှိစေရန် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိဘများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ရန် လိုအပ်ပါကြောင်း။

လူသားများဖွံ့ဖြိုးမှုရရှိစေရေး၏ အဓိကရည်ရွယ်ချက်သည် ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် လူမှုဘဝများကို မြှင့်တင်ပေးရန်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို မြှင့်တင်ရာတွင် မြန်မာနိုင်ငံ၏ အတွေ့အကြုံကို အကျဉ်းချုံးမျှဝေလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်ကြပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ရှည်လျားသော သမိုင်းကြောင်းရှိခဲ့ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူပြီး မကြာမီ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ဦးစားပေး လုပ်ငန်းစဉ်အဖြစ် သတ်မှတ်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၈)ဖွဲ့နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

### နိုင်ငံရေးဆွေးနွေးပွဲယဉ်ကျေးမှု

ငြိမ်းချမ်းရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူ (၅၁)ချက်ကို သဘောတူညီချက်ရခဲ့ပြီး ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများစွာ ရှိနေသေးသော်လည်း ပြည်တွင်းပဋိပက္ခ ဖြေရှင်းရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲ ယဉ်ကျေးမှုကို ပြည်သူများက နည်းလမ်းတစ်ခုအဖြစ် လက်ခံလာခဲ့ကြပါကြောင်း၊ ခိုင်မာသည့် ငြိမ်းချမ်းရေးသည်သာ မြန်မာနိုင်ငံ၏ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဟု မိမိတို့ အခိုင်အမာယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားများဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘာ့လူသားများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့်အတွက် ပြည်သူလူထု၊ အစိုးရများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြုသဘောဆောင် ကူညီရင်း အတူတကွ ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

### လက်မှတ်ရေးထိုး

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀ (Peace , Security and Human Development World Summit 2020) ၏ အထွေထွေ အတွင်းရေးမှူး Dr. Young Ho Yun တို့သည် မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်အတွင်း အာရှ- ပစိဖိတ် ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရန် မြန်မာအစိုးရနှင့် UPF တို့အကြားLetter of Intent ကို လက်မှတ်ရေးထိုးကြသည်။

အလားတူ အာဖရိကနိုင်ငံများ ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရန် နိုင်ဂျာနိုင်ငံဝန်ကြီးချုပ်၊ အာဖရိကသမဂ္ဂကိုယ်စားလှယ်နှင့် UPF အတွင်းရေးမှူးတို့က Letter of Intent ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အတူ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀၏ အထွေထွေအတွင်းရေးမှူး Dr. Young Ho Yun တို့ မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်အတွင်း အာရှ- ပစိဖိတ် ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရန် မြန်မာအစိုးရနှင့် UPF တို့အကြား Letter of Intent ကို လက်မှတ်ရေးထိုးအပြီး တွေ့ရစဉ်။ သတင်းစဉ်

### ကိုယ်စားလှယ် ၆၀၀၀ ခန့် တက်

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ (Peace, Security and Human Development World Summit 2020); Assembly and International Summit Council for Peace မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခေါင်းဆောင်ဟောင်း ၂၅ ဦး အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၆၀၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် World Summit 2020 အထိမ်းအမှတ် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် UPF တည်ထောင်သူ Dr. Hakja Han Moon ၏ အတ္ထုပ္ပတ္တိမိတ်ဆက်ခြင်းနှင့် Mother Foundation စတင်တည်ထောင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

**“ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားများ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘာ့လူသားများ၏ အခြေခံလိုအပ်ချက် ဖြစ်သည့်အတွက် ပြည်သူလူထု၊ အစိုးရများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းများ အနေဖြင့် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြုသဘောဆောင် ကူညီရင်း အတူတကွ ကြိုးပမ်းအားထုတ်ကြ”**

# “သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀” ၌ ပါဝင်ဆင်နွှဲသူတို့၏အမြင်များ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပသော “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀”ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

အဆိုပါပွဲတော် တတိယနေ့တွင် တိုင်းရင်းသားရိုးရာ ပြခန်းများ၊ ရိုးရာအဝတ်အထည်များနှင့် အစားအသောက်အရောင်းဆိုင်များ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲများ ပါဝင်ရာ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြပြီး ပွဲတော်အပေါ် ၎င်းတို့၏ အမြင်များ၊ ပီတိစကားသံများကို မြန်မာ့အလင်းသတင်းစဉ်မှ ဖော်ပြလိုက်ပါသည် -



ဂျိမ်းယာကုပ်
ချင်းမျိုးနွယ်စု၊ မြို့(ခေါ်) ခမီတိုင်းရင်းသား



ကိုနိုင်လင်းအောင်
ပင်းတယမြို့မှ ရှမ်း(ဓနု)တိုင်းရင်းသား



မိုးသဇင်
သာစည်မြို့နယ်မှ ပလောင်တိုင်းရင်းသူ



ဒေါ်စန်းရီ
ထားဝယ်မြို့မှ ထားဝယ်တိုင်းရင်းသူ



မသိန်းသိန်းအေး
သဃ်န်းကျွန်းမြို့နယ်



ဦးလှမင်း၊ မြောက်ဥက္ကလာပမြို့နယ်မှ
ကျောင်းဆရာ(ငြိမ်း)



ယေ့တိုင်ဆိန်း
“ဝ” တိုင်းရင်းသူ



မခိုင်သဉ္ဇာအေး
သဃ်န်းကျွန်းမြို့နယ်

**ဂျိမ်းယာကုပ်**
**ချင်းမျိုးနွယ်စု၊ မြို့(ခေါ်) ခမီတိုင်းရင်းသား**

ချင်းတိုင်းရင်းသားတို့ရဲ့ ရိုးရာအကတွေနဲ့ လာရောက်ဖျော်ဖြေတာပါ။ ကိုယ့်လူမျိုးရဲ့ ရိုးရာအကတွေကို ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီပွဲတော်ကနေ တိုင်းရင်းသားအချင်းချင်း ရင်းနှီးမှုတွေရပါတယ်။ တစ်ဦးနဲ့တစ်ဦး လေးစားယုံကြည်မှုတွေ ပိုရှိလာပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို ချပြခွင့်ရတဲ့အတွက် ထူးခြားတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မသိသေးတဲ့ တိုင်းရင်းသားတွေနဲ့ ရိုးရာယဉ်ကျေးမှုတွေကိုလည်း သိခွင့်ရလာပါတယ်။ တိုင်းရင်းသား တွေအားလုံး တစ်စုတစ်စည်းတည်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးနဲ့ တွေ့ရတာ အင်မတန်ကြည်နူးဖို့ ကောင်းပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကိုပြသတဲ့ ပွဲတော်ကြီးလို့ မြင်မိပါတယ်။

**ကိုနိုင်လင်းအောင်**
**ပင်းတယမြို့မှ ရှမ်း(ဓနု)တိုင်းရင်းသား**

ကျွန်တော်တို့ ဓနုတိုင်းရင်းသားတွေကို မသိတဲ့သူတွေရှိပါတယ်။ ဒီပွဲတော်ကနေ ဓနုတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့တွေကို အများပြည်သူသိရှိအောင် ပြသခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တိုင်းရင်းသားတွေအားလုံးရဲ့ ယဉ်ကျေးမှုတွေကို ပြသခွင့်ရလို့ ဒီပွဲတော်ဟာ ထူးခြားပါတယ်။ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုတွေ နီးနှောဖလှယ်ခွင့်ရတဲ့အပြင် အချင်းချင်း ရင်းနှီးမှု၊ အပြန်အလှန်လေးစားနားလည်မှုတွေ ပိုရှိလာပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လိုအပ်နေတဲ့ တိုင်းရင်းသားစည်းလုံးမှုနဲ့ ငြိမ်းချမ်းရေးအတွက် လမ်းစတွေ ဖြစ်ပါတယ်။

**မိုးသဇင်**
**သာစည်မြို့နယ်မှ ပလောင်တိုင်းရင်းသူ**

ဒီပွဲတော်ကြီးမှာ ပလောင်တိုင်းရင်းသူတစ်ဦးအနေနဲ့ ကိုယ့်ရဲ့ရိုးရာအကတွေနဲ့ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကို လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ ယဉ်ကျေးမှုတွေကလည်း တိုင်းရင်းသားတစ်မျိုးနဲ့တစ်မျိုး ဆင်တူတာတွေကိုလည်း တွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေ အချင်းချင်းဆက်နွယ်မှုတွေ ရှိနေတယ်ဆိုတာမျိုး တွေ့ရပါတယ်။ ဒီပွဲတော်ကြီးဟာ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ ဖလှယ်တဲ့နေရာဖြစ်သလို တိုင်းရင်းသားအချင်းချင်း ချစ်ခင်မှုကို ပြခွင့်ရတဲ့ ပွဲတော်ကြီးလို့ မြင်မိပါတယ်။

**ဒေါ်စန်းရီ**
**ထားဝယ်မြို့မှ ထားဝယ်တိုင်းရင်းသူ**

ကိုယ်ပိုင်ယဉ်ကျေးမှုတွေကို ပြသခွင့်ရတဲ့ ထူးခြားတဲ့ပွဲပါ။ ကျွန်မတို့ရဲ့ ထားဝယ်ရိုးရာအကသုံးမျိုးကို ဖျော်ဖြေကပြခွင့်ရပါတယ်။ ပရိသတ်တွေကလည်း အထူးအားပေးကြတဲ့အတွက် ထားဝယ်တိုင်းရင်းသူတစ်ဦးအနေနဲ့ ဂုဏ်ယူပါတယ်။ ဒီပွဲတော်ကြီးကနေ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေကို သိခွင့်ရတာဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး။ အရောင်းပြခန်းတွေကလည်း တိုင်းရင်းသား ဒေသအလိုက်ထွက်ရှိတဲ့ အသီးအနှံနဲ့ ကုန်ပစ္စည်းတွေကို ရောင်းချပေးနေတဲ့အတွက် တိုင်းရင်းသားလူမျိုးစုတွေနဲ့အတူ ဒေသထွက်ကုန်တွေကို ပူးတွဲပြီး သိရှိခွင့်ရပါတယ်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် လေ့လာခွင့်ရတဲ့ ပွဲတော်ကြီးပါ။

**မသိန်းသိန်းအေး၊ သဃ်န်းကျွန်းမြို့နယ်**

ပြီးခဲ့တဲ့နှစ် ပွဲတော်တုန်းကလည်း ရောက်ဖြစ်ပါတယ်။ တိုင်းရင်းသားအစုံလာတာကြောင့် ကိုယ်မသိသေးတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေနဲ့ ရိုးရာဓလေ့တွေကို သိခွင့်ရပါတယ်။ တစ်နေရာတည်းမှာ အားလုံးကို တွေ့မြင်နိုင်တဲ့အတွက် လူမျိုးစုတစ်စုနဲ့ တစ်စုတူညီမှုတွေ၊ ကွဲပြားမှုတွေကိုလည်း သိရမယ်။ အဲဒီကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိလာမယ်။ ချစ်ကြည်ရင်းနှီးမှုတွေလည်း အများကြီးရရှိလာနိုင်တာကြောင့် ဒီပွဲတော်ဟာ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအတွက် အထောက်အကူဖြစ်စေမှာပါ။

**ဦးလှမင်း၊ မြောက်ဥက္ကလာပမြို့နယ်မှ**
**ကျောင်းဆရာ(ငြိမ်း)**

မြေးနှစ်ယောက်ကို တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေရရှိအောင် လိုက်ပို့တာပါ။ ကိုယ်မရောက်ဖူးသေးတဲ့ တိုင်းရင်းသားနယ်မြေဒေသတွေ တိုင်းရင်းသားတွေကို နီးနီးကပ်ကပ် မြင်တွေ့ရပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့နဲ့ ဒေသထွက် အစားအသောက်တွေကိုလည်း တွေ့မြင်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ တိုင်းရင်းသားတွေကလည်း ဖော်ဖော်ရွေရွေရှိတဲ့အတွက် ညီနောင်တိုင်းရင်းသားတွေနဲ့ ချစ်ချစ်ခင်ခင် ဆုံတွေ့ခွင့်ရတယ်လို့ ယူဆပါတယ်။ ဒီလိုပွဲတွေရှိခြင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း တစ်ဦးနဲ့တစ်ဦး တွေ့ဆုံခင်မင်ရင်းနှီးခွင့်ရသလို တစ်ဦးရဲ့သဘောထားကို တစ်ဦးက သိခွင့်ရမယ်။ အဲဒီစိတ်ဓာတ်ကို အခြေခံပြီး တိုင်းရင်းသားအားလုံး လိုလားနေတဲ့ စည်းလုံးညီညွတ်မှုရလဒ်တွေကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။

**ယေ့တိုင်ဆိန်း**
**“ဝ” တိုင်းရင်းသူ**

“ဝ” ရိုးရာယဉ်ကျေးမှု အကနဲ့ ဖျော်ဖြေခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကို ချပြခွင့်ရတဲ့အတွက် အချင်းချင်း ပိုပြီးရင်းနှီးသွားပါတယ်။ တိုင်းရင်းသားအများစုမှာ တူညီတဲ့ ယဉ်ကျေးမှုတွေရှိသလို ကွဲပြားမှုတွေလည်း ရှိနေတာမျိုးတွေ့ရပါတယ်။တစ်ဦးရဲ့ယဉ်ကျေးမှုကို တစ်ဦးသိရှိခွင့်ရပြီး အပြန်အလှန်လေးစားမှုတွေ ရှိလာပါတယ်။ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုတွေကို ပြသဖလှယ်မှုတွေက တစ်ဆင့် ယုံကြည်မှုတွေကို ဖြစ်ပေါ်လာစေတဲ့ ထူးခြားတဲ့ပွဲပါ။

**မခိုင်သဉ္ဇာအေး**
**သဃ်န်းကျွန်းမြို့နယ်**

တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရပါတယ်။ တိုင်းရင်းသားတွေအားလုံးကို တစ်စုတစ်စည်းတည်း တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။ တိုင်းရင်းသားအချင်းချင်း အတူယှဉ်တွဲနေထိုင်မှုကို တွေ့မြင်ရပါတယ်။ ဒီမြင်ကွင်းဟာ ကျွန်မတို့ မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးရဲ့ ပြယုဂ်တွေလိုပါပဲ။

**တွေ့ဆုံမေးမြန်း – ဇော်ကြီး၊ ဓာတ်ပုံ – ဖေဇော်**

## ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရန်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာထား

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် တောင်သူလယ်သမားများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများအပေါ်ဈေးနှုန်း၊ ဈေးကွက်သေချာခိုင်မာစေရန်နှင့် ထုတ်လုပ်လိုက်သည့်သီးနှံများ အရည်အသွေးပြည့်ဝစေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်တွင်တောင်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအကြား ဈေးကွက်မှ တောင်းဆိုသည့် သီးနှံများ၏ ဈေးနှုန်းသတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်းကြောင့် မစိုက်ပျိုးမီကာလမှာပင် သီးနှံအရည်အသွေးနှင့် ဈေးနှုန်းကို သတ်မှတ်သဘောတူ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တောင်သူအနေဖြင့် သီးနှံအမျိုးအစား ရွေးချယ်နိုင်ခြင်း၊ သီးနှံအရည်အသွေး ကောင်းမွန်ရေးအတွက် စိုက်ပျိုးလုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်နိုင်ခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အရည်အသွေးကောင်းသီးနှံများ လိုအပ်သည့် ပမာဏရရှိနိုင်ခြင်း၊ သယ်ယူသိုလှောင်ကြိတ်ခွဲခြင်းလုပ်ငန်းများ စီမံခန့်ခွဲမှုအားကောင်းခြင်းနှင့် ဈေးကွက်သို့ စဉ်ဆက်မပြတ်တင်ပို့နိုင်မည်ဖြစ်သဖြင့် ရေရှည်တည်တံ့သောခိုင်မာသည့် ဈေးကွက်ဖန်တီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

အဆိုပါကြေညာချက်တွင် တောင်သူများက လိုက်နာဆောင်ရွက်ရန် အချက် (၉)ချက်၊ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် အသင်းအဖွဲ့က လိုက်နာဆောင်ရွက်ရမည့် အချက်(၁၁)ချက်၊ ဌာနဆိုင်ရာများက ပံ့ပိုးဆောင်ရွက်ရမည့်အချက် (၉)ချက်ပါရှိပြီး အသေးစိတ်လေ့လာလိုပါက www.agri.com.mm နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန facebook စာမျက်နှာများတွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ လွှတ်တော်သို့ တင်ပြ



ဒေါ်ကျိုန်ဂိုက်မန် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီဝင်



ဒေါက်တာထွန်းနိုင် ဒုတိယဝန်ကြီး



ဦးမောင်မောင်ဝင်း ဒုတိယဝန်ကြီး



ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်ကျိုန်ဂိုက်မန် က **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ** ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြရာတွင် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၁၅ ပါ ကောင်စီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော ဖော်ပြချက်များမှလွဲ၍ အပိုဒ် ၁၂ အပိုဒ်ခွဲ(က) နှင့် အပိုဒ် ၁၉ အပိုဒ်ခွဲ(က)တို့ အပါအဝင်ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဆိုသည့် စကားရပ်နှင့် ဥပဒေကြမ်း၏ အပိုဒ် ၁၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁) အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးတွင်ပါရှိသော အာမခံရ အကျိုးခံစားခွင့်ရမြီရှင်ဆိုသည့် စကားရပ်တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ပြင်ဆင်၍လည်းကောင်း၊ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (ဋ)၊ အပိုဒ်ခွဲ (အ)၊ အပိုဒ် ၉၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)နှင့် အပိုဒ်ခွဲငယ် (၂)တို့အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော အပိုင်း(၆) လုပ်ငန်းဆိုသည့် စကားရပ်နှင့် ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(အ)၊ အပိုဒ် ၉၇ ၏ ခေါင်းစဉ်၊ အပိုဒ် ၉၈ အပိုဒ်ခွဲ (က)တို့အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးတွင်ပါရှိသော အပိုင်း(၆) လုပ်ငန်းစဉ်ဆိုသည့် စကားရပ်တို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြ

သို့ပါ၍ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၈ နှင့်အညီ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၈ နှင့်အညီ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့ပိုက်လိုင်းအဆင့်မြှင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့ (EDCF) ထံမှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်း ချေးငွေရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က စီမံကိန်း၏ အမည်သည် သဘာဝဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးခြင်း စွမ်းရည်ဖွံ့ဖြိုးမှု စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်း၏ တည်နေရာသည် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ဖြစ်ပါကြောင်း၊ စီမံကိန်း၏ စုစုပေါင်းကုန်ကျစရိတ်အားဖြင့် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၅ သန်းခန့်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းကုန်ကျစရိတ်များအနက်မှ EDCF ထံမှ ချေးယူမည့် ချေးငွေသည် အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းခန့်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄၆၈ သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

EDCF ထံမှ ချေးငွေနှင့်ပတ်သက်သည့် အတိုးနှုန်းသည် တစ်နှစ်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလမှာ ၁၅ နှစ်ဖြစ်ပြီး ချေးငွေပြန်ဆပ်ရမည့်ကာလသည် ဆိုင်းငံ့ကာလကျော်လွန်ပြီးနောက် နောက်ထပ် ၂၅ နှစ်အညီအမျှခွဲ၍ ပြန်ဆပ်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကာလသည် ချေးငွေစာချုပ်ကို ချုပ်ဆိုပြီးသည့် နေ့မှစ၍ ၄၈ လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို တာဝန်ခံဆောင်ရွက်မည့်ဌာနသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်တွင်ရှိသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်ပါကြောင်း၊ စီမံကိန်းကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ အထက်ပိုင်းနှင့် အောက်ပိုင်းတွင်ရှိသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို ချိတ်ဆက်ပေးလာနိုင်မည့် ပင်မကျောရိုးပိုက်လိုင်းကွန်ရက်ကြီး ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အဆိုပါ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ရွှေတောင်ဓာတ်အားပေးစက်ရုံ၊ မြန်အောင်ဓာတ်အားပေးစက်ရုံနှင့် ကျော်စွာဓာတ်မြေဩဇာစက်ရုံများအတွက် လိုအပ်သည့်ဓာတ်ငွေ့များကို ထောက်ပံ့ပေးနိုင်မည့်အပြင် အခြားသောလုပ်ငန်းများသို့လည်း လောင်စာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုချေးငွေစီမံကိန်းသည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၈ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈– ၂၀၃၀ ၏ မဟာဗျူဟာ ၅ ဒသမ ၄၊ ၅ ဒသမ ၅ တို့ပါ action plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် EDCF ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး**က ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မူဝါဒချမှတ် အကောင်အထည်ဖော်ရန် အဓိကမောင်းနှင်အားများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် အမျိုးသားပညာရေး မူဝါဒကော်မရှင်တို့သည် ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ကို တွေ့မြင်ရပါကြောင်း။

ထို့ကြောင့် ပညာရေးပြုပြင်ပြောင်းလဲမှု မပြိုလဲစေရန်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မရပ်တန့်စေရန်နှင့် စနစ်သစ်ပညာရေးကို နိုင်ငံသူ၊ နိုင်ငံသားများယုံကြည်မှု မပျောက်စေရန်တို့အတွက် အဓိကကျသည့် မောင်းနှင်အားလေးခုသည် မူဝါဒချမှတ်ခြင်း၊ သုတေသနဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ရလဒ်ဆန်းစစ်လေ့လာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး**က အစီရင်ခံစာကို ယခုထက် ပိုမိုရှင်းလင်းစွာလေ့လာနိုင်ရန် စီစဉ်သင့်ပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေးအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအပြင် အကဲဖြတ်ချက်များပါ ထည့်သွင်းဖော်ပြသင့်ပါကြောင်းနှင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းဆိုင်ရာမူဝါဒများ အမြန်ချမှတ်နိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း**က ပညာရေးတွင် အနာဂတ်မျိုးဆက်ကျောင်းသားများကို အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား ကဏ္ဍ(၃)ရပ်လုံးတွင် ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ အရည်အသွေးရှိ ဆရာများကို လေ့ကျင့်မွေးထုတ်ရာတွင်လည်း ယင်းကဏ္ဍ(၃)ခုကို အလေးထားသင့်ပါကြောင်း၊ ဆရာကျင့်ဝတ်များကိုလည်း ဆရာဖြစ်သင်ရိုးတွင် အကျယ်တဝင့် ထည့်သွင်းသင်ကြားသင့်သည်ကို အကြံပြုလိုပါကြောင်း၊ ထို့ပြင် ဆရာများ အရည်အသွေးပြည့်မီစွာဖြင့် သင်ကြားရေးလုပ်ငန်းခွင်တွင် တက်တက်ကြွကြွလုပ်ကိုင်ချင်စိတ်ရှိစေရန်အတွက် ဆရာများ၏ နေထိုင်ရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဂရုထားဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

## စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ယခင်ပိတ်သိမ်းလိုက်သည့် ကျောင်း(၁၀)ကျောင်းအနက်မှ အဖြစ်သင့်ဆုံး နှစ်ကျောင်းလောက်သာ ရွေးချယ်၍ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီးမှသာ ဖွင့်လှစ်သင့်

**တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း**က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ယခင်ကကဲ့သို့ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သင့်သည်ဟု ကော်မရှင်ကအကြံပြုထားပါကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ တစ်ပြိုင်နက်တည်း မဖွင့်သင့်သေးသည်ကို အကြံပြုလိုပါကြောင်း၊ အကြောင်းရင်းမှာ ယခုမှစတင်၍ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် ကျောင်းများ များပြားလွန်းနေပါက အရည်အသွေးမမီသည့် ကျောင်းများဖြစ်လာမည်ကို စိုးရိမ်ရပါကြောင်း၊ ထို့ကြောင့် ယခင်ပိတ်သိမ်းလိုက်သည့် ကျောင်း(၁၀)ကျောင်းအနက်မှ အဖြစ်သင့်ဆုံး နှစ်ကျောင်းလောက်သာ ရွေးချယ်၍ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီးမှသာ ဖွင့်လှစ်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦး၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာမောင်မောင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၈/၂၀၂၀)ကျင်းပ



2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၈/၂၀၂၀) ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၈/၂၀၂၀) သို့ တက်ရောက်သည်။

## ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်း

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ နောက်ဆုံးထုတ်ပြန်ချက်များ၊ နိုင်ငံတကာပညာရှင်များမှ ကွန်ပျူတာအသုံးပြုမျှော်မှန်းတွက်ချက်ခြင်းဖြင့် တွက်ချက်ထားသောရောဂါ ဖြစ်ပွားသူတစ်ဦးထံမှ အခြားသူများထံ ကူးစက်ပြန့်ပွားနိုင်မှုအခြေခံနှုန်းတန်ဖိုး မြင့်မားနေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံများမှ 2019 Novel Coronavirus ရောဂါပိုးကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါကုထုံးသစ်များ စမ်းသပ်နေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ဝန်ကြီးဌာနပညာရှင်များ၏ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များနှင့် ရောဂါကုသမှုဆိုင်ရာအတွက် ကုသရေးရှုထောင့်မှ သုံးသပ်ချက်များ၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ သံသယလူနာများအား စောစီးစွာထောက်လှမ်းခြင်း၊ သံသယလူနာ/ အတည်ပြုလူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း၊ သံသယလူနာ/လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းတို့ကို လုပ်ဆောင်နေမှု။

မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ် (၃) ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (၄) ခုမှ မြို့နယ် (၁၀) မြို့နယ်ရှိ တရားဝင်နယ်စပ် ဝင်၊ ထွက်ပေါက် (၂၀) တွင် ဝင်ထွက်သွားလာနေမှုများကို ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေယာဉ်ဝင်ရောက်မှုမှာ ယခင်ကနေ့စဉ် ၂၆ စင်းရှိရာမှ ယခုအခါ ရှန်ဟိုင်းနှင့် ဟောင်ကောင်မှ လေယာဉ် နှစ်စင်းသာ ဝင်ရောက်မှု၊ မြန်မာနိုင်ငံတွင် သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိမှုနှင့် ဆောင်ရွက်ထားရှိမှုများ၊ ထိုသို့ တွေ့ရှိမှုများတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ ကောင်းမွန်သော ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှု၊ သံသယလူနာများနှင့် အတူနေထိုင်သူများ၊ ရောဂါကူးစက် ခံရနိုင်ခြေရှိသည့် သံသယလူနာနှင့် အနီးကပ် ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ် ကြည့်ရှုနေမှု။

ဟိုတယ်နှင့် တည်းခိုခန်းများ၌ သံသယရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားနိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနအသီးသီးမှ ပေးပို့လာသောဆောင်ရွက်နေမှုအခြေအနေနှင့် သတင်းပေးပို့နေမှုအခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့သော မြန်မာနိုင်ငံသားပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည် (ယနေ့၊ နံနက်ပိုင်းစစ်ဆေးချက်များအရ) ကောင်းမွန်နေမှု၊ ဘဏ္ဍာရေး၊ ဆေးနှင့်ဆေးပစ္စည်းများစုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှု အခြေအနေများစသည်တို့ အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

## ပထမဦးစားပေးအရေးပေါ်ကိစ္စရပ်အဖြစ် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ ပညာရှင်များအနေဖြင့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို "ပထမဦးစားပေး အရေးပေါ်"ကိစ္စရပ်အဖြစ် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အားလုံးသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် အလေးထားပြီး နိုးကြားတက်ကြွစွာ တုံ့ပြန်ဆောင်ရွက်ရန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားမှုများနှင့် ပတ်သက်၍ ကောလာဟလသတင်းတုများ ချေဖျက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအား အကြံပြုထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

ပြည်သူလူထုအား 2019 – nCoV လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားပျံ့နှံ့မှုအခြေအနေကို ဖော်ပြရာတွင် ရှင်းလင်းလွယ်ကူသော Dashboard ပုံစံဖြင့် ပြသနိုင်ရေးဌာနအတွင်း တိုင်ပင်လုပ်ဆောင်ကြရန်၊ လူနာထံမှ ဓာတ်ခွဲနမူနာများရယူမှု၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ပေးပို့မှု၊ အတည်ပြုစစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ပြည်သူများ သိရှိစေနိုင်ရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်မှုလမ်းကြောင်းတိကျပြတ်သားမှုသည်အထူးအရေးကြီးကြောင်းနှင့် သို့မဟုတ်ပါက မလိုလားအပ်သော နှောင့်နှေးမှုများနှင့် ရှုပ်ထွေးမှုများကို ကြုံတွေ့ရနိုင်ပါကြောင်း။

## သံသယလူနာတွေ့ရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်

ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးရုံများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲမှုဌာန၊ လေဆိပ်ကျန်းမာရေးဌာနများ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များရှိ ကျန်းမာရေးတာဝန်ရှိသူများ အားလုံးအကြား မည်သည့်ဌာနမှ မည်သို့ ဆက်သွယ်ဆောင်ရွက်ရမည်ဆိုသည့် ဆက်သွယ်ချိတ်ဆက်မှုလမ်းကြောင်းများကို ရှင်းလင်းစွာ သိရှိနိုင်ရေးအတွက် လုပ်ငန်းအဆင့်ဆင့် ချိတ်ဆက်ဆောင်ရွက်ပုံအစီအစဉ်လမ်းကြောင်းပြ ကားချပ်ကို ရေးဆွဲပြီး သက်ဆိုင်ရာသို့ ဖြန့်ဝေပေးရန်၊ ဟိုတယ်နှင့် တည်းခိုခန်းများတွင် သံသယလူနာတွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအလိုက် တယ်လီဖုန်းနံပါတ်များထားရှိ ထုတ်ပြန်ရန်၊ အဆိုပါဖုန်းနံပါတ်များကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ ပေးပို့ရန်၊ နယ်စပ်ဒေသများနှင့် ရောဂါကူးစက်ဝင်ရောက်နိုင်ခြေရှိသော နေရာဒေသများရှိ ကျန်းမာရေးဌာနများသို့ ဆေးနှင့် ဆေးပစ္စည်းများ ပိုမိုဖြန့်ဝေပေးခြင်းကိုသာမက နေရာဒေသအရ အချက်အချာကျသော၊ မဟာဗျူဟာကျသော ကျန်းမာရေးဌာနများတွင် ဆေးနှင့်ဆေးပစ္စည်းများ စုပုံထားရှိကာ ထပ်မံလိုအပ်သည့်နေရာများသို့ အချိန်နှင့် တစ်ပြေးညီပို့ဆောင်သွားရန်၊တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဆေးရုံများရှိ သီးခြားခန်းများသာမက တည်ဆောက်ပြီးစီးပြီး အသုံးပြုခြင်းမရှိသေးသော ကျန်းမာရေးဌာန အဆောက်အဦများတွင် စောင့်ကြည့်လူနာနှင့် သံသယလူနာများ ထားရှိနိုင်ရေးအတွက် ရောဂါစောင့်ကြပ်ကြည့်ရှုခန်းနှင့် သီးခြားခန်းများ ပြင်ဆင်ထားရှိရန်။

တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံအဆောက်အဦအပါအဝင် တည်ဆောက်ပြီးစီးပြီး အသုံးပြုခြင်းမရှိသေးသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကျန်းမာရေးအဆောက်အဦများ စာရင်းပြုစုတင်ပြရန်၊ လုပ်ငန်းများအတွက် ဘဏ္ဍာငွေများ ထပ်မံလိုအပ်နိုင်သည်ဖြစ်သဖြင့် ကြိုတင်တွက်ဆကာ ပြင်ဆင်ထားရှိရန်နှင့် လိုအပ်ပါက ဝန်ကြီးဌာန၏ အရေးပေါ်ရန်ပုံငွေမှ အသုံးပြုရန်၊ နယ်စပ် ဝင်၊ ထွက်ပေါက် ကုန်းလမ်းမှ ဝင်ရောက်လာသူများကို ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းကိစ္စရပ်များကို ပိုမိုကောင်းမွန်စေရေး သုံးသပ်လုပ်ဆောင်ရန်၊ အဆိုပါကိစ္စရပ်များတွင် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဌာနများအနေဖြင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်။

## လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမိုကူးစက်ပြန့်ပွားနိုင်

နယ်စပ်ဒေသများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်း အသိပေးရှင်းလင်းထားရန်၊ နယ်စပ်ဝင်၊ ထွက်ပေါက်များ တစ်လျှောက် ရှိနေသည့်မြို့များမှ ပြည်သူများ အဆိုပါ ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိစေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကပ်ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်သုံးသပ်ချက် (analysis) များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အကြံပြုချက်များ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် (analysis) နှင့် အကြံပြုချက်များကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) နှင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) တို့ရှိ ပညာရှင်များက လုပ်ဆောင်ရန်၊ လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ပိုမိုကူးစက်ပြန့်ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း လိုအပ်မှသာ ကျင်းပခြင်းနှင့် တတ်နိုင်သမျှ လျှော့ချခြင်း (social distancing) ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ကာကွယ်လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ သိပ္ပံနည်းကျပြီး အထောက်အထားများကို အခြေခံ၍ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးသတင်း အချက်အလက်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မိခင်၊ ကလေး၊ မျိုးဆက်ပွား၊ ကျောင်းကျန်းမာ၊ အာဟာရ)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး)၊ နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကူးစက်ရောဂါကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ပွဲတော်တွင် ကျင်းပသည့် ကချင်ရိုးရာမနောပွဲတော်သို့ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၀) ပွဲတော်၏ စတုတ္ထမြောက်နေ့ ညနေပိုင်းတွင် ကချင်ရိုးရာပြခန်း၌ ကချင်ရိုးရာ မနောပွဲကို ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂ၊ 'ဝ' နှင့် အခြားတိုင်းရင်းသားများ တက်ရောက်ကြသည်။

### ပျော်ရွှင်စွာဆင်နွှဲ

ရှေးဦးစွာ ဧည့်သည်တော်များနှင့် တိုင်းရင်းသားများ စုပေါင်း၍ ကချင်ရိုးရာ ပြခန်းရှေ့ရှိ မနောကွင်းတွင် မနောအကကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

အဆိုပါ မနောအကသည် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ရည်ရွယ်၍ ကျင်းပသည့် ဆွတ်မနောင်(စီးပွားရေး အောင်မြင် ဖြစ်ထွန်းသောအခါ ကသည့်ပွဲ) ဖြစ်ကြောင်း သိရသည်။

ကချင်ရိုးရာ မနောအကသည် အဓိကအားဖြင့် ငါးမျိုးရှိပြီး ၎င်းတို့မှာ ပဒန်မနောင် (စစ်အောင်နိုင်ခြင်း အထိမ်းအမှတ်ဖြစ် အောင်ပွဲခံသည့်ပွဲ)၊ ဆွတ်မနောင် (စီးပွားရေး အောင်မြင်ဖြစ်ထွန်းသောအခါ ကသည့်ပွဲ)၊ ဂျူမနောင် (မကျန်းမာသည့်အခါနှင့် အသက်အရွယ်ကြီးရင့်သောဘိုးဘွားအိုများ သေဆုံးသောအခါ ကျင်းပသောပွဲ)၊ ဂွမ်ရင်မနောင် (ညီအစ်ကိုတစ်ဦးဦး နယ်မြေသစ်တည်ထောင်နေထိုင်သောအချိန် ကျင်းပသည့်ပွဲ)၊ ရှိဒိပ်မနောင် (နယ်မြေသစ်သတ်မှတ်ခြင်းနှင့် အုပ်ချုပ်ခြင်းအထိမ်းအမှတ်ဖြစ် ကျင်းပသည့်ပွဲ) စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မိုးလေဝသ မှန်ကန်စေရန်၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ ပေါများကြွယ်ဝစေရန်၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေရန်၊ တိုင်းပြည်အေးချမ်းသာယာပြီး တိုင်းရင်းသားများ ပိုမိုချစ်ကြည်ရင်းနှီးစည်းလုံးစေရန်နှင့် မျိုးဆက်သစ် လူငယ်များ မိမိတို့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ဖြစ်လာရန် ရည်ရွယ်၍ စုပေါင်းဆင်နွှဲကြသည့် ကယားတိုင်းရင်းသား ရိုးရာကေ့ထိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်ကို ကယားတိုင်းရင်းသားများနှင့်အတူ ပါဝင်ဆင်နွှဲသည်။





### ယဉ်ကျေးမှုများ ဖလှယ်ကြရန်

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အဖွဲ့ဝင်များသည် ကချင်ရိုးရာပြခန်းတွင် တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှုများ တိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ကြရန် ရည်ရွယ်ကျင်းပသည့် ကချင်တိုင်းရင်းသားများ၏ ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများနှင့် အဖွဲ့ဝင်များသည် ကျိုက္ကဆံအားကစားကွင်းရှိ သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ဖျော်ဖြေရေးစင်မြင့်၌ တိုင်းရင်းသားအဆိုရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**



# မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုန်သွယ်ရေး ကိုယ်စားလှယ် Mr. Paul Scully MP၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Dan Chugg နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ-၂၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ ပို့ကုန်များ ဗြိတိန်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေးကိစ္စ၊ လက်ရှိဆောင်ရွက်နေသည့် Ease of Doing Business လုပ်ငန်းစဉ်များ၊ ကုန်သွယ်မှုဥပဒေ (မူကြမ်း) ဆောင်ရွက်နေမှုနှင့် ဗြိတိန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စ၊ GSP အခွင့်အရေးကြောင့် အထည်ချုပ်လုပ်ငန်းများနှင့် အထည်အလိပ်ကဏ္ဍ တိုးတက်လာသည့်အပြင် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်နေမှုတို့အပါအဝင် နှစ်နိုင်ငံအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

** ကျောဖုံးမှ*

နိုင်ငံခြားသားတိုင်း၏ အသက်လုံခြုံမှုနှင့် ကိုယ်ခန္ဓာကျန်းမာရေးကိုများစွာ အလေးထားပြီး သက်ဆိုင်ရာ အစီအမံများကို တက်တက်ကြွကြွ ဆောင်ရွက်ထားပါကြောင်း။

### အဓိက ဦးစားပေး

ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစပြီး သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်က ရောဂါဖြစ်ပွားမှုအခြေအနေနှင့် လူနာများ၏ ကုသကယ်ဆယ်မှုအခြေအနေများကို များစွာအလေးထားကာ အရေးကြီးညွှန်ကြားချက်များ ချမှတ်ပေးခဲ့ပြီး ပြည်သူလူထု၏ အသက်လုံခြုံမှုနှင့် ကိုယ်ခန္ဓာကျန်းမာရေးကို အဓိက ဦးစားပေးနေရာတွင်ထား၍ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လက်ရှိအရေးကြီးဆုံး လုပ်ငန်းအဖြစ် လုပ်ဆောင်ရမည်ဟု အလေးထားပြောကြားခဲ့ကြောင်း။

တရုတ် ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီက ဖေဖော်ဝါရီ ၃ ရက်တွင် အစည်းအဝေးကျင်းပပြီး ရောဂါအခြေအနေနောက်တစ်ဆင့် ကြိုတင်ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လေ့လာခဲ့ကြကာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်သည့် အဆုတ်ရောင်ရောဂါ အခြေအနေကို ရင်ဆိုင်ရန် လုပ်ငန်းဦးဆောင်အဖွဲ့ ဖွဲ့စည်းလိုက်ပြီး နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခဲချန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါကြောင်း။

တရုတ်နိုင်ငံအစိုးရက ဘက်စုံအဖြစ်ဆုံး၊ အတင်းကျပ်ဆုံး ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း အစီအမံများကို လုပ်ဆောင်ထားပြီး ဝူဟန်နှင့် ဟူပေဒေသကို အဓိကထား၍ ဗဟိုက ဒေသန္တရအထိ ဘက်စုံအလွှာအဆင့်ဆင့် ကာကွယ်ထိန်းချုပ်မှုစနစ်ကို တည်ဆောက်ထားပါကြောင်း။

ရောဂါစတင်ဖြစ်ပွားပြီး တစ်ပတ်အကြာ ကိုရိုနာဗိုင်းရပ်စ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ရောဂါဖြစ်ပွားစေသည့် ပိုးမွှား (Pathogen) ကိုလည်း ရှာဖွေတွေ့ရှိခဲ့ပါကြောင်း၊ တရုတ်နိုင်ငံအစိုးရက တစ်နိုင်ငံလုံးရှိ ထိပ်တန်းကူးစက်ရောဂါ လေ့လာသူ ပညာရှင်များကို စုစည်းပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ ဝူဟန်တွင်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုအကြောင်း၊ ဖြစ်စဉ်နှင့် ကြိုတင်ကာကွယ်ကုသသည့် ကာကွယ်ဆေးများကို ပူးတွဲသုတေသနပြုလုပ်ကာ အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

### ကာကွယ်ဆေးအတွက် မျိုးစိတ်ရရှိ

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရောဂါဖြစ်ပွားသည့်လူနာများအား ကုသရန် Chinese Academy of Engineering မှ သုတေသီ၊ နိုင်ငံတော်ကျန်းမာရေးကော်မရှင် အဆင့်မြင့်ပညာရှင်အဖွဲ့ဝင် Ms. Li Lanjuan က ဗိုင်းရပ်စ်၏ မျိုးစိတ် (Strain) ကို အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပြီး ကာကွယ်ဆေးအတွက် မျိုးစိတ်ရရှိလာခဲ့ကြောင်း၊ ကာကွယ်ဆေးမျိုးစိတ် (Vaccine strain) ကို မွေးထုတ်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး မျိုးစိတ်ကတစ်ဆင့် ကာကွယ်ဆေးကိုပြင်ဆင်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ကာကွယ်ဆေး ပြင်ဆင်ထုတ်လုပ်ရာတွင် ကာကွယ်ဆေးမျိုးစိတ်ကိုရရှိရန် အချိန် တစ်လခွဲလိုအပ်ပြီး အတည်ပြုရန် အချိန်တစ်လခွဲလိုအပ်သည့် ဖြစ်စဉ်ရှိကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲတွင် သံရုံးယာယီတာဝန်ခံက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်သည့် အဆုတ်ရောင်ရောဂါ အခြေအနေကို ထိန်းချုပ်နိုင်ရန်အတွက် တရုတ်နိုင်ငံ နိုင်ငံတော်ကျန်းမာရေးကော်မရှင်က ဦးဆောင်၍ ဌာနပေါင်း ၃၀ ကျော်ပါဝင်သော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်သည့် အဆုတ်ရောင်ရောဂါအခြေအနေကို ရင်ဆိုင်ပူးတွဲကြိုတင်ကာကွယ် ထိန်းချုပ်သည့် လုပ်ငန်းယန္တရားကို ထူထောင်ခဲ့ပြီး ရောဂါအခြေအနေကို ကြိုတင်ကာကွယ်ထိန်းချုပ်မှု၊ ကုသကယ်ဆယ်မှု၊ သိပ္ပံသုတေသနပြုလုပ်မှု၊ ထောက်ပံ့ရေးစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ စီမံခန့်ခွဲလျက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ထို့အတူ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ဝူဟန်မြို့၌ လမ်းပန်းဆက်သွယ်ရေးထိန်းချုပ်မှု စတင်လုပ်ဆောင်ခဲ့ရာ မြို့ပြဘတ်စ်ကား၊ မြေအောက်ရထား၊ သင်္ဘော၊ အဝေးပြေးကား စသည်တို့ကို ယာယီပြေးဆွဲမှု ရပ်နား၍ လေဆိပ်၊ ရထားဘူတာ စသည့် ဝူဟန်မှ ထွက်ခွာသည့် လမ်းကြောင်းများကို ယာယီပိတ်ထားခဲ့ကြောင်း၊ လက်ရှိတွင် ဝူဟန်မြို့ကို သီးခြားစောင့်ကြပ်ကြည့်ရှုရာနေရာအဖြစ် ထားရှိထားကြောင်း သံရုံးယာယီ တာဝန်ခံက ပြောကြားသည်။

ဝူဟန်မြို့တွင် ဆေးကုသရေး ဝန်ထမ်းပေါင်း ခြောက်သောင်းကျော်က ရှေ့တန်း၌ ပါဝင်ကုသလျက်ရှိနေကြောင်း၊ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးနှင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့ ၆၈ ဖွဲ့၊ ဆေးကုသရေးဝန်ထမ်း ၈၃၁၀ ဖြင့် ဟူပေပြည်နယ်သို့ သွားရောက်၍ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖေဖော်ဝါရီ ၃ ရက် ည ၁၂ နာရီအထိ တရုတ်နိုင်ငံတွင် စုစုပေါင်း အတည်ပြုသည့် ကူးစက်ခံရသူ ၂၀၄၃၈ ဦး၊ လက်ရှိပြင်းထန်စွာ ရောဂါခံစားနေရသူ ၂၇၈၈ ဦး၊ သေဆုံးသူ ၄၂၅ ဦး၊ ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရသူ ၆၃၂ ဦး စုစုပေါင်း သံသယရှိသူ ၂၃၂၁၄ ဦးရှိပြီး ဟောင်ကောင်၊ မကာအို၊ တရုတ် (တိုင်ပေ)ဒေသမှ စုစုပေါင်း အတည်ပြုသည့် ကူးစက်ခံရသူ ၃၃ ဦးတွင် ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသမှ ၁၅ ဦး၊ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသမှ ရှစ်ဦးနှင့် တရုတ် (တိုင်ပေ) ဒေသမှ ၁၀ ဦး ရှိကြောင်း၊ ဟူပေပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် အဆုတ်ရောင် ရောဂါဖြစ်ပွားပြီး ကုသပျောက်ကင်းကာ ဆေးရုံဆင်းသည့် လူနာပေါင်း ၃၉၆ ဦးရှိပြီဖြစ်ကြောင်း၊ အခြားပြည်နယ်များတွင်လည်း ကုသပျောက်ကင်း၍ ဆေးရုံဆင်းသည့် လူနာများလည်းရှိကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **မင်းသစ်(MNA)**

*အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် ကမ္ဘာ့နိုင်ငံများရှိ လွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားအကျိုးစီးပွားအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးလျက်ရှိရာ အဆိုပါ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် -*

*(စာတည်းအဖွဲ့)*

# ကျွန်တော်တို့နိုင်ငံနဲ့ သက်ဆိုင်တဲ့၊ နိုင်ငံတကာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးကြပါတယ်။ လိုအပ်ရင် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မေးမြန်းဆွေးနွေးတာတွေလည်း ရှိပါတယ်။

ပါမောက္ခ ဒေါက်တာသန်းဝင်း (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)

*ရှင်မင်း၊ ဓာတ်ပုံ-ကေကေ*

အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် ကမ္ဘာ့နိုင်ငံများရှိ လွှတ်တော်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသား အကျိုးစီးပွားအတွက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးသည့် ကော်မတီတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ကြိုးပမ်းလျက်ရှိသည်။

အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဆိုပါ ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ပါမောက္ခ ဒေါက်တာသန်းဝင်း
ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
နိုင်ငံတကာဆက်ဆံရေး၊
လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

**မေး ။ ။ ပထမဆုံးအနေနဲ့ ကော်မတီရဲ့ ဖွဲ့စည်းပုံကို သိပါရစေ။**

ဖြေ ။ ။ ကော်မတီကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ (၁၃) ကြိမ်မြောက် အစည်းအဝေးအပြီးမှာ ကော်မတီဝင်တစ်ဦး ကွယ်လွန်သွားခဲ့တဲ့အတွက် အခု ၁၄ ဦးနဲ့ ကော်မတီလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေက ယေဘုယျအားဖြင့် နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်တာတွေကို လေ့လာပါတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံနဲ့သက်ဆိုင်တဲ့၊ နိုင်ငံတကာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးကြပါတယ်။ လိုအပ်ရင် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မေးမြန်းဆွေးနွေးတာတွေလည်း ရှိပါတယ်။ လွှတ်တော်ကဏ္ဍဖြစ်တဲ့အတွက် နိုင်ငံတကာပါလီမန်တွေနဲ့လည်း ဆက်သွယ်ဆက်ဆံပါတယ်။ နိုင်ငံတကာ ပါလီမန်များအဖွဲ့(IPU) ဆိုတာ တစ်ကမ္ဘာလုံးက နိုင်ငံပေါင်း ၁၇၉ နိုင်ငံရဲ့ ပါလီမန်တွေ၊ လွှတ်တော်တွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃၀ ရှိပြီဖြစ်တဲ့ အဖွဲ့အစည်းပါ။

အဲဒီမှာ မြန်မာနိုင်ငံ လွှတ်တော်ကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ အဲဒီအဖွဲ့က ကျင်းပတဲ့ အစည်းအဝေးတွေကိုလည်း တက်ရောက်ပါတယ်။ သူတို့နဲ့ ပူးပေါင်းပြီး ပါလီမန်ဆိုင်ရာ ကိစ္စရပ်တွေကိုလည်း ဆောင်ရွက်ပါတယ်။

ပြီးတော့ အာဆီယံဒေသတွင်းအနေနဲ့ အာဆီယံပါလီမန်များ ညီလာခံနဲ့လည်း ပူးပေါင်းဆောင်ရွက်တာ ရှိပါတယ်။ အာဆီယံပါလီမန်များ ညီလာခံကလည်း တစ်နှစ်ကို တစ်ကြိမ် ညီလာခံလုပ်ပါတယ်။ ညီလာခံလုပ်တဲ့အချိန်မှာ အာဆီယံဒေသဆိုင်ရာ ကိစ္စရပ်တွေကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကော်မတီတွေက ကိုယ်စားလှယ် ၁၅ ဦး နှစ်စဉ်တက်ရောက်ဆွေးနွေးပါတယ်။ လွှတ်တော်ချင်း ချစ်ကြည်ရေးအနေနဲ့ နိုင်ငံတစ်ခုချင်းနဲ့ အဖွဲ့တွေ သီးသန့်ရှိသလို ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း ဆောင်ရွက်တာ ရှိပါတယ်။

**မေး ။ ။ လွှတ်တော်ချင်း ဆက်သွယ်ဆောင်ရွက်မှုတွေကနေ ကော်မတီအနေနဲ့ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ လွှတ်တော်ချင်း ဆက်ဆံရာမှာ နိုင်ငံတကာ ပါလီမန်ညီလာခံ၊ အာဆီယံပါလီမန်များ ညီလာခံတွေကနေ နိုင်ငံနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်တာတွေ၊ လူငယ်ရေးရာ၊ အမျိုးသမီးရေးရာတွေ ဒါတွေကို ကဏ္ဍအလိုက် ခွဲပြီးဆွေးနွေးကြတာ ရှိပါတယ်။

ဒီအစည်းအဝေးတွေမှာ ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးကိစ္စနဲ့ အဆိုတင်သွင်းတာ၊ ဆွေးနွေးတာတွေရှိပါတယ်။ ဒီလိုဆွေးနွေးကြပေမယ့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေမှန်၊ အဖြစ်အပျက်မှန်ကို သိရှိအောင် ဆွေးနွေးတင်ပြနိုင်ခဲ့တယ်။ ရှင်းပြနိုင်ခဲ့တယ်။ Resolution လို့ခေါ်တဲ့ ဆုံးဖြတ်ချက်တွေ မကျအောင် အာဆီယံပါလီမန်များ ညီလာခံမှာ ရှင်းလင်းခုခံနိုင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်း ကိစ္စနဲ့ ပတ်သက်ပြီးတော့ ၂၀၁၇ ခုနှစ်ကတည်းက ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပတဲ့ နိုင်ငံတကာပါလီမန်များ ညီလာခံမှာတော့ အဆိုတင်သွင်းပြီး Resolution ကျတာရှိပါတယ်။ အဲဒီမှာတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက ဆောင်ရွက်နေတဲ့ ကိစ္စတွေကို ၂၀၁၈ ခုနှစ် ဂျီနီဗာမှာလုပ်တဲ့ ညီလာခံမှာရော၊ ၂၀၁၉ ခုနှစ် ဧပြီမှာလုပ်တဲ့ ဒိုဟာညီလာခံမှာရော၊ အောက်တိုဘာမှာလုပ်တဲ့ ဆားဘီးယားညီလာခံမှာရော ညီလာခံ တက်ရောက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့တာတွေ ရှိပါတယ်။

ပါလီမန်တွေအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာ ပါလီမန်မိသားစုမှာ နိုင်ငံအချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ ကော်မတီအနေနဲ့ ကော်မတီ အစည်းအဝေးတွေကိုလည်း ပုံမှန်ဆောင်ရွက်နေပါတယ်။ ဒီလို အစည်းအဝေးကျင်းပချိန်မှာလည်း နိုင်ငံတကာ ပါလီမန်တွေအကြောင်း၊ ကျွန်တော်တို့နဲ့ ဆက်သွယ်ဆက်ဆံမှုတွေများတဲ့ နိုင်ငံတွေ အကြောင်းကို ကျွန်တော်တို့ ကော်မတီဝင်

*စာမျက်နှာ ၁၁ သို့*



အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းဝင်း ရန်ကုန်မြို့ စင်ကာပူသံရုံးမှ သံရုံးဒုတိယအကြီးအကဲနှင့် သံမှူးဖြစ်သူ Mr. Koh Chee Chian နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**"အစည်းအဝေးတွေမှာ ကျွန်တော်တို့ နိုင်ငံနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးကိစ္စနဲ့ အဆိုတင်သွင်းတာ၊ ဆွေးနွေးတာတွေ ရှိပါတယ်။ ဒီလို ဆွေးနွေးကြပေမယ့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေမှန်၊ အဖြစ်အပျက်မှန်ကို သိရှိအောင် ဆွေးနွေးတင်ပြနိုင်ခဲ့တယ်။ ရှင်းပြနိုင်ခဲ့တယ်။ Resolution လို့ခေါ်တဲ့ ဆုံးဖြတ်ချက်တွေမကျအောင် အာဆီယံပါလီမန်များ ညီလာခံမှာ ရှင်းလင်းခုခံနိုင်ခဲ့ပါတယ်"**



အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်၊ နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr. Alexei Chepa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှင့် ရန်ကုန်မြို့ တူရကီနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာ ခရမ်ဒီဇန်လယ်အိုလူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။





အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး ကျင်းပနေစဉ်။

*စာမျက်နှာ ၁၀ မှ*

တွေက လေ့လာပြီးတော့ ဆွေးနွေးကြတာတွေရှိပါတယ်။ ဒီလိုမျိုးပဲ ကမ္ဘာမှာ တစ်ပတ်အတွင်း၊ နှစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ အပြောင်းအလဲတွေ၊ သတင်းတွေ၊ အရေးကြီးတဲ့ အချက်အလက်တွေကို လေ့လာပြီးတော့ ကျွန်တော်တို့ အစည်းအဝေးတွေမှာ ဆွေးနွေးလေ့ရှိပါတယ်။

ဆိုလိုတာက ကမ္ဘာ့နိုင်ငံရေး အခြေအနေ၊ ကမ္ဘာ့အပြောင်းအလဲတွေကို မျက်ခြည်မပြတ်အောင် ကျွန်တော်တို့ ကော်မတီက အမြဲတမ်းကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါပြီးတော့ ပါလီမန်များ ညီလာခံတွေမှာ သက်ဆိုင်ရာ ခေါင်းစဉ်တွေနဲ့စပ်လျဉ်းပြီး ဝင်ရောက်ဆွေးနွေးတာတွေ၊ နိုင်ငံနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ဖြေရှင်းတာတွေကို ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက ကမ္ဘာ့ပါလီမန်များ ညီလာခံနဲ့ ကျွန်တော်တို့ လွှတ်တော် ပူးပေါင်းပြီး ဒီမိုကရေစီနေ့ကို ကျင်းပပါတယ်။ ဒီလိုမျိုးပဲ ဗီယက်နမ်မှာကျင်းပတဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ သက်ဆိုင်တဲ့ ဆွေးနွေးပွဲတွေကိုလည်း တက်ရောက်ပါတယ်။ ဒီလိုမျိုးတွေနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတကာ ကိုယ်စားသံအမတ်ကြီးတွေ ရှိပါတယ်။ သံအမတ်ကြီးတွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေရှိပါတယ်။ ဒီလိုမျိုးပဲ နိုင်ငံတကာက လွှတ်တော်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း လာရောက်ပြီး လွှတ်တော်ကဏ္ဍအတွက် တွေ့ဆုံဆွေးနွေးကြတာ ရှိပါတယ်။ ကျွန်တော်တို့ ကော်မတီတွေနဲ့လည်း တွေ့ဆုံဆွေးနွေးတာတွေ ရှိပါတယ်။ အခုကျွန်တော်တို့ ဒုတိယအကြိမ် သက်တမ်းမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းကိစ္စနဲ့ ပတ်သက်ပြီး ဆက်သွယ်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတကာအခြေအနေကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နေပါတယ်။

**မေး ။ ။ ကော်မတီအနေနဲ့ နိုင်ငံတကာ ပါလီမန်တွေပါဝင်တဲ့ အစည်းအဝေးတွေ လက်ခံကျင်းပမယ့် အစီအစဉ်တွေ ရှိရင်လည်းသိပါရစေ။**

ဖြေ ။ ။ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးအစ ၂၀၁၆ ခုနှစ်တုန်းက အာဆီယံ ပါလီမန်များ ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးက နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပတာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ ပထမအကြိမ်အစည်းအဝေး ၂၀၁၅ ခုနှစ်မှာ ကျင်းပရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနီးတဲ့အတွက် လက်ခံမကျင်းပတော့ဘဲ ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် လွှတ်တော်အစမှာ အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။

နိုင်ငံတကာပါလီမန်တွေ တက်ရောက်နိုင်မယ့် အစည်းအဝေးအနေနဲ့ ကျင်းပသွားဖို့ မရှိသေးပါဘူး။ ဒါပေမယ့် နိုင်ငံတကာ ပါလီမန်များအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပသွားမယ့် အစီအစဉ်တွေတော့ ရှိပါတယ်။ နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ကျင်းပသွားမယ့် အစည်းအဝေးပါ။ ဒီအတွက်လည်း ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ဆိုပြီး သုံးရပ်ရှိကြပါတယ်။ နိုင်ငံတကာ လွှတ်တော်ချင်းအနေနဲ့ ဆက်သွယ်ပြီး အမြဲတက်ကြွစွာ ဆက်ဆံလှုပ်ရှားနေဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းပဲ ရှိသေးတဲ့အတွက် သက်တမ်းက ၉ နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် အရှိန်ယူပြီး လုပ်ဆောင်နေပါတယ်။ မိသားစုဝင် လွှတ်တော်တစ်ခုအနေနဲ့ လွှတ်တော်အချင်းချင်းရော၊ လွှတ်တော်ခေါင်းဆောင် လွှတ်တော်ဥက္ကဋ္ဌတွေရော၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းရော ပိုပြီး လက်တွဲလုပ်ဆောင်နေပါတယ်။

BIMSTEC

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)
Bay of Bengal Initiative for Multi-Sectoral Technical and
Economic Cooperation (BIMSTEC)



ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲ

ဆုငွေအမေရိကန်ဒေါ်လာ ၃၀၀၀/-

ဒီဇိုင်းများအားပေးပို့ယှဉ်ပြိုင်ရမည့် အချိန်ကာလ -
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ

- မြန်မာနိုင်ငံသားမည်သူမဆို တစ်ဦးချင်း/ အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- မှီငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာအချက်အလက်များကို www.bimstec.org တွင် လေ့လာနိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များအား http://bimstec.org/?page_id=2600 တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ ရယူနိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှတာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိလွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-5) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံရေးအကျဉ်းသားများ၏ အခွင့်အရေးနှင့် ကာကွယ်ပေးရေးစာချုပ်ပါ အကြောင်းအရာများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပြန်လည်ကုစားပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## ပင်လည်ဘူးမြို့နယ်၌ ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ

ပင်လည်ဘူး ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကသောအုပ်စု ဗဟောက်ကျေးရွာတွင် အမျိုးသားလျှပ်စစ်စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသဖြင့် ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲနှင့်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဂျင်းမြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါလုပ်ငန်းနေရာများရှေ့၌ ပြုလုပ်ခဲ့သည်။

ဗဟောက်ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးနှင့် ဂျင်းမြေသားလမ်းတို့ကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြကာ မြို့နယ်လျှပ်စစ်မှူး ဦးစန်းအောင်က လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို အသိပညာပေးပြောကြားခဲ့သည်။

အဆိုပါကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကာ လမ်းအရှည် ၂ မိုင်၊ အကျယ် ပေ ၃၀ ဂျင်းမြေကျေးရွာလမ်းလည်းပြီးစီး၍ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းသွားပြီဖြစ်ပြီး ပင်လည်ဘူးမြို့နယ်တွင် ဗဟောက်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၈၁ ရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ယင်းမာပင် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးအနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းများတွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယမန်နေ့က ယင်းမာပင်မြို့ သာယာအေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ အခြေခံပညာကျောင်း ၁၄ ကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၄၇၂ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ မိတ်ဆက်ခြင်းအခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အကောင်အထည်ဖော်မှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။**




### ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ထိရောက်လာ

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍကို ဆောင်ရွက်ရာတွင် အားလုံးသာတူညီမျှခံစားရရှိရေးနှင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပါကြောင်း၊ MCCT အစီအစဉ်ကို အားလုံး သာတူညီမျှဖြစ်အောင် ကြိုးစားရာ၌ ရန်ပုံငွေအနေအထား အကန့်အသတ်များရှိသောကြောင့် အညွှန်းကိန်းများအရ ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ ခြင်းအစီအစဉ် (Maternal and Child Cash Transfer – MCCT) အစီအစဉ်သည် အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်ရေး ရေရှည်အကျိုးအတွက်ဖြစ်ပြီး လတ်တလော အကျိုးကျေးဇူးအဖြစ် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ပိုမိုထိရောက်လာမည်ဖြစ်ကြောင်း။

MCCT အစီအစဉ် အကောင်အထည်ဖော်မှု၏ ဦးစားပေးအဆင့်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် ထိပ်ဆုံးက ပါဝင်ခဲ့ပါကြောင်း၊ ထို့နောက် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို တိုးချဲ့ပြီး ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ တိုးချဲ့ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စီမံချက်များ တိုးချဲ့နိုင်ရေးအတွက် ဘဏ္ဍာငွေလိုအပ်ချက်ရှိပါကြောင်း၊ နိုင်ငံ၏ဘဏ္ဍာငွေများအပြင် မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများကို ယူရပါကြောင်း၊ MCCT အစီအစဉ်ကို တိုးချဲ့နိုင်ရေးနှင့် ဘဏ္ဍာငွေရရှိရေးသည်လုပ်ငန်း၏ အကျိုးရလဒ်မည်မျှရှိသည်ကို ချိန်ထိုးပြရန် ရလဒ်ကောင်းများရရှိရေးသည် အရေးကြီးပါကြောင်း၊ MCCT အစီအစဉ်၏ လုပ်ငန်းစဉ်တစ်ခုလုံးကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်မှုပြုခြင်းများမှ ရရှိသည့်အစီရင်ခံစာအဖြေများသည် အရေးကြီးပြီး အဖြေများအပေါ်မူတည်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်ကြရမည်ဖြစ်ကြောင်း။

### ကလေးဘဝ ရက် ၁၀၀၀ ကာလ

ယခုကဲ့သို့ ကနဦးဆန်းစစ်ချက်အစီရင်စာ ပေါ်ထွက်လာအောင် ဝိုင်းဝန်း ကြိုးပမ်းပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကနဦး ဆန်းစစ်ခြင်း၊ ငွေကြေးထောက်ပံ့ပြီးနောက် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ထွက်ပေါ်လာမည့် ရလဒ်များကို ကာလအလိုက်ဆန်းစစ်ခြင်းနှင့် အရေးကြီးပြီး အချိန်ကာလတစ်ခုအထိ စောင့်ရသည့်အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းတို့ကို ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ MCCT လုပ်ငန်းသည် ကလေးဘဝ ရက် ၁၀၀၀ ကာလအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

### ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်

ထို့နောက် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အကောင်အထည်ဖော်မှုဆိုင်ရာ ဆန်းစစ်ချက်ဗီဒီယိုကို ပြသပြီး MCCT အကောင်အထည်ဖော်မှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာစာအုပ်ကို တာဝန်ယူဆောင်ရွက်ပေးခဲ့သော IPE Global Enterprise မှ အဖွဲ့ခေါင်းဆောင်က ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှလူမှုရေးဝန်ကြီးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၂၀ပြည့်နှစ် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား နေပြည်တော် အားကစားကျေးရွာရှိ စားရိပ်သာ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် ကျင်းပသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ဝဲပုံ)**




ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ခေတ္တတည်းခိုနေထိုင်သည့် တည်းခိုဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ အပြန်အလှန်ဖလှယ်နိုင်ရန် ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်ပြီး ကချင်ပြည်နယ်မှ ၆၂ ဦး၊ ကယားပြည်နယ်မှ ၈၀၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၄၀ ၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၀၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၇၉ ဦး၊ စုစုပေါင်း ၄၁၁ ဦး ရောက်ရှိနေကြောင်း သိရသည်။

ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် နေပြည်တော်၏ အထင်ကရနေရာများဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ဗုဒ္ဓဂယာ၊ လွှတ်တော်အဆောက်အအုံ၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ ကျောက်မျက်ရတနာပြတိုက်၊ Junction Center၊ နေပြည်တော်မြို့မဈေး၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော်ရေပန်းဥယျာဉ်တို့ကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး၊ ဓာတ်ပုံ–ထန်းဖုန်**

# ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)စောင့်ကြပ်ကြည့်ရှုမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ ည ၉ နာရီအထိ သံသယလူနာနှစ်ဦးအပါအဝင် လူနာ ကိုးဦးတို့အား ဆေးရုံများတွင် ကုသမှုပေးခဲ့ပြီး လူနာတစ်ဦးမှာ ဓာတ်ခွဲအဖြေတွင် ကိုရိုနာဗိုင်းရပ်စ် မတွေ့ရှိပါသဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့ သံသယလူနာနှစ်ဦးအပါအဝင် စုစုပေါင်းလူနာ ရှစ်ဦးတို့အား ကုသမှု ပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန် ထားသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ဝေဘာဂီအထူးကုဆေးရုံတွင် ဇန်နဝါရီ ၃၁ ရက်က ထားရှိကုသမှုပေးခဲ့သည့် တရုတ်နိုင်ငံသား အသက် (၅၆) နှစ်အရွယ် အမျိုးသားထံမှ နှာခေါင်းတို့ဖတ်နမူနာများရယူပြီး ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဖေဖော်ဝါရီ ၃ ရက်က ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ ထို့အပြင် ဖေဖော်ဝါရီ ၁ ရက်က အဆိုပါဆေးရုံ၌ ထားရှိကုသမှုပေးခဲ့သည့် အသက် (၁၅) နှစ် အရွယ် တရုတ်(တိုင်ပေ)မှ ကလေး (ကျား) တစ်ဦး ကျန်းမာရေးအခြေအနေမှာ ယနေ့ ညနေပိုင်းစစ်ဆေးချက်များအရ တိုးတက်မှုရှိကြောင်း၊ ဖေဖော်ဝါရီ ၃ ရက်က လှိုင်သာယာပြည်သူ့ဆေးရုံမှ လွှဲပြောင်းပေးပို့၍ ဝေဘာဂီအထူးကု ဆေးရုံ၌ ထားရှိကုသမှုပေးခဲ့သည့် တရုတ်နိုင်ငံသား အသက် (၃၂) နှစ်အရွယ် အမျိုးသားတစ်ဦးမှာ အဖျားတက်လာသဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁ ရက်တွင် လှိုင်ကော်ပြည်သူ့ဆေးရုံ၌ ထားရှိကုသမှုပေးခဲ့သည့် မြန်မာနိုင်ငံသားအသက်(၂)နှစ်(၂)လအရွယ် ကလေးငယ် (မ) တစ်ဦး၊ ဖေဖော်ဝါရီ ၁ ရက်တွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ထားရှိကုသမှုပေးခဲ့သည့် တရုတ်နိုင်ငံသား အသက် (၁) နှစ် (၂) လ အရွယ်ရှိ ကလေးငယ် (မ) တစ်ဦး ၊ ဖေဖော်ဝါရီ ၃ရက်တွင် နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံတွင် (သံသယ) လူနာအဖြစ် သတ်မှတ်၍ သီးခြားခန်းတွင် ထားရှိကုသမှုခံယူနေသည့် မြန်မာနိုင်ငံသားအသက် (၄၅)နှစ် အရွယ် အမျိုးသားတစ်ဦး၊ ဖေဖော်ဝါရီ ၂ ရက်တွင် ရခိုင်ပြည်နယ် မင်းပြား ပြည်သူ့ဆေးရုံတွင် (သံသယ) လူနာအဖြစ် သတ်မှတ်၍ သီးခြားခန်းတွင် ထားရှိကုသမှုခံယူနေသည့် မြန်မာနိုင်ငံသား အသက် (၃၈) နှစ် အရွယ်ရှိ အမျိုးသားတစ်ဦး၊ ဖေဖော်ဝါရီ ၂ ရက်တွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ထားရှိ ကုသမှုပေးခဲ့သည့် တရုတ်နိုင်ငံသားအသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် တောင်ကြီးစိတ်စံထွန်း ဆေးရုံကြီးတွင် သီးခြားခန်း၌ ထားရှိကုသမှုခံယူနေသည့် ကိုရီးယားသမ္မတ နိုင်ငံသားအသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးတို့၏ ကျန်းမာရေးအခြေအနေများမှာ ယနေ့ ညနေပိုင်းစစ်ဆေးချက်များအရ ကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေး အဖွဲ့ ပဉ္စမအကြိမ် ညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် မသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်လှထွန်းက ယခု အစည်းအဝေးသည် မသန်စွမ်းသူများ ၏အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့၏ (၅) ကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ပြီးခဲ့ သည့် အစည်းအဝေးများတွင် အစီရင် ခံစာနှင့်ပတ်သက်၍ အခြေခံအချက် များကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံမှ စာမူကြမ်းများ တောင်းခံစုဆောင်းခြင်း၊ တည်းဖြတ် ခြင်း၊ ပုံနှိပ်ခြင်း စသည့်တာဝန်ခွဲဝေမှု နှင့်ပတ်သက်ပြီး ညှိနှိုင်းခဲ့ကြပါ ကြောင်း၊ ယနေ့ အစည်းအဝေး စုဆောင်းရရှိထားသည်များကို သုံးသပ် ပြီး အစီရင်ခံစာ အဆင့်အတန်း ပြည့်မီစွာဖြင့် အချိန်မီထွက်ရှိရေး အတွက်လိုအပ်သည်များကို ပွင့်ပွင့် လင်းလင်း တင်ပြဆွေးနွေးအကြံပြု ပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။




ထို့နောက် ပြန်လည်ထူထောင် ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာ ထွန်းဇော်က နှစ်ပတ်လည်အစီရင်ခံစာ ရေးသား ရေးအဖွဲ့ စတုတ္ထအကြိမ် အစည်း အဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရွှေမင်းသား ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း က နှစ်ပတ်လည်အစီရင်ခံစာ ရေးသား ထုတ်ဝေနိုင်ရေးအတွက် ဝန်ကြီးဌာန များမှ ကဏ္ဍအလိုက် ပေးပို့လာသည့် မူကြမ်းများအား စစ်ဆေးပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက နှစ်ပတ်လည်အစီရင်ခံစာ ရေးသား ထုတ်ဝေနိုင်ရေးနှင့် အချိန်မီပြီးစီးရေး အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြ သည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**သတင်းစဉ်**

# ဝူဟန်မြို့မှ ပြန်လည်ခေါ်ဆောင်လာသည့် ကျောင်းသား ကျောင်းသူ ၅၉ ဦး၏ ကျန်းမာရေးအခြေအနေကောင်းမွန်

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင် သီးသန့်ထားရှိသည့် တရုတ်နိုင်ငံ ဝူဟန်မြို့မှ ပြန်လည်ခေါ်ဆောင်လာသည့် ကျောင်းသား ကျောင်းသူ ၅၉ ဦး၏ ကျန်းမာရေးအခြေအနေမှာ ယနေ့ (တတိယနေ့)အထိ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုများအရ ကောင်းမွန်လျက်ရှိကြောင်း အဆိုပါ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးနေသည့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ကျော်က ပြောကြားသည်။

''ဒီကန်တော်နဒီဆေးရုံမှာ ဝူဟန်မြို့က ပြန်လည်ခေါ်လာတဲ့ ကျောင်းသား ၁၆ ဦး၊ ကျောင်းသူ ၄၂ ဦးနဲ့ သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး စုစုပေါင်း ၅၉ ဦး ရှိပါတယ်။ သူတို့အားလုံးရဲ့ ကျန်းမာရေးအခြေအနေက ဒီနေ့ (တတိယ နေ့)အထိ ကောင်းမွန်ပါတယ်။ တစ်ယောက်မှ အဖျားတက်ခြင်း မရှိတဲ့အပြင် အခြားအဆုတ်လမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေလည်း မတွေ့ရှိ ရပါဘူး။ ဒါ့အပြင် ဒီကျောင်းသားတွေကို ဝူဟန်မြို့က သွားခေါ်တဲ့အခါမှာ လိုက်ပါသွားခဲ့တဲ့ ကျန်းမာရေးဝန်ထမ်း သုံးဦးကိုလည်း ဒီဆေးရုံမှာပဲ ကျောင်းသားတွေနဲ့အတူ ထားရှိပြီး ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှုတွေ လုပ်ပေးနေပါတယ်။ သူတို့ သုံးယောက်ရဲ့ ကျန်းမာရေးအခြေအနေကလည်း ကောင်းမွန်ပါတယ်။ ယေဘုယျအားဖြင့်တော့ သူတို့ကို ပြန်ခေါ်လာတဲ့အခါ သူတို့နဲ့အတူ ရောဂါပိုး ပါလာနိုင်တဲ့ အခြေအနေရှိတဲ့အတွက် သီးသန့်ခွဲခြား ထားတာပဲ ရှိပါတယ်။ သာမန်အားဖြင့် သူတို့ကို ရောဂါရှိတယ်လို့ သတ်မှတ်လို့ မရပါဘူး'' ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အဆိုပါကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို မန္တလေးအထွေထွေရောဂါကု ဆေးရုံ ကြီးမှ ဆေးရုံအုပ် ဦးဆောင်၍ လက်ထောက်ဆရာဝန် လေးဦး၊ သူနာပြု ဆရာမကြီး တစ်ဦး၊ သူနာပြု ခုနစ်ဦးနှင့် အထွေထွေလုပ်သား ရှစ်ဦးတို့ဖြင့် ၁၄ ရက်တိတိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့၏ လတ်တလော စားဝတ်နေရေးများနှင့် လူမှုရေးကိစ္စများကို စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ (SRT) ဥက္ကဋ္ဌမှ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

“ကျောင်းသား ကျောင်းသူတွေကို နေ့စဉ်သာမန်အားဖြင့် အပူချိန်တိုင်းတဲ့ လုပ်ငန်းတစ်ခုကို တိတိကျကျ လုပ်ဆောင်ပေးပါတယ်။ ဒီလုပ်ငန်းကို သူနာပြု ဆရာမက PPE ဝတ်စုံကို အပြည့်အဝဝတ်ဆင်ပြီးမှ ဝင်ရောက်တိုင်းတာ ပါတယ်။ သူတို့မှာ ချောင်းဆိုးတာ၊ ကိုယ်ပူတာ၊ ဖျားတာ တစ်ခုခု မဖြစ်မခြင်း ဘာမှမလုပ်ပါဘူး။ အကယ်၍ ဒီကျောင်းသားတွေထဲမှာ သံသယလူနာ ရှိလာမယ်ဆိုရင် ကျောင်းသားတွေကို ဝူဟန်ကို သွားခေါ်တုန်းက လိုက်ပါ သွားပြီး ဒီဆေးရုံမှာ ကိုယ်တိုင်ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုမှု ခံယူနေတဲ့ သမားတော်တစ်ယောက် ရှိပါတယ်။ ဒီသမားတော်နဲ့ ညှိနှိုင်းပြီး သူကအရင်ဆုံး စစ်ဆေးမှာပါ။ သံသယက ပိုပြီးခိုင်မာလာခဲ့ရင် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးကို သီးသန့်လူနာတင်ယာဉ်နဲ့ ပို့ပေးပြီး အထူးသီးသန့်ခန်းမှာ ထားရှိ ကုသပေးသွားမှာပါ။ မန္တလေးပြည်သူလူထုအနေနဲ့ အများကြီး မစိုးရိမ်ကြဖို့ ပြောချင်ပါတယ်။ စိုးရိမ်တာကို နားလည်ပေမယ့် ပိုပြီးအစိုးရိမ် လွန်ကဲပြရင် အများပြည်သူ အထိတ်တလန့်ဖြစ်မှာကို မလိုလားပါဘူး။ သူတို့ကို အပြင်ပေးမထွက်တဲ့အတွက် ရောဂါပျံ့နှံ့သွားမယ့် အခြေအနေမျိုး မရှိပါဘူး ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)အတွက် သံသယလူနာ တွေ့ရှိခဲ့ ပါက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ခုတင် ၅၅၀ ဆံ့ဆေးရုံ၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးများတွင် သီးသန့် လူနာခန်းများ ထားရှိကုသရန် စီစဉ်ထားရှိပြီး တိုင်းဒေသကြီးအဆင့် စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ (SRT) ကို ဇန်နဝါရီ ၂၇ ရက်က စတင်ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ရေး အတွက် လေကြောင်းလိုင်းအပြင် ကုန်းလမ်း၊ ရေလမ်းများ ဝင်၊ ထွက်ပေါက် များတွင်လည်း စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန် မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၁၀:၃၀ – “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” (ချင်း)
- ၁၂:၃၀ – “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” (ဗမာ)

**ညပိုင်း**

- ၁၆: ၃၅– People Talk “ပြုံးပန်းဝေသီ ဗိုလ်ချုပ်ပိုက်ဆံဆီ”
- ၁၇:၅၀ – “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” (မွန်)
- ၁၈:၂၀ – တက္ကသိုလ်ရာပြည့် ဂုဏ်ပြု Logo(100)+ တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၉:၁၅ – “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” (ရခိုင်)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – ရုပ်ရှင်ရာပြည့် (Promo)
  – မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုရုပ်ရှင် “တခြားကမ္ဘာက ချစ်သူရယ်” (ကျော်ဆွေ၊ ခင်ယုမေ၊ နှင်းဆီ) (ဒါရိုက်တာ– ထင်လင်း)

# MFF ဖူဆယ်လိဂ် ပွဲစဉ် (၁၉) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၉–၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ကို ဖေဖော်ဝါရီ ၅ ရက်**(ယနေ့)** နံနက်ပိုင်းမှစတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ–၂ လှိုင်၌ ဆက်လက်ကျင်းပ သွားမည်ဖြစ်ပြီး VUC နှင့် GV အသင်းတို့မှာမူ ဇယား ထိပ်ပိုင်းမှ အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ် (၁၉) အဖြစ် နံနက် ၈ နာရီခွဲတွင် MIU အသင်းနှင့် လက်ဝဲသုန္ဒရ အသင်း၊ နံနက် ၁၀ နာရီတွင် MFF ယူ–၁၉ အသင်းနှင့် Dream Team အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Do Do Ko Ko အသင်းနှင့် On Doctor အသင်း၊ မွန်းလွဲ ၁ နာရီတွင် ဖူဆယ်ချစ်သူအသင်းနှင့် AMM Brothers အသင်း၊ မွန်းလွဲ ၂ နာရီခွဲ တွင် VUC အသင်းနှင့် မြို့မ JY အသင်း၊ ညနေ ၄ နာရီတွင် GV အသင်းနှင့် Winner အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် VUC နှင့် MIU အသင်းတို့က ၅၂ မှတ်စီရထားပြီး ဂိုးကွာခြား ချက်ဖြင့် VUC အသင်းက ထိပ်ဆုံးမှ ဦးဆောင်နေကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းနှစ်သင်း၏ နောက်တွင် GV အသင်းက ၄၈ မှတ်၊ Winner အသင်းနှင့် On Doctor အသင်းတို့က ၂၉ မှတ်စီ၊ မြို့မ JY အသင်းက ၂၇ မှတ်၊ MFF ယူ–၁၉ အသင်း နှင့် Do Do Ko Ko အသင်းက ၂၂ မှတ်စီ၊ Dream Team အသင်းက ၁၈ မှတ်၊ AMM Brothers အသင်းက ရှစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခြောက်မှတ်၊ ဖူဆယ်ချစ်သူအသင်း က လေးမှတ်ရရှိထားသည်။

ပြိုင်ပွဲပြီးဆုံးရန် လေးပွဲသာလိုတော့ပြီး ပွဲစဉ် (၂၀) မှ (၂၂) အထိ သုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

❂ *ကျောဖုံးမှ*

ဖင်လန်နိုင်ငံတို့၌ ပြိုင်ပွဲများ ယှဉ်ပြိုင် မည်ဖြစ်ပြီး ဧပြီလဒုတိယပတ်တွင် ကျင်းပမည့် ပြိုင်ပွဲအချို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်း လျက်ရှိသည်။

သက်ထားသူဇာ ဝင်ရောက် ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် ပြိုင်ပွဲ များအနက် ပေါ်တူဂီနိုင်ငံ၌ ကျင်းပမည့် HSBC BWF World Tour Super 300 ပြိုင်ပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ၊ ပိုလန်နိုင်ငံ၌ ကျင်းပမည့် International Challenge ကြက်တောင်ပြိုင်ပွဲကို မတ် ၂၆ ရက်မှ ၂၉ ရက်အထိ၊ ဖင်လန်နိုင်ငံ၌ ကျင်းပ မည့် International Challenge ကြက်တောင်ပြိုင်ပွဲကို ဧပြီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဧပြီလ နောက်ဆုံးပတ်တွင် ရွေးချယ်မည် ဖြစ်ပြီး သက်ထားသူဇာအနေဖြင့် ပြိုင်ပွဲများယှဉ်ပြိုင်ကာ ဝင်ခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ သက်ထား သူဇာသည် လက်ရှိတွင် ရန်ကုန်မြို့၌ လေ့ကျင့်မှုများ ပြုလုပ်လျက် ရှိသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အမ်ဘတ်ပီကို ခေါ်ယူရန် ရီးရဲမက်ဒရစ် အဆင်သင့်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် အသက် ၂၁ နှစ်အရွယ် အမ်ဘတ်ပီကို ခေါ်ယူရန် အဆင်သင့်ရှိနေကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်များတွင် ဖော်ပြ ထားသည်။

**ဝီလီယံ ချယ်လ်ဆီးအသင်း၌သာ စာချုပ်သစ်ချုပ်ဆိုဖွယ်ရှိ**

ဘရာဇီးတောင်ပံကစားသမား ဝီလီယံ (၃၁နှစ်) သည် စပိန်ချန်ပီယံ ဘာစီ လိုနာအသင်းထက် ချယ်လ်ဆီးအသင်း၌သာ စာချုပ်သစ်ချုပ်ဆိုသွားဖွယ် ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆန်ချိုကို နွေရာသီတွင် ခေါ်ယူရန် လီဗာပူး ဆန္ဒရှိ**

လီဗာပူးအသင်းသည် ဒေ့ါမွန်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဆန်ချို (၁၉နှစ်) ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**စီးရီးအေ ဂိုးအများဆုံးသွင်းယူသူစာရင်းတွင် အင်မိုဘိုင်း ဦးဆောင်**

အီတလီစီးရီးအေ၏ ထိပ်ဆုံးဂိုးသွင်းသူများစာရင်းတွင် လာဇီယိုအသင်းမှ အင်မိုဘိုင်းက ၂၅ ဂိုးဖြင့် ဦးဆောင်နေပြီး ဂျူဗင်တပ်စ်အသင်းမှ စီရော် နယ်ဒိုက ၁၉ ဂိုး၊ အင်တာမီလန်အသင်းမှ လူကာကူက ၁၆ ဂိုးဖြင့် ၎င်းနောက်တွင် ရပ်တည်နေသည်။

**ဂိုးသမားသစ်တစ်ဦးခေါ်ယူရန် ဖရန့်လမ်းပတ် ဆန္ဒရှိ**

ချယ်လ်ဆီးနည်းပြ ဖရန့်လမ်းပတ်သည် အသင်းမှ အသက်(၂၅ နှစ်)အရွယ် စပိန်ဂိုးသမား ကီပါသည် စွမ်းဆောင်ရည်ကျဆင်းလာသည့်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဂိုးသမားသစ်တစ်ဦးခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်ရွေးချယ်ပွဲတွင် အနိုင်ရရှိသူကိုကြေညာရန် ကြန့်ကြာလျက်ရှိ

**အိုင်အိုဝါ ဖေဖော်ဝါရီ ၄**
အမေရိကန်ပြည်ထောင်စု အိုင်အိုဝါပြည်နယ်ရှိ ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်ရွေးချယ်ပွဲတွင် မည်သူအနိုင်ရရှိခဲ့သလဲဆိုသည့်ရလဒ်ကို အမေရိကန်မဲဆန္ဒရှင်များက သိလိုစိတ်ပြင်းပြနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၄ ရက်က ဖော်ပြခဲ့သည်။

အနိုင်အရှုံးရလဒ်သည်နာရီပေါင်းများစွာ ကြာမြင့်ခဲ့ကြောင်း၊ ပါတီအရာရှိများက အရည်အသွေးလက္ခဏာရပ်များကိုထိန်းချုပ်နေရခြင်းသည်လည်း ယခုလိုကြန့်ကြာခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်ရွေးချယ်မှုကို အိုင်အိုဝါပြည်နယ်တစ်ဝန်းနေရာပေါင်း ၁၇၀၀ တွင် ယမန်နေ့က ဒေသစံတော်ချိန် ည ၇ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းရွေးချယ်ပွဲသည် ပင်မရွေးကောက်ပွဲအတွက် အရေးကြီးသောရွေးချယ်ပွဲဖြစ်သလို အားကောင်းသောနိုင်ငံရေးထိုးနှက်ချက်တစ်ခုလည်း ဖြစ်လာနိုင်သည်။

အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီဆက်သွယ်ပြန်ကြားရေး ညွှန်ကြားရေးမှူးက ပါတီအရာရှိများသည် ယခုရွေးချယ်ပွဲတွင် ရှေ့နောက်မညီညွတ်မှုရှိနေသည်ကို တွေ့ရသည့်အတွက် ရလဒ်ကြေညာရန်ကြန့်ကြာနေခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ရီပတ်ဘလစ်ကန်ပါတီကိုယ်စားလှယ်လောင်းဖြစ်လာမည်ဟု ယူဆရသူ လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်ရန် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

အိုင်အိုဝါလူထုစစ်တမ်းများအရ ထိပ်တန်းပြိုင်ပွဲဝင်များမှာ အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်၊ ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်၊ ဘန့်ဒ်တောင်ပိုင်း မြို့တော်ဝန် ပီတီဘွတ်တီဂက်နှင့် အထက်လွှတ်တော်အမတ် အဲလိဇဘတ်ဝါရန်တို့ဖြစ်ကြောင်း သိရသည်။

အိုင်အိုဝါပြည်နယ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသူသည်သမ္မတရာထူးအတွက် လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ယခင် ၂၀၀၈ ခုနှစ် အိုင်အိုဝါပြည်နယ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဘားရက်အိုဘားမားနှင့် ၂၀၀၄ ခုနှစ်တွင် အနိုင်ရရှိခဲ့သည့် ဂျွန်ကယ်ရီတို့သည် အမေရိကန်သမ္မတအဖြစ် ယှဉ်ပြိုင်ရန် ပါတီ၏ ရွေးကောက်ခြင်းကို ခံခဲ့ရသည်။

ရီပတ်ဘလစ်ကန်ပါတီက အိုင်အိုဝါ ကိုယ်စားလှယ်လောင်းမှာ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဖြစ်ကြောင်း ပြောကြားထားသည်။

အင်န်အိတ်ချ်ကေ



ထိပ်တန်းပြိုင်ပွဲဝင် တစ်ဦးဖြစ်သည့် အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်ကို တွေ့ရစဉ်။

## နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်းတွင် သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ၂၆ ဦးသေဆုံး

**အဘူဂျာ ဖေဖော်ဝါရီ ၄**
နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း ပလက်တူဒေသ၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် လူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ယမန်နေ့တွင် ပြောသည်။

အဆိုပါ ဒေသရှိနေရာနှစ်ခုတို့တွင် သေနတ်သမားများက တိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၁၉၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။

ဘိုကိုကိုနှင့်မန်ဂူတို့ရှိ လူမှုအဖွဲ့အစည်းငါးခုထက်မနည်း ပြင်းထန်စွာ တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။ တိုက်ခိုက်မှုအတွင်း လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။

ကွာတက်စ်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် ၁၄ ဦးသေဆုံးပြီး ဆာဘွန်ဘာကီ၌ လေးဦး၊ ချန်ဂက်၌ တစ်ဦးနှင့် မာရစ်လူမှုအဖွဲ့အစည်း၌ ခုနစ်ဦးသေဆုံးခဲ့သည်။ တိုက်ခိုက်မှုနှင့်ဆက်နွှယ်နေသည့် သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ဆင်ဟွာ


သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

## ဆီးရီးယားနှင့်တူရကီတို့အကြား တိုက်ပွဲကြောင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးကို ခြိမ်းခြောက်ဟု ကုလသမဂ္ဂရှုမြင်

**ဂျီနီဗာ ဖေဖော်ဝါရီ ၄**
တူရကီနှင့် ဆီးရီးယားတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပေါ်ခဲ့ရာ ယင်းဖြစ်ရပ်ကြောင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်နေသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထင်မြင်ယူဆကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင်ဒူဂျာရစ်က ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

ရန်လိုမှုများကိုလည်း ချက်ချင်း အဆုံးသတ်ပေးရန် တောင်းဆိုကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။ တူရကီနှင့်ဆီးရီးယားတပ်ဖွဲ့ဝင်များအကြား အချင်းများမှုကြောင့် တူရကီတပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးခဲ့ပြီး ဆီးရီးယားဘက်မှ တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည်။

တင်းမာမှုများ မြင့်တက်လာသည့်အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာမည်ကိုလည်း စိုးရိမ်မိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရပ်သားများ သေကျေပျက်စီးသည့် သတင်းများကို ကြားသိရ၍ စိုးရိမ်ရသကဲ့သို့ ဆီးရီးယားအစိုးရ၏ ထိုးစစ်ကြောင့် အရပ်သားများ ပြောင်းရွှေ့နေထိုင်ရသည့်အတွက်ကြောင့်လည်း စိုးရိမ်မှုများမြင့်တက်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီဒလစ်ပြည်နယ်နှင့် အနီးအနားပတ်ဝန်းကျင်ဒေသများမှ အရပ်သား ၃ သန်းကျော်၏ လုံခြုံစိတ်ချရမှုအတွက်လည်း ကုလသမဂ္ဂက တပ်လှန့်နှိုးဆော်ထားသည်။

ဆင်ဟွာ

## အာရှတစ်ဝန်းရှိပြည်သူများ ကိုရိုနာဗိုင်းရပ်စ် ကြောက်လန့်စိတ် လွှမ်းမိုးလာ

**ပေကျင်း ဖေဖော်ဝါရီ ၄**
ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုသည် ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သောကြောင့် ယခုအခါတွင် ကိုရိုနာဗိုင်းရပ်စ်ကြောက်လန့်စိတ်လွှမ်းမိုးလာခဲ့ကြောင်း၊ အထူးသဖြင့် အာရှတစ်ဝန်းရှိ ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့်သံသယစိတ်များ မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၂ ရက်က ဖော်ပြခဲ့သည်။

လတ်တလောတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၄၂၆ ဦး အထိ မြင့်တက်လာခဲ့ကြောင်း သိရပြီး ၄၂၅ ဦးမှာ တရုတ်နိုင်ငံမှဖြစ်ကာ ကျန်တစ်ဦးမှာ ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်ကြောင်း သိရသည်။

ဟူဘေးပြည်နယ်တစ်ခုတည်းတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၆၄ ဦးအထိရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကိစ္စကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ပြည်သူ့ဝေဖန်မှုများမြင့်တက်လာသည့်အတွက် ဒေသဆိုင်ရာတာဝန်ရှိသူ ၄၀၀ ကိုလည်း တရုတ်က အရေးယူမှုများပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဟောင်ကောင်တွင် အသက် ၃၉ နှစ်အရွယ်အမျိုးသားတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ကြောင်းနှင့်ယခုအခါတွင် ၂၀၀၀၀ နီးပါး ရောဂါပျံ့နှံ့ကူးစက်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အေအက်ဖ်ပီ၊ စီအင်န်အေ

## အဲကနေဒါ လေကြောင်းလိုင်း မက်ဒရစ်မြို့တွင် အရေးပေါ် ဆင်းသက်

**မက်ဒရစ် ဖေဖော်ဝါရီ ၄**
အဲကနေဒါဘိုးရင်း ၇၆၇လေယာဉ်သည် မက်ဒရစ်မြို့ရှိ အဒေ့ါဖို ဆွာရက်ဇ် ဘာရာဂျက်စ်လေဆိပ်တွင် ဖေဖော်ဝါရီ ၃ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။ ပျံတက်နေစဉ်အတွင်း အင်ဂျင်တစ်လုံးနှင့် လေယာဉ်ဘီးအုံတို့တွင် ချွတ်ယွင်းမှုများပေါ်ပေါက်ခဲ့သည့်အတွက် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

**တိုရွန်တိုသို့ ဦးတည်**

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ခရီးသည် ၁၂၈ ဦးကို တင်ဆောင်လာသည့် အဲကနေဒါလေကြောင်းလိုင်းသည် မက်ဒရစ်မြို့မှ ထွက်ခွာလာပြီး တိုရွန်တိုမြို့သို့ ဦးတည်ပျံသန်းခဲ့ခြင်း ဖြစ်သည်။

လေယာဉ် ပျံတက်နေစဉ် လေယာဉ်ဘီးတစ်လုံးမှာ ပေါက်ကွဲထွက်ခဲ့ပြီး တာယာအပိုင်းအစများမှာ လေယာဉ်အင်ဂျင်နှစ်လုံးအနက် ဘယ်ဘက်အင်ဂျင်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

**ခရီးသည်များအား အကြောင်းကြား**

အဆိုပါ ဖြစ်စဉ်ဖြစ်ပြီးနောက် လေယာဉ်မှာ ဘရက်ဂျက်စ် လေဆိပ်သို့ ပြန်သွားရမည်ဖြစ်ကြောင်း၊ လေယာဉ်မှာ ဆီအပြည့်ရှိကြောင်း၊ ဆင်းသက်သည့်အခါ ပိုမိုသက်သောင့်သက်သာဖြစ်စေရန် ကြိုးစားအားထုတ်သွားမည် ဖြစ်ကြောင်း လေယာဉ်မှူးက ခရီးသည်များကို အသိပေးပြောကြားခဲ့သည်။

**တိုက်ရိုက်ထုတ်လွှင့်**

လေယာဉ်ပြေးလမ်းဘေးတွင် အရေးပေါ် ကယ်ဆယ်ရေးယာဉ်များ စောင့်ဆိုင်းနေစဉ် ဒေသစံတော်ချိန် ည ၇ နာရီ ၁၀ မိနစ်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းအဖြစ်အပျက်ကို ကနေဒါနိုင်ငံ၏ ရုပ်သံလိုင်းများတွင် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ဆင်ဟွာ


လေယာဉ်အရေးပေါ်ဆင်းသက်ပြီးနောက် ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းလာသည်ကို တွေ့ရစဉ်။

# အကြမ်းဖက်မှုအတွက် ပြစ်ဒဏ်ကျခံခြင်း တရားစီရင်မှုပြန်လည်ပြင်ဆင်ရန် ဗြိတိန်ကြိုးစား

........... ခြူးစန္ဒီဇွေး ...........

လန်ဒန်တောင်ပိုင်း စထရက်သန်မှာ လူနှစ်ယောက် ဓားထိုးခံရပြီးတဲ့နောက်မှာတော့ ဗြိတိန်နိုင်ငံအနေနဲ့ အကြမ်းဖက်မှုအတွက် ပြစ်ဒဏ်စီရင်မှုကို ပြင်ဆင်မှု ပြုလုပ်သွားဖို့ ဖြစ်လာခဲ့ပါတယ်။ အကြမ်းဖက်မှုအပေါ် ပြစ်ဒဏ်စီရင်မှုနဲ့ ပတ်သက်ပြီး ဗြိတိန်နိုင်ငံမှာ အရေးပေါ် ပြင်ဆင်မှုတွေ ပြုလုပ်ဖို့ ဖေဖော်ဝါရီ ၄ ရက်မှာ အသိပေးခဲ့ပါတယ်။

**ပြင်ဆင်ဖို့ဖြစ်လာ**

မကြာသေးမီကမှ အကျဉ်းထောင်ကနေလွတ်လာတဲ့ အစွန်းရောက်သမားတစ်ဦးဟာ လူနှစ်ယောက်ကို ဓားနဲ့လိုက်ထိုးတဲ့ဖြစ်ရပ်ကြောင့် ဗြိတိန်နိုင်ငံအနေနဲ့ အကြမ်းဖက်သမားနဲ့ပတ်သက်တဲ့ ဥပဒေကိုပြင်ဆင်ဖို့ ဖြစ်လာခဲ့ပါတယ်။ ဓားနဲ့လိုက်လံတိုက်ခဲ့တဲ့သူဟာ အိုင်အက်စ်အုပ်စုနဲ့ ဆက်နွှယ်မှုရှိတယ်လို့လည်း ပြောဆိုကြပါတယ်။ ဗြိတိန်မှာဆိုရင် အကြမ်းဖက်မှုကျူးလွန်သူဟာ သူတို့ရဲ့ ပြစ်ဒဏ်ရဲ့ တစ်ဝက်ကိုခံယူပြီးတဲ့နောက်မှာ ပြန်လွှတ်ပေးတဲ့အစီအစဉ်ရှိပါတယ်။ အခုလို ထောင်ကနေ လွတ်လာတဲ့အကြမ်းဖက်သမားတစ်ဦးဟာ ဓားနဲ့တိုက်ခိုက် မှုဖြစ်လာတဲ့အခါမှာတော့ အဲဒီအစီအစဉ် အဆုံးသတ်ဖို့အတွက် အရေးပေါ်ဥပဒေပြဋ္ဌာန်းသွားဖို့ တရားရေးဝန်ကြီး ရောဘတ် ဘတ်ခ်လန်းက ကတိပြု ပြောကြားခဲ့ပါတယ်။

**အိုင်အက်စ်တိုက်ခိုက်ရေးသမားလား**

အခုလိုမျိုးစောစီးစွာ အကျဉ်းထောင်ကနေ လွှတ်ပေးလိုက်ခြင်းဖြင့် အန္တရာယ်ဖြစ်စေနိုင်မှုရှိမရှိကို အကဲဖြတ် စစ်ဆေးမယ်လို့လည်း သူကဆက်ပြောပါတယ်။ ပြစ်ဒဏ်ကျခံနေတဲ့ အကျဉ်းသားတွေအနေနဲ့လည်း အရင်လိုမဟုတ်တဲ့ စည်းမျဉ်းတွေနဲ့ကြုံတွေ့ရမှာပဲ ဖြစ်ပါတယ်။ အခုဆိုရင် ပြစ်မှုကျူးလွန်ထားသူတစ်ယောက်ဟာ သူကျခံရမယ့်ပြစ်ဒဏ်ရဲ့ သုံးပုံနှစ်ပုံကို ကျခံပြီးမှသာ ပြန်လွှတ်ပေးဖို့ စဉ်းစားပေးမှာဖြစ်ပါတယ်လို့ တရားရေးဝန်ကြီးက ပါလီမန်အမတ်တွေကိုပြောပါတယ်။ ဆူဒတ်အမန်လို့ ခေါ်တဲ့ အကြမ်းဖက်သမားဟာ အသေခံဗုံးခွံ ဝတ်စုံအတုကို ဝတ်ဆင်ထားပြီး လန်ဒန်မြို့ တောင်ပိုင်း စထရက်သန်မှာ လူနှစ်ဦးကို ဓားနဲ့လိုက်ထိုးခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ သူ့ကို အသေပစ်ခတ် ဖမ်းဆီးခဲ့ရပါတယ်။ အိုင်အက်စ်တို့အတွက် ဝါဒဖြန့်ပေးသူတွေကတော့ အမန်ဟာ အိုင်အက်စ်တိုက်ခိုက်ရေးသမားဖြစ်တယ်လို့ ဖော်ပြခဲ့ကြပါတယ်။

**အလားတူဖြစ်ရပ်မျိုးကြုံတွေ့ဖူး**

ဂျီဟတ် အုပ်စုကိုနှိမ်နင်းတဲ့အခါမှာ မဟာမိတ်အနေနဲ့ ပူးပေါင်းပါဝင်ခဲ့တဲ့နိုင်ငံတွေမှာ ပြန်လည်လက်တုံ့ပြန်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့တာပဲဖြစ်ပါတယ်။ အမန်ဟာ လွန်ခဲ့တဲ့သီတင်းပတ်ကမှ ထောင်ကနေလွတ်မြောက်လာသူလည်းဖြစ်ပါတယ်။ သူဟာ အကြမ်းဖက်မှုနဲ့ ဆက်စပ်တဲ့ အချက်အလက်တွေကိုဖြန့်ဝေမှု၊ လက်ဝယ်ထားရှိမှုနဲ့ အပြစ်ပေးခံရသူလည်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်လခန့်ကလည်း အလားတူအဖြစ်အပျက်မျိုး ဖြစ်ပွားခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း အကြမ်းဖက်မှုနဲ့ အဖမ်းခံရပြီး စောစီးစွာ ပြန်လွှတ်ပေးခံရသူ အက်စမန်ခန် ဟာ လန်ဒန်တံတားအနီးမှာဓားဖြင့် တိုက်ခိုက်မှုကျူးလွန်ခဲ့တဲ့အတွက် ရဲတွေက အသေပစ်ခတ်ဖမ်းဆီးခဲ့ရပါတယ်။ အက်စမန်ခန်ဟာ အကျဉ်းသားများပြန်လည်ထူထောင်ရေးဆွေးနွေးပွဲ တက်ရောက်အပြီးမှာတော့ လူနှစ်ဦးကို ဓားနဲ့ထိုးသတ်ခဲ့ပါတယ်။



ဆူဒတ်အမန်နေထိုင်ခဲ့သည့် အဆောင်တွင် ရဲများရှာဖွေမှုပြုလုပ်နေစဉ်။

**ပြစ်ဒဏ်ကျခံမှုစနစ် ပိုမိုကောင်းမွန်ဖို့လို**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကတော့ အမန်ကို ပြန်လွှတ်ပေးတာနဲ့ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့ပါတယ်။ ပြစ်ဒဏ်ကာလမစေ့မီ ပြန်လွှတ်ပေးရမယ့်အထဲမှာ အမန်မပါဝင်ဘဲ ဘာကြောင့်ပြန်လွှတ်ပေးခဲ့တာလဲလို့ မေးမြန်းခဲ့ပါတယ်။ နောက်ပြီးအကျဉ်းထောင်အတွင်းနဲ့ အပြင်ဘက်မှာ အစွန်းရောက်ဝါဒလျှော့ချရေးအတွက် လုပ်ဆောင်မှုတွေမှာ ထိရောက်မှုရှိပါသလားဆိုတဲ့ သံသယတွေလည်း မြင့်တက်လာခဲ့ပါတယ်။ ပင်ပန်းကြီးစွာ စောင့်ကြည့်ထောက်လှမ်းရတဲ့ စနစ်မျိုးကို ပြန်မသွားချင်ဘူး။ ဒါကြောင့်ပြစ်ဒဏ်ကျခံမှုနဲ့ ပတ်သက်တဲ့စနစ်တွေမှာ ပိုမိုကောင်းမွန်လာဖို့လိုအပ်တယ်လို့ ဗြိတိန်ဝန်ကြီးချုပ်က သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ လန်ဒန်တံတားအနီးမှာ တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက်မှာတော့ အကြမ်းဖက်မှုကို အနည်းဆုံးထောင်ဒဏ် ၁၄ နှစ်ထိချမှတ်ဖို့ တင်းကျပ်ခဲ့ပါတယ်။ နောက်ပြီးတော့ အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးအတွက်လည်း ရန်ပုံငွေ ပိုမိုပေးဖို့ ပြုလုပ်ခဲ့ပါတယ်။

**အစွန်းရောက်သူဖြစ်လာ**

အမန်ကတော့ ၂၀၁၈ ဒီဇင်ဘာလအတွင်းမှာ ထောင်ဒဏ်သုံးနှစ်နဲ့ လေးလကျခံဖို့ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပါတယ်။ စထရက်သန်မှာရှိတဲ့ ပြန်လည်လွတ်မြောက်လာတဲ့ အကျဉ်းသားတွေကိုထားရှိတဲ့ အဆောင်မှာနေထိုင်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ကတော့ သူ့ကိုပြန်လွှတ်ပေးခဲ့ပေမယ့် ဒီအတိုင်းမထားပါဘူး၊ စောင့်ကြည့်ဖို့ အရာရှိတွေလွှတ်ထားတယ်လို့ပြောပါတယ်။ အမန်ဟာဈေးချိုတဲ့ကုန်ပစ္စည်းဆိုင်ကနေ ဓားခိုးယူခဲ့ပြီးအမျိုးသားတစ်ဦးနဲ့အမျိုးသမီးတစ်ဦးကို တိုက်ခိုက်ခဲ့ပါတယ်။ အမန်ရဲ့မိခင်ဖြစ်သူကတော့ သူ့ရဲ့သားဟာ ယဉ်ကျေးတဲ့ လူငယ်တစ်ယောက်ပါလို့ စကိုင်းနယူးစ်နဲ့ အင်တာဗျူးမှာဖြေခဲ့ပါတယ်။ ဟယ်လီမာ ဖရက်ဇ်ခန်ကတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း သားဖြစ်သူဆီကိုသွားတွေ့တဲ့အခါ ပုံမှန်အတိုင်းပဲ ရှိနေတယ်လို့ ပြောပါတယ်။ ဖရက်ဇ်ခန်ကတော့ သီရိလင်္ကာကနေ ပြောင်း ရွှေ့လာသူလည်းဖြစ်ပါတယ်။ သူ့သားဟာ အကျဉ်းထောင်ထဲမှာ အစွန်းရောက်ပုဂ္ဂိုလ်ဖြစ်လာခဲ့တယ်လို့ ပြောပါတယ်။

**ရှာဖွေမှုများပြုလုပ်**

သားဖြစ်သူ အမန်ထောင်ထဲကို မရောက်ခင်တုန်းက အမန်ဟာ ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက် မဟုတ်ပါဘူး။ ထောင်ထဲကလည်း ထွက်လာရော ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက် ဖြစ်လာတယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။ သူဓားနဲ့ထိုးခဲ့တဲ့အသက် ၄၀ ဝန်းကျင်အရွယ်ရှိ အမျိုးသားကတော့ ဒဏ်ရာပြင်းထန်ပေမယ့် အသက်အန္တရာယ်စိုးရိမ်ရတဲ့အခြေအနေ မရှိဘူးလို့ သိရပါတယ်။ အသက် ၅၀ ဝန်းကျင် အမျိုးသမီးကတော့ ဆေးရုံကနေ ဆင်းသွားပါပြီ။ တတိယမြောက်ထိခိုက်သွားတဲ့လူကတော့ အသက် ၂၀ ဝန်းကျင် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ သူကတော့ သေနတ်ပစ်ခတ်ရာမှ မှန်ကွဲစထိမှန်ပြီး ဒဏ်ရာရရှိခဲ့တာပါ။ အခုအခါမှာတော့ အသေးစားဒဏ်ရာလေးတွေကိုကုသပေးခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးအရာရှိတွေကတော့ အမန်နေထိုင်သွားတဲ့နေရာတွေမှာ ရှာဖွေမှုတွေပြုလုပ်နေပါတယ်။ သူ့ရဲ့ နေအိမ်မှာရော အဆောင်မှာပါ ရှာဖွေမှုတွေ ပြုလုပ်နေပါတယ်။

**အခွင့်အရေးမပေးနိုင်**

အကြမ်းဖျင်းအားဖြင့်တော့ လန်ဒန်မြို့မှ လူ ၇၀ ကျော်ဟာ အကြမ်းဖက်မှုနဲ့ ပြစ်ဒဏ်ကျခံရပြီး ပြစ်ဒဏ်ကျခံပြီးနောက် ပြန်လည်လွတ်မြောက်သွားကြပြီလို့ လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်က ပြောပါတယ်။ “အကြမ်းဖက်သမားတွေဟာ လူတွေကို ခွဲခြားပစ်ဖို့၊ လန်ဒန်မြို့မှာ ဘဝရှင်သန်ရပ်တည်နေတာတွေကို ဖျက်ဆီးဖို့ ကြိုးပမ်းနေကြတယ်။ သူတို့ကို အောင်မြင်အောင်လုပ်ဖို့အခွင့်အရေးမပေးနိုင်ဘူး’’ လို့ လန်ဒန်မြို့တော်ဝန်က ဆက်ပြောပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကလည်း ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားရာမှာ အရေးပေါ် ကယ်ဆယ်မှုတွေ ပြုလုပ်ခဲ့တဲ့အဖွဲ့ကို ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။

**လွယ်ကူသောအရာမဟုတ်**

အကြမ်းဖက်မှုကို ကာကွယ်ဖို့ဆိုတာ တကယ်တမ်းမှာတော့ လွယ်ကူတဲ့အလုပ်မဟုတ်ပါဘူး။ သံသယရှိသူကိုစောင့်ကြည့်သင့်သလား၊ ဘယ်လိုမျိုးအနေအထား ရောက်တဲ့အခါ ဖမ်းဆီးမှုပြုလုပ်သင့်သလဲ၊ ဖမ်းဆီးမှုပြုလုပ်ဖို့ အတွက် ဘယ်လိုသက်သေအထောက်အထားတွေလိုအပ်မလဲ ။ဒါတွေအားလုံးကတော့ဆုံးဖြတ်ရခက်တဲ့ မေးခွန်းတွေပါပဲ။ **ကိုးကား – အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ကမ္ဘောဒီးယားနိုင်ငံရှိ ဘုရားကျောင်းတစ်ခု၌ ရှေးဟောင်း ခြသေ့်ရုပ်တု တူးဖော်တွေ့ရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၄

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဘန်တီမင်ချေပြည်နယ်ရှိ ဘုရားကျောင်းအဆောက်အအုံတစ်ခုအတွင်း၌ ရှေးခေတ်ရေကန်တစ်ခုကို တူးဖော်ခဲ့မှုအတွင်း ရှေးဟောင်း ခြသေ့်ရုပ်တုတစ်ခုကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြောင်း ယဉ်ကျေးမှုအာဏာပိုင်တစ်ဦးက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားခဲ့သည်။

သက်ရှိခြသေ့်တစ်ကောင်ထက် အရွယ်အစားကြီးမားသည့် အဆိုပါခြသေ့်ရုပ်တုကို ရှေးဟောင်းအမွေအနှစ်ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် အမှတ်မထင်တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းအမွေအနှစ်ဌာနခွဲမှ ညွှန်ကြားရေးမှူးချုပ် ပတ်ဆိုဗန်နာရာက ပြောကြားခဲ့ကြောင်းသိရသည်။

ဆင်ဟွာ

### ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရှိမရှိ ရှာဖွေသိရှိနိုင်မည့် စမ်းသပ်ကိရိယာထုတ်လုပ်ရန် စတင်ဆောင်ရွက်နေကြောင်း ရှင်ဇိုအာဘေးပြော

တိုကျို ဖေဖော်ဝါရီ ၄

ဗိုင်းရပ်စ်ကူးစက်မှုအခြေအနေကို မြန်မြန်ဆန်ဆန်ရှာဖွေသိရှိနိုင်စေရန် ကြိုးပမ်းသည့်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရခြင်းရှိမရှိ သိနိုင်မည့် စမ်းသပ်ကိရိယာထုတ်လုပ်နိုင်ရေး ဂျပန်နိုင်ငံက စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် နိုင်ငံအတွင်း စစ်ဆေးမှုများကိုလည်း ပိုမိုအရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖေဖော်ဝါရီ ၃ ရက်က အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီသို့ ပြောကြားခဲ့ကြောင်း သိရသည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် လူမှုအဖွဲ့အစည်းများအတူ ပူးပေါင်းလျက် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်တိုင်းတာမှုများလုပ်ဆောင်ရန် မူဘောင်တစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်းအာဏာပိုင်များက ပြောသည်။

ကူးစက်ရောဂါများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက် အစိုးရ၏ အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို စဉ်ဆက်မပြတ် ပြင်ဆင်မွမ်းမံမှု များလုပ်ဆောင်ရန် အရေးကြီးကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# တနင်္သာရီတိုင်းဒေသကြီး၌ အမှိုက်စီမံခန့်ခွဲမှု ဆရာဖြစ်သင်တန်း ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်

**ထားဝယ် ဖေဖော်ဝါရီ ၄**

အမှိုက်စီမံခန့်ခွဲမှု ဆရာဖြစ်သင်တန်း ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က အမှိုက်စီမံခန့်ခွဲမှုဆရာဖြစ်သင်တန်းကို ထားဝယ်မြို့၌ ပထမဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းမှ ရရှိလာသော အသိပညာများကို ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ပြန်လည်ချပြ အသိပေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထားဝယ်မြို့သည် အာဆီယံနိုင်ငံများအတွင်း အသန့်ရှင်းဆုံးမြို့ဆု ရရှိထားသဖြင့် မြို့သန့်ရှင်းသာယာလှပရေး ဆက်လက်ထိန်းသိမ်းရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုက မိမိမြို့သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် Clean Dawei မှ ဦးအောင်နိုင်ဦးက အမှိုက်စီမံခန့်ခွဲမှုဆရာဖြစ် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူ ၄၈ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် အမှိုက်စီမံခန့်ခွဲမှု ဆရာဖြစ်သင်တန်း ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ ကျောက်ကလပ်စေတီတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# သမိုင်းဝင်ကျောက်ကလပ်စေတီတော် မုခ်ဦးဖွင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရဲသာကျေးနယ် လှိုင်ကျေးရွာ ကျောက်ကလပ် မြတ်ဗုဒ္ဓစေတီတော်၏ သီရိရတနာမြတ်ဗုဒ္ဓမုခ်ဦးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ၊ ဆရာတော်၊ သံဃာတော်များ၊ မုခ်ဦးမတည်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ကျောက်ကလပ်ဂေါပကအဖွဲ့ဝင် ဦးစောမောင်လှိုင်က သီရိရတနာမြတ်ဗုဒ္ဓမုခ်ဦး စာတမ်းကိုဖတ်ကြားပြီး ကျောက်ကလပ်ဆရာတော် ဘဒ္ဒန္တဝိမလ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် မတည်အလှူရှင် ဒေါ်မြတင်တို့က မုခ်ဦးအတွင်း ဝင်ရောက်၍ ကျောက်ကလပ်စေတီတော်သို့ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါမုခ်ဦးကို ကျောက်ကလပ်ဆရာတော်၊ စေတနာရှင် ဒါယကာ ဒါယိကာမများက ရတနာပုံခေတ် နန်းမြို့မုခ်ဦးပုံစံကို မှီငြမ်း၍ မန္တလေးမြို့မှ ဗိသုကာပညာရှင်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ် စီးပွားရေးနှင့် မကွေးအနာဂတ် ဟောပြောပွဲ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၄**

မကွေးမြို့ရှိ လက်လီလက်ကား စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ် ကျင်းပသည့် ၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ် စီးပွားရေးနှင့် မကွေးအနာဂတ် အခမ့်ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အားပေးကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဟောပြောပွဲတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကိုယ်ပိုင် KK Private Company အား ၂၀၁၁ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကုန်သွယ်မှုပြုလုပ်နေရင်း မြန်မာနိုင်ငံမှာ နှစ်ရှည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေသူဖြစ်သည့် ဦးကျော်ကျော်ထွန်းက တိုင်းဒေသကြီး၏ လက်လီလက်ကား ရောင်းဝယ်မှု စီးပွားရေးသည် ၂၀၂၀ အလွန်တွင် တစ်ရှိန်ထိုး ကောင်းမွန်လာမည်ဟု ပြောင်းလဲနေသည့် မြန်မာနိုင်ငံ၏ လူနေမှုဘဝပုံစံ၊ ဝယ်ယူသူများ၏ ဝယ်ယူမှုပုံစံသစ်များနှင့် တစ်ဟုန်ထိုးပြောင်းလဲနေပြီဖြစ်သည့် ဒစ်ဂျစ်တယ်အွန်လိုင်း စီးပွားရေးကို "မိတ်ဆွေ သတိထား မိပါသလား" စသည့် ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။ တိုင်းဒေသကြီး၏ လုပ်ငန်းနယ်ပယ်များအတွက် အမှန်တကယ် အကျိုးရှိစေမည့် နောက်ဆုံးပေါ် ဒစ်ဂျစ်တယ်စီးပွားရေး ဗဟုသုတနှင့် ပြောင်းလဲလာတော့မည့် ၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မကွေးအနာဂတ် မိမိလုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ လုပ်နိုင်ရန်ရည်ရွယ် ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ၂၀၂၁ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ၁၀၀ ရာခိုင်နှုန်း မီးလင်းရန် စီမံဆောင်ရွက်ထား

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၇၉၉ ရွာရှိပြီး ၂၀၁၆ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၁၈၂၈ ရွာ ရာခိုင်နှုန်းအားဖြင့် ၃၈ ရာခိုင်နှုန်းသာ မီးလင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ကျေးရွာပေါင်း ၃၉၄၆ ရွာ ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်း မီးလင်းခဲ့ပြီဖြစ်ကြောင်းနှင့် ၂၀၂၁ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ၁၀၀ ရာခိုင်နှုန်း မီးလင်းရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်ထံမှ သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ကျေးရွာပေါင်း ၃၉၄၆ ရွာ ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်း မီးလင်းခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ၁၀၀ ရာခိုင်နှုန်း မီးလင်းဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်" ဟု လျှပ်စစ်၊ စွမ်းအင် နှင့် ဆောက်လုပ်ရေးဝန်ကြီးက ပြောသည်။

**အောင်စံမောင်**

# ကယားပြည်နယ်နေ့ အထိမ်းအမှတ် မဂ္ဂဇင်းစာမူရှင်များ၊ စာတည်းအဖွဲ့များ၊ ပြက္ခဒိန်ရိုက်ကူးရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်

**လွိုင်ကော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ်နေ့ အထိမ်းအမှတ် စာမူရှင်များ၊ စာတည်းအဖွဲ့များ၊ ပြက္ခဒိန်ရိုက်ကူးရေး အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က "ကယားပြည်နယ်နေ့ အထိမ်းအမှတ် မဂ္ဂဇင်းမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြတဲ့ မဂ္ဂဇင်း စာမူရှင်တွေ၊ စာတည်းအဖွဲ့တွေ၊ ပြက္ခဒိန် ရိုက်ကူးရေးအဖွဲ့တွေကို အထူးကျေးဇူးတင်ရှိပါတယ်။ မဂ္ဂဇင်း ဆောင်းပါး ရေးသားတဲ့အခါမှာလည်း နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ပေါ်လွင်ထင်ရှားအောင် ရေးသားစေလိုပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ အကြောက်တရားနဲ့ အားနာစိတ်တွေ မရှိဖို့ လိုအပ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးလုပ်ငန်းတွေကို နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ပေါ်လွင်ထင်ရှားအောင် ရေးသားစေလိုတယ်။ မဂ္ဂဇင်းစာမူရှင်တွေ၊ စာတည်းအဖွဲ့တွေ၊ ပြက္ခဒိန်စာမူရှင်တွေလည်း မီဒီယာတစ်မျိုးဖြစ်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တယ်။ စာမူတွေ ရေးသားရာမှာ အချက်အလက်တွေ ပြည့်စုံဖို့နဲ့ လက်ရှိမြေပြင်အနေအထားကို ရေးသားစေလိုတယ်။ ပြက္ခဒိန်ရိုက်ကူးရေးအဖွဲ့တွေအနေနဲ့လည်း မြင်သာထင်သာရှိတဲ့ နေရာတွေကို တစ်နှစ်နဲ့တစ်နှစ်မတူအောင် ဖော်ဆောင်ပေးစေလိုပါတယ်။ ခေတ်ပုံပညာရှင်တွေအနေနဲ့လည်း ဟိုတယ်၊ ခရီးသွားကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွေကို ရင်းနှီးမြှုပ်နှံသူတွေ သိအောင်ချပြရေးသားပေးစေလိုတယ်"ဟု ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါဝင်သူ စာမူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

# နွေရာသီ ရေပြတ်လပ်မှု မဖြစ်ရန် စက်ရေတွင်းတူး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် နွေရာသီ ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဇန်နဝါရီ ပထမပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈ ဒသမ ၅၀၈ သန်းဖြင့် အနက် ပေ ၅၀၀ လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို PKU ဟိန်းဇမ္ဗူကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက် ပေးနေခြင်းဖြစ်သည်။

မြောက်ခင်ရန်းကျေးရွာသည် ယခင်က နွေရာသီကာလများတွင် သောက်သုံးရေအခက်အခဲများ ဖြစ်လေ့ရှိပြီး ယခု စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးလျှင်မူ အဆိုပါကျေးရွာရှိ အိမ်ခြေ ၉၇၁ အိမ်မှ လူဦးရေ ၄၄၀၀ ကျော်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေ လုံလောက်စေမည်ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းအောင်က ပြောကြားသည်။

**ဇော်မင်းဌေး**

# ထပ်တိုးဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း ၁၃ မြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ်တစ်မြို့နယ် ပါဝင်မည်

**မုံရွာ ဖေဖော်ဝါရီ ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းမှ ရန်ပုံငွေပိုလျှံမှုနှင့် ရန်ပုံငွေထပ်မံရရှိလာမှုကြောင့် ထပ်တိုးဆောင်ရွက်ရမည့် မြို့နယ် ၁၃ မြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ်တစ်မြို့နယ်ပါဝင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် ပထမဦးစားပေး ခန္တီးမြို့နယ်နှင့် ဒုတိယဦးစားပေး ဟုမ္မလင်းမြို့တို့မှ မြို့နယ်တစ်မြို့နယ်ကို ထပ်မံတိုးချဲ့မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သတ္တမနှစ်စက်ဝန်းတွင် လုပ်ငန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို တိုင်းဒေသကြီးအတွင်း ပင်လည်ဘူး၊ ဗန်းမောက်၊ မြောင်၊ ကျွန်းလှနှင့် ကနီမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး ယခုလက်ရှိ ကျေးရွာအုပ်စု ၂၂၆ အုပ်စု၊ ကျေးရွာပေါင်း ၈၅၀ တွင် အခြေခံအဆောက်အအုံ အမျိုးအစား စုစုပေါင်း ၂၃၃၅ ခုကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေ (အမေရိကန်ဒေါ်လာသန်း ၈၀)၊ ကမ္ဘာ့ဘဏ်ချေးငွေ (အမေရိကန်ဒေါ်လာသန်း ၄၀၀)၊ အီတလီထောက်ပံ့ငွေ (အမေရိကန်ဒေါ်လာ ၃ သန်း)၊ အီတလီချေးငွေ (အမေရိကန်ဒေါ်လာ ၂၂ သန်း)၊ DFID ထောက်ပံ့ငွေ (အမေရိကန်ဒေါ်လာ၃သန်း)နှင့်ပြည်ထောင်စုအစိုးရထည့်ဝင်ငွေ (အမေရိကန်ဒေါ်လာ ၄၁ သန်း) ဖြင့် မြို့နယ် ၆၃ မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မွေးကြူဇင်

# သံတောင်ကြီး မြို့တည်နှစ်(၁၀၀) ပြည့် ပွဲတော် ဧပြီလတွင် ကျင်းပမည်

**သံတောင်ကြီး ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်ကြီးမြို့နှစ်(၁၀၀)ပြည့်ပွဲတော်ကို ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သံတောင်ကြီးမြို့ နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ စောခရစ္စတိုဖာက ကရင်ပြည်နယ်တွင် သံတောင်ကြီးမြို့သည် အင်္ဂလိပ်လက်ထက်က တည်ရှိသောမြို့တစ်မြို့ဖြစ်တာကို နှစ်(၁၀၀) နီးပါးရှိ အဆောက်အအုံများက သက်သေပြလျက်ရှိကြောင်း၊ ယခင်က သံတောင်ဟုခေါ်ပြီး ယခုအခါ သံတောင်ကြီးမြို့ဟု ပြန်လည်ခေါ်ခဲ့ကြကြောင်း ၊ ကရင်ပြည်နယ်တွင် နှစ်(၁၀၀)ပြည့်ပွဲတော်ကို ပထမဆုံး ကျင်းပနိုင်မည့် မြို့ဖြစ်ကြောင်း၊ ရာပြည့်ပွဲတော် ကျင်းပပေးခြင်းဖြင့် နောင်လာနောက်သားများ သမိုင်းအကြောင်း သိရှိနိုင်စေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ရာပြည့်ပွဲတော်တွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကျောက်တိုင်ကို လည်းကောင်း၊ သံတောင်ကြီးမြို့သမိုင်းကို မဂ္ဂဇင်းများ ထုတ်ဝေခြင်း၊ နှစ်(၁၀၀) ပြည့် ပြက္ခဒိန်ထုတ်ဝေခြင်း၊ အမှတ်တရ တီရှပ်အင်္ကျီများ ထုတ်ဝေခြင်းနှင့် အားကစားပြိုင်ပွဲများ၊ သံစုံသီချင်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီ ၄၅မိနစ်အထိ အင်းစိန်မြို့နယ် မင်းကြီးလမ်း (ဗဟိုလမ်း) မြို့နယ်ခန်းမသစ်ကြီး၌ ကျင်းပရာ သင်တန်းသို့ မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ခရိုင်နှင့် အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်မြို့နယ်တို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို IDEA ဥရောပသမဂ္ဂအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် STEP Democracy Program မှ သင်တန်းဖြစ်မြောက်ရေးအတွက် လာရောက်ကူညီပေးခဲ့ကြောင်း သိရသည်။



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ကျင်းပစဉ်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးမောင်မွေးက သင်တန်းသား သင်တန်းသူများသည် ၂၀၂၀ ရွေးကောက်ပွဲတွင် တာဝန်ယူ ဆောင်ရွက်ကြရမည့် လုပ်ငန်းများအတွက် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပြည်သူ့ဆန္ဒနှင့်တစ်ထပ်တည်းကျရမည် သတ်မှတ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမှားအယွင်းမရှိစေဘဲ ပွင့်လင်းမြင်သာမှုနှင့် စံ ငါးရပ်နှင့်အညီ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်း လမ်းညွှန်မှုများကို ကျေညက်အောင် လေ့လာမှတ်သားကြရန် လိုအပ်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် လည်း မြောက်ပိုင်းခရိုင်အတွင်းရှိ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ်တို့မှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ သင်တန်းသား သင်တန်းသူတို့ကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် သပြေညို ခန်းမ၌ ရွေးကောက်ပွဲ ဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်လင်း

# ဒလမြို့နယ်တွင် သင်တန်းကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်မည်

**ဒလ ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်တွင် အောက်မြန်မာပြည်သင်တန်းကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု တိုင်းဒေသကြီး ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဒလမြို့နယ် သင်တန်းကျောင်းမြေနေရာသည် ကျန်စစ်သားရပ်ကွက် မြေကွက်အမှတ်(၃၃၈၃/၁)တွင်တည်ရှိ၍ အကျယ်အဝန်းမှာ ခြောက်ဧကခန့် ကျယ်ဝန်းကြောင်း၊ အဆိုပါ မြေနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမျိုးပြည်သူအကျိုးငှာ ဌာနသင်တန်းကျောင်း အသုံးပြုရန်အတွက် ၇-၁၁-၂၀၀၃ ရက်စွဲပါစာအမှတ် မခ/မသ/၆၇ အယ်လ် ၂၀၁၃(၂၄၁၈)ဖြင့် ၂၀၀၃ ခုနှစ်ကတည်းက မြေပေးမိန့်ရရှိခဲ့ပြီး ဖြစ်သည်။

ယင်းသင်တန်းကျောင်း မြေနေရာအား အောက်မြန်မာပြည်သင်တန်းကျောင်းအဖြစ် သီးခြားဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိအခြေအနေအရ ပတ်ဝန်းကျင်မြို့များတွင် တာဝန်များထမ်းဆောင်ကာ အိမ်ငှားနေထိုင်လျက်ရှိသည့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သင်တန်းကျောင်းဆောက်လုပ်ရန်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မောင်ယဉ်ဦး (ဒလ)

# အရာတော်မြို့နယ်၌ မူခင်းအသိပညာပေး ဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၌ ဖေဖော်ဝါရီ ၃ ရက်က မူခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိုက်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ် ပညာရေးမှူး ဦးဇော်ခိုင်ဝင်းတို့နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးရဲလွင်၊ မြို့မရဲစခန်းမှူးဒုရဲမှူး အောင်စိုးနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဖြူဖြူဟန်တို့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် သိရှိလိုက်နာရမည့် အချက်များ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၀ | ကျပ် | ၈၇၅/၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၀ | ကျပ် | ၈၉၀/၉၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၉၅ | ကျပ် | ၈၁၀/၈၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၀၅ | ကျပ် | ၉၁၀/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၄၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၉ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၇၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၂ . ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၉၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၄၁၈၆ | ၄၆၅၁၇၀၀၀ |
| MTSH | ၄၀၀၀ | ၄၁၀၀ | ၁၄၉၈ | ၅၉၉၃၀၀၀ |
| MCB | ၈၂၀၀ | ၈၄၀၀ | ၁၁ | ၉၀၄၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၅၅ | ၁၂၉၂၅၀၀ |
| TMH | ၂၉၅၀ | ၂၈၅၀ | ၇၃ | ၂၀၉၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## "မြမြ" ရုပ်ရှင်ဇာတ်ကားတွင် အစွမ်းကုန် ကြိုးစားခဲ့ကြောင်း သင်ဇာဝင့်ကျော် ပြောကြား

၂၀၁၉ ခုနှစ်ထဲတွင် စတင်ရိုက်ကူးခဲ့သော မြမြ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှာပင် စောစီးစွာ ရုံတင်ခွင့်ရခဲ့သည့်အတွက် ဝမ်းသာကြောင်းနှင့် ဇာတ်ကားရိုက်ကူးရာတွင် ဒါရိုက်တာ ညိုမင်းလွင်နှင့်အတူ သရုပ်ဆောင်အားလုံး အစွမ်းကုန်ကြိုးစားခဲ့ကြောင်း ထိုဇာတ်ကားတွင် အဓိကဇာတ်ကောင် မြမြ အဖြစ် သရုပ်ဆောင်သည့် သင်ဇာဝင့်ကျော်က ပြောကြားသည်။

"ဒီကားလေးက ၂၀၁၉ မှာ အစွမ်းကုန်ကြိုးစားထားပြီး ၂၀၂၀ မှာ ရုံတင်ခွင့်ရတဲ့အတွက် ကိုယ့်အတွက်လည်း Update ဖြစ်ပါတယ်၊ ဒီကားအတွက် အင်မတန်လည်း ရင်ခုန်တယ်ပေါ့နော်၊ ဘာပဲဖြစ်ဖြစ် ကိုညို(ဒါရိုက်တာ ညိုမင်းလွင်)ကိုလည်း ကျေးဇူးတင်ပါတယ်၊ သူကလည်း ဒီကားကို အများကြီး ကြိုးစားပြီးတော့ ရိုက်ထားခဲ့တာပါ။ သင်ဇာကိုယ်တိုင်လည်း ဒီလိုပါပဲ၊ ရိုက်စဉ်တုန်းက သေချာ စိတ်နှစ်ပြီး ရိုက်ခဲ့ပါတယ်။ ဇာတ်ကားရိုက်တဲ့အချိန်အပြင် မရိုက်ခင်အချိန်ကတည်းက အခုရုံတင်တဲ့အချိန်အထိ တောက်လျှောက်ပေါ့နော်၊ ဒီလိုကြိုးစားထားခဲ့တဲ့အတွက် အခုလို မြန်မြန် ရုံတင်ခွင့်ရတာကို ဝမ်းသာပါတယ်၊ ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကိုရလို့လည်း ပိုပြီးဝမ်းသာပါတယ်"ဟု သင်ဇာဝင့်ကျော်က ပြောသည်။




မြမြ ရုပ်ရှင်ဇာတ်ကားမှာ အဓမ္မကျင့်ခံရပြီး သတ်ဖြတ်ခြင်းခံရသော မိန်းကလေးတစ်ဦးက မကျွတ်မလွတ်ဘဲ အခြားအမျိုးသမီးငယ်တစ်ဦးကို ဝင်ရောက်ပူးကပ်ရင်း ၎င်း၏ အသတ်ခံရသည့်ဖြစ်စဉ်နှင့် မကျွတ်လွတ်သေးကြောင်း ပြောဆိုမှုကို ရိုက်ကူးထားခြင်းဖြစ်သည်။ အဆိုပါဇာတ်လမ်းမှာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လူအများအပြား၏ စိတ်ဝင်စားမှုရခဲ့သော ဖြစ်ရပ်ကို အခြေခံကာ ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထားခြင်းဖြစ်ရာ မြမြရုပ်ရှင်ဇာတ်ကားကို စောစီးစွာ ရုံတင်ခွင့်ရခဲ့ခြင်းကြောင့် ကြည့်ရှုသူများစွာရှိခဲ့သလို ပရိသတ်များ၏ ဝေဖန်ပြောဆိုမှုများလည်းရှိနေကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် လူကြမ်းသရုပ်ဆောင်များကို နာမည်ရသရုပ်ဆောင်များအစား ဝါသနာရှင် မျက်နှာသစ်သရုပ်ဆောင်များအား ပြိုင်ပွဲပြုလုပ်၍ ရွေးချယ်အသုံးပြုခဲ့ရာ သရုပ်ဆောင်များ ယှဉ်ပြိုင်ရွေးချယ်သည့် အစီအစဉ်အပေါ် ပရိသတ်၏ ဝေဖန်မှုများ ရှိခဲ့သည်။

"ဝေဖန်မှုတွေကြားထဲက ရုံတင်ခွင့်ရတဲ့အပေါ်မှာလည်း ဝမ်းသာပါတယ်၊ ဒီကားကို ကြည့်မယ်ဆိုရင်လည်း သင်ခန်းစာတွေ အများကြီး ရနိုင်ပါတယ်။ ဒီကားလေးကိုကြည့်ပြီးသွားရင် သဘောပေါက်သွားပါလိမ့်မယ်"ဟု သင်ဇာဝင့်ကျော်က ဆက်ပြောသည်။

ဇာတ်ကားရိုက်ကူးစဉ် ဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်၍လည်း သင်ဇာဝင့်ကျော်က "ဒဏ်ရာရခဲ့တယ်ဆိုတာကလည်း သရုပ်ဆောင်ရင်း ရသွားတာပါ၊ သရုပ်ဆောင်ရင်းရတဲ့ဒဏ်ရာဆိုတော့ မပြောပလောက်ပါဘူး။ သူတို့က သရုပ်ဆောင်အသစ်တွေဆိုတော့ ဆွဲလားရမ်းလားလုပ်တဲ့ အခန်းတွေမှာ ဘရိတ်တွေဘာတွေ သိပ်မရှိဘူးပေါ့နော်၊ ဒါကလည်း နားမလည်လို့ဖြစ်တာဆိုတော့ အေးဆေးပါ၊ သင်ဇာ ဘာမှမဖြစ်ပါဘူး၊ သရုပ်ဆောင်ရင်းဖြစ်တာ၊ ဒီလိုမျိုး အရင်တုန်းကလည်း ဖြစ်ခဲ့ဖူးတယ်ဆိုတော့ သိပ်ပြီးကိစ္စမရှိပါဘူး"ဟု ဆက်ပြောပြသည်။

ယခုရက်ပိုင်းတွင် သင်ဇာဝင့်ကျော် ဆေးရုံတက်ရသည်ဆိုသည့် သတင်းများနှင့် ပတ်သက်၍လည်း "ဒီရက်ပိုင်းမှာ သင်ဇာ ဆေးရုံတက်လိုက်ရတယ်ဆိုတာက အကျိတ်တစ်ခု ခွဲလိုက်ရတာပါ။ ဒါပေမယ့် ဖေဖော်ဝါရီလထဲမှာပဲ ဇာတ်ကားရိုက်တွေရော၊ နယ်သီချင်းဆိုတွေရော၊ အခြား ကြော်ငြာရိုက်တာတွေပါ တောက်လျှောက် လုပ်သွားဖို့ရှိပါတယ်"ဟု သင်ဇာဝင့်ကျော်က ပြောသည်။ **ကိုလင်း**

## ဒုတိယအကြိမ်မြောက် Star Awards ပွဲအတွက် Star Fairy လူငယ်များအား ဖိတ်ခေါ်နေ

Star Awards ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို ခမ်းနားစွာ ကျင်းပပြီးစီးရန်အတွက် အရေးပါသည့် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်ရမည့် Star Fairy လူငယ်မောင်မယ်များအား ခေါ်ယူလျက်ရှိရာ အနုပညာကို ဝါသနာပါ၍ ပါဝင်ကူညီလိုကြသည့် ညီငယ် ညီမငယ်များအနေဖြင့် Star Fairy Application Form ကို ဖြည့်စွက်ကာ Stellar Seven Entertainment ရုံးသို့ ဖေဖော်ဝါရီ ၁ ရက်မှစတင်ပြီး ၂၅ ရက် နောက်ဆုံးထား၍ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားသူများထဲမှ ဆန်ခါတင် ရွေးချယ်ခံရသူများကို Stellar Seven Entertainment ရုံးမှ မတ်လအတွင်း ဖုန်းဆက် အကြောင်းကြားပေးမည်ဖြစ်ပြီး လျှောက်ထားသည့် အစီအစဉ် အသေးစိတ်ကို သိရှိလိုသူများအနေဖြင့် Stellar Seven Entertainment ရုံး၊ အခန်း–B09 ၊ Times Link ကွန်ဒို၊ ဖုန်း 09–778400007 နှင့် 09–778400009 သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

**ကိုလင်း**




## အဆိုတော် သာဒီးလူက ဘဝဒဿနဆန်သည့် တေးသီချင်းများကို ဆက်လက်သီဆိုသွားမည်ဟုဆို

ဘဝဒဿနဆန်သည့် တေးသီချင်းများကိုသာ အများဆုံး သီဆိုလေ့ရှိပြီး နောက်ဆုံးထွက်ရှိထားသည့် "ကျွန်တော်ရှုံးနေပြီ" တေးစီးရီးဖြင့် အောင်မြင်မှုများလည်း ရရှိနေသည့် အဆိုတော် သာဒီးလူက မကြာမီ တစ်ကိုယ်တော်အခွေသစ် ထပ်မံထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်းနှင့် ထိုအခွေသစ်တွင်လည်း ဘဝဒဿနဆန်သည့် တေးသီချင်းများကိုသာ ဆက်လက်သီဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

"သီချင်းအသစ်တွေ လုပ်ဆောင်ဦးမှာပါ၊ အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ သီချင်းဖန်တီးမှုကတော့ ခေတ်အပေါ်မှာ မူတည်တာပဲလေ။ ခေတ်အခြေအနေ ပြောင်းရင်တော့ တစ်မျိုးပေါ့၊ အဲဒီအချိန်ကျရင်တော့ လူကလည်း လတ်ဆတ်လာပြီးတော့ သီချင်းတွေလည်း လတ်ဆတ်လာမှာပေါ့။ အဓိကကတော့ ကျွန်တော်တို့က မြန်မာနိုင်ငံသားတစ်ယောက် ဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေမှာ နေရတဲ့အခါ အနုပညာရှင်တစ်ယောက်အနေနဲ့ စိတ်ခံစားမှုအပေါ် မူတည်ပြီး လုပ်ရတာပေါ့။ ကျွန်တော်တို့စိတ်ထဲမှာ ရှိတာလေးတွေ လုပ်တာပါ၊ ငြိမ်တာလေးတွေ ဆိုချင်တဲ့အခါမျိုးလည်း ရှိတာပေါ့လေ၊ ကျွန်တော်တို့က ထူးထူးခြားခြား ကွဲပြားသွားနေတာတော့ မရှိပါဘူး။ ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်ကိုတော့ ကျေးဇူးအများကြီးတင်တာပေါ့၊ ကျွန်တော့်ကို ဆက်လက်ပြီး အားပေးကြပါဦး၊ အားပေးတဲ့ပရိသတ်တွေ စိတ်မပျက်အောင်လည်း ကြိုးစားနေပါတယ်၊ ထပ်ထွက်မယ့် တေးစီးရီးမှာလည်း ပရိသတ်အတွက် အကျိုးရစေမယ့် သီချင်းလေးတွေပဲ ကျွန်တော် ထည့်သုံးမှာပါ"ဟု သာဒီးလူက ပြောသည်။

သာဒီးလူအနေဖြင့် သာမန် အချစ်အလွမ်း သီချင်းများထက် ဘဝဒဿနဆန်သည့် ကိုယ်ပိုင်သံစဉ် သီချင်းများကို အများဆုံး သီဆိုလေ့ရှိပြီး ရန်သူတော်ခြောက်ပါးဟု အမည်ရသည့် တေးသီချင်းမှာ သာဒီးလူ၏ သီချင်းများအနက် အောင်မြင်မှုအရဆုံး တေးသီချင်းတစ်ပုဒ်ဖြစ်သည်။ **ကိုလင်း**




## သရုပ်ဆောင် မင်းသမီးများ၏ဘဝကို အခြေခံရိုက်ကူးထားသည့် "ရွှေမင်းသမီး" ရုပ်ရှင် ရုံတင်ပြသတော့မည်

မိုးနီလွင်၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မီးပွားက ရိုက်ကူးပုံဖော်ကာ ပြေတီဦး၊ ကျော်ကျော်ဗိုလ်၊ ကောင်းပြည့်၊ ဇင်ဝိုင်း၊ မေသဥ္ဇာဦးနှင့် စိုးပြည့်သဇင်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြသည့် ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသတော့မည်ဖြစ်သည်။

အဆိုပါဇာတ်ကားမှာ ရုပ်ရှင်သရုပ်ဆောင် မင်းသမီးများ၏ဘဝကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး လူ့လောက၊ လူ့သဘာဝနှင့် လူတို့၏ အတ္တအကြောင်းကို အရိုးရှင်းဆုံးနှင့် သဘာဝအကျဆုံး ရိုက်ကူးပုံဖော်ထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ရွှေမင်းသမီးဇာတ်ကား၏ အဓိကသရုပ်ဆောင် စိုးပြည့်သဇင်က "ဒီကားအတွက် စိုးပြည့်ကို သရုပ်ဆောင်ဖို့ ကမ်းလှမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဇာတ်ညွှန်းကို လာပြတဲ့အခါမှာ ကြည့်လိုက်တော့ ကြိုက်သွားတယ်၊ ဘာလို့လဲဆိုရင် စိုးပြည့်ရဲ့ နဂိုမူလကာရိုက်တာနဲ့ လုံးဝကွဲထွက်နေတယ်၊ ပြီးတော့ ကားတွေရိုက်တိုင်း စိုးပြည့်က ခပ်အေးအေးပုံစံလေးတွေပဲ သရုပ်ဆောင်နေရတာဆိုတော့ ဒီကားလေးထဲက ကာရိုက်တာက လုံးဝမတူတဲ့ပုံစံလေး ဖြစ်နေလို့ စိုးပြည့် တကယ်ကြိုက်ပါတယ်"ဟု ပြောသည်။

အဆိုပါဇာတ်ကားမှာ သီချင်းဆိုခြင်းကို ဝါသနာပါသလို ပါရမီလည်း ရှိသော ရွှေရည်နှင့် ၎င်းအား လင်းလက်တောက်ပနေသော ကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ရအောင် ကြိုးစား၍ ပြုစုပျိုးထောင်ခဲ့သည့် တေးရေးဆရာ နှလုံးသား(ခ)ကိုငြိမ်းထူးတို့ကြားမှ အချစ်ဇာတ်လမ်းကို သရုပ်ဖော်ထားခြင်းဖြစ်ကာ ရွှေရည်အဖြစ် စိုးပြည့်သဇင်နှင့် တေးရေးဆရာ နှလုံးသားအဖြစ် ပြေတီဦးတို့က သရုပ်ဆောင်ထားကြသည်။

ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားကြီးကို ကေတုမတီ တောင်ငူပြည်ကြီး၏ မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် ပွဲတော်ကြီးကို အခြေပြု၍ ဇာတ်လမ်းတည် ရိုက်ကူးထားခြင်းဖြစ်သည်။ "စိုးပြည့်က တောင်ငူသူတစ်ယောက်လည်းဖြစ်တယ်၊ ကိုယ်နေခဲ့တဲ့ တောင်ငူမြို့မှာပဲ ဇာတ်ကို ရိုက်ခဲ့ရတာဆိုတော့ စိတ်လှုပ်ရှားခဲ့ရပါတယ်၊ ဒီကားက တောင်ငူမြို့မှာ နှစ်စဉ်နှစ်တိုင်း ကျင်းပနေကျ ပွဲတော်ကြီးတွေရဲ့ မြင်ကွင်းတွေ၊ နောက် မြို့တည်ခဲ့တဲ့ အမှတ်တရနေရာတွေမှာပါ သွားရောက်ရိုက်ကူးခဲ့လို့ပါ၊ နောက်ပြီး ဒီကားက ရုပ်ရှင်မင်းသမီး တစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းကို ရိုက်ထားတဲ့ကားဆိုတော့ ကိုယ့်အတွက်လည်း ဂုဏ်ယူရပါတယ်၊ အခက်အခဲအနေနဲ့ဆိုလည်း သိပ်မရှိခဲ့ပါဘူး၊ သီချင်းဆိုတာကအစ စိုးပြည့်ကလည်း ဆိုတတ်တဲ့အပြင် သရုပ်ဆောင်တာတွေကိုလည်း ဒါရိုက်တာက သေချာ သင်ကြားပေးခဲ့ပါတယ်"ဟု စိုးပြည့်သဇင်က ဆက်လက်ပြောကြားခဲ့သည်။ **ကိုလင်း**



# နိုင်ငံတကာအနုပညာ သတင်းပဒေသာ ခြုံ

## ချစ်သူရရှိသွားပြီလို့ လေဒီဂါဂါ ဝန်ခံပြောကြား

ဖေဖော်ဝါရီ ၃ ရက်မှာတော့ ပေါ့ပ်အဆိုတော် လေဒီဂါဂါဟာ ချစ်သူရရှိသွားပြီဖြစ်ကြောင်းကို သူ့ရဲ့အင်စတာဂရမ်အကောင့်ကနေ ကြေညာခဲ့ပါတယ်။ အခုဆိုရင် မိုက်ကယ်ပိုလန်စကီးနဲ့တွဲနေပြီလို့ တရားဝင် အသိပေးခဲ့ပါတယ်။ မိုင်ယာမီကို သွားတုန်းကလည်း ပျော်ရွှင်စရာအချိန်တွေ အများကြီးရခဲ့ပြီး ချစ်သူနဲ့အတူ တွဲရိုက်ထားတဲ့ပုံကိုလည်း ပြသခဲ့ပါတယ်။ အော်စကာဆုရှင်လည်းဖြစ်တဲ့ လေဒီဂါဂါနဲ့သူ့ချစ်သူဟာ တစ်ဦးနဲ့ တစ်ဦးအလွန်ချစ်ခင်နေကြတဲ့ပုံပေါ်ပါတယ်။

လေဒီဂါဂါရဲ့ချစ်သူဖြစ်တဲ့ မိုက်ကယ်ပိုလန်စကီးကတော့ ဆန်ဖရန်စစ္စကိုအခြေစိုက် Parker Group ရဲ့ စီအီးအိုလည်းဖြစ်ပါတယ်။ သူတို့နှစ်ယောက်တွဲနေတယ်ဆိုတာကို အခုတစ်ကြိမ်ကျမှ လူတွေသတိထားမိတာမဟုတ်ပါဘူး။ နှစ်သစ်ကူးညတုန်းကလည်း အတူတူရှိခဲ့ကြပါတယ်။ ဘယ်သူဘယ်ဝါမှန်း အတိအကျမသိသေးပေမယ့် လေဒီဂါဂါဟာ တစ်ယောက်ယောက်နဲ့တွဲနေတယ်ဆိုတာကိုတော့ လူတွေသတိထားခဲ့မိကြပါတယ်။ မိုက်ကယ်ပိုလန်စကီးနဲ့ မတွဲခင်တုန်းကလည်း လေဒီဂါဂါဟာ အသံသွင်း အင်ဂျင်နီယာတစ်ဦးဖြစ်တဲ့ ဒန်ဟောတွန်နဲ့ တွဲခဲ့ဖူးပါတယ်။ သူတို့ရဲ့အချစ်ခရီးလမ်းဟာ မရှည်ကြာဘဲ သုံးလနဲ့သာ အဆုံးသတ်ခဲ့ရပါတယ်။ **အီးနယူးစ်**



လေဒီဂါဂါနှင့် သူ့ချစ်သူ မိုက်ကယ်ပိုလန်စကီး

## ကွဲကွာပြီးခုနစ်လအကြာတွင် ဘရက်ဒလီကူးပါးနှင့် အီရီနာရှေးခ်တို့ ပြန်လည်တွေ့ဆုံ

ရုပ်ရှင်သရုပ်ဆောင် ဘရက်ဒလီကူးပါးနဲ့ မော်ဒယ်တစ်ဦးဖြစ်သူ အီရီနာရှေးခ်တို့ဟာ ကွဲကွာပြီး ခုနစ်လအကြာမှာတော့ BAFTAs ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားအပြီး ကျင်းပတဲ့ပါတီပွဲမှာပြန်လည်တွေ့ဆုံခဲ့ကြပါတယ်။ BAFTAs ရုပ်ရှင်ထူးချွန်ဆုပေးပွဲကတော့ အမေရိကန်ရဲ့အော်စကာဆုပေးပွဲလိုပါပဲ။ ဗြိတိန်ရုပ်ရှင်နှင့်ရုပ်သံ ထူးချွန်ဆုပေးပွဲအခမ်းအနားပဲ ဖြစ်ပါတယ်။ အဲဒီပွဲမှာ သူတို့နှစ်ဦးဟာ အဆင်ပြေပြေပြန်တွေ့ဆုံခဲ့ကြပြီး ဓာတ်ပုံလည်းအတူ တွဲရိုက်ခဲ့ကြပါတယ်။ ဘရက်ဒလီကူးပါးနဲ့ အီရီနာတို့မှာ အသက်သုံးနှစ်အရွယ် သမီးတစ်ဦးလည်း ရှိပါတယ်။ နှစ်ယောက်သား အဆင်ပြေပြေ ဓာတ်ပုံတွဲရိုက်ထားတာကိုမြင်တဲ့အခါ ပရိသတ်တွေကတော့ သူတို့နှစ်ဦး ပြန်အဆင်ပြေမှာလားဆိုပြီး မျှော်လင့်နေကြပါတယ်။ အီရီနာကတော့ ဘရက်ဒလီမရှိတဲ့ဘဝဟာပိုပြီး လေးနက်လာတယ်လို့အင်တာဗျူးမှာဖြေကြားခဲ့ပါတယ်။

သူတို့နှစ်ဦးအတူ ရှိစဉ်တုန်းကလည်း တန်ဖိုးရှိတဲ့အချိန်တွေဖြစ်ခဲ့ပြီး အခုဘရက်ဒလီနဲ့ ကွဲကွာသွားတဲ့အချိန်မှာလည်း ဘဝသစ်တစ်ခုကို ပြန်စရမယ်လို့ သူကဆက်ပြောပါတယ်။ ၂၀၁၉ခုနှစ် ဇွန်လအတွင်းမှာ ဘရက်ဒလီနဲ့ အီရီနာတို့ဟာ လေးနှစ်တာအချစ်ဇာတ်လမ်းကို အဆုံးသတ်ပြီး လမ်းခွဲလိုက်တဲ့အကြောင်းကို ပီးပဲလ် မဂ္ဂဇင်းကနေ အတည်ပြုဖော်ပြခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သမီးဖြစ်သူကို ပူးတွဲအုပ်ထိန်းခွင့်ရခဲ့ပါတယ်။ **အီးနယူးစ်**



ဘရက်ဒလီကူးပါးနှင့် အီရီနာတို့ ဓာတ်ပုံအတူတွဲရိုက်နေစဉ်။

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၀)

# ပြစ်မှုကြိုတင်ကာကွယ်ခြင်း



## ဦးဟန်ညွန့် (ဥပဒေ)

### ကြိုတင်ကာကွယ်ခြင်း

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဟု ဆိုရိုးစကားရှိပါသည်။ ပြစ်မှုများမဖြစ်ပွားရန် ကြိုတင်ကာကွယ်ခြင်း လိုအပ်ပါသည်။ ငြိမ်ဝပ်အေးချမ်းစွာ နေထိုင်ရန်နှင့် ကောင်းစွာကျင့်ကြံ အသက်မွေးဝမ်းကျောင်းပြုရန် ပြည်သူပြည်သားတိုင်း၊ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ ထိုတာဝန်ကျေပွန်ရန် တရားဥပဒေက ကာကွယ်စောင့်ရှောက်ပါသည်။

### ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၆ (၁)

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၆(၁) အရ ငြိမ်းချမ်းသာယာရေးအတွက် တရားခံတစ်ဦးအား ပြစ်မှုထင်ရှားစီရင်သောအခါ ခံဝန်ချုပ်ချုပ်စေခြင်း ပြုနိုင်ပါသည်။ တရားသူကြီး၏ လုပ်ပိုင်ခွင့်ဖြစ်ပါသည်။ တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး၌အခန်းပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရာ၌ ကျင့်သုံးဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှုမရှိရေး၊ သတိထားစောင့်ကြပ်ရေးနှင့် ရာဇဝတ်ဥပဒေများဖြင့် ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်ချုပ်ချယ်ပြီး အုပ်ချုပ်မှုမပြုရေးကိုလည်း ရည်ရွယ်ပါသည်။

### အာမခံတောင်းခြင်း

ပြစ်မှုထင်ရှားစီရင်သောအခါ ငြိမ်ဝပ်စွာနေထိုင်ရန် အာမခံတောင်းခြင်းပြုနိုင်ပါသည်။ သုံးနှစ်ထက်မပိုသော ကာလဖြင့် ခံဝန်သူများနှင့်ဖြစ်စေ ခံဝန်မဲ့ဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်သည့်အချိန်၌ ခံဝန်ချုပ်စေရန် အမိန့်ချမှတ်နိုင်ပါသည်။

### ငြိမ်းချမ်းသာယာရေး

ငြိမ်းချမ်းသာယာရေးအတွက် ငြိမ်ဝပ်ရေး ဖျက်မည့်သူကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၇ (၁) အရ ခံဝန်ချုပ်စေနိုင်ပါသည်။

တစ်ဦးတစ်ယောက်သည် ငြိမ်ဝပ်ရေး ပျက်ပြားစေမှုကို ကျူးလွန်တန်ရာသော်လည်းကောင်း၊ နိုင်ငံငြိမ်ဝပ်ရေးကို နှောင့်ယှက်တန်ရာသည်ဟုသော်လည်းကောင်း၊ ငြိမ်ဝပ်ရေးပျက်ပြားစေသည့် (သို့မဟုတ်) နိုင်ငံ့ငြိမ်ဝပ်ရေးကို နှောင့်ယှက်မည့် မတရားမှုကို ပြုတန်ရာသည်ဟု သတင်းရသောအခါ သက်ဆိုင်ရာ တာဝန်ရှိတရားသူကြီးသည် တစ်နှစ်ထက် မပိုသောကာလဖြင့် ခံဝန်သူများနှင့်ဖြစ်စေ၊ ခံဝန်မဲ့ဖြစ်စေ ခံဝန်ချုပ်ချုပ်ဆိုစေရန် အမိန့်မချမှတ်ထိုက်ကြောင်း အကြောင်းပြ ထုချေခိုင်းနိုင်သည်။

### အကြည်ညိုပျက်အောင် လှုံ့ဆော်သူ

အစိုးရကို အကြည်ညိုပျက်အောင် လှုံ့ဆော်သူအား ကိုယ်ကျင့်တရားကောင်းမွန်စွာ ကျင့်ကြံနေထိုင်စေရန် ခံဝန်ချုပ်ဆိုခြင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၈ အရ ဆောင်ရွက်နိုင်ပါသည်။ တာဝန်ရှိတရားသူကြီးသည် အာဏာပိုင်နက်အတွင်းဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ပြစ်မှု (သတ်မှတ်ထားသော ပြစ်မှု) ပြုလုပ်မှုများကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တမင်သက်သက် ပျံ့နှံ့အောင်ပြုသူ၊ အားထုတ်သူ၊ အားပေးသူသည် မိမိစီရင်ပိုင်ခွင့်နယ်အတွင်း ရှိနေသည်ဟု သတင်းရသောအခါ တစ်နှစ်ထက်မပိုသောကာလဖြင့် ခံဝန်ချုပ် ချုပ်စေရန် အမိန့်မချမှတ်ထိုက်ကြောင်း အကြောင်းပြ ထုချေခိုင်းနိုင်သည်။

### မောင်ပျင်းရှိ၏ မေးခွန်း

“တရားသူကြီးတွေမှာ ဒီလိုလုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ဆရာကြီးရေးမှ၊ ပြောမှ သိတော့တယ်။ လက်တွေ့လုပ်တာ ကျွန်တော်မကြားဖူးဘူး။ ရှိတော့ရှိမှာပါ။ တခြားသိကောင်းစရာ၊ မသင်္ကာဖွယ်ရှိသူတွေအကြောင်းပါ တစ်ဆက်တည်း ရေးပြပါဦးဆရာကြီး” ဟု မေးခွန်းလည်းမေး၊ ဗဟုသုတလည်း ရယူလိုသော မောင်ပျင်းရှိ၏ မေးခွန်းကို ဆက်လက်ရေးသား တင်ပြပါမည်။



### အလုပ်အကိုင် အတည်တကျမရှိသူ

အလုပ်အကိုင် အတည်တကျ မရှိသူနှင့် မသင်္ကာဖွယ်ရှိသူများအား ကောင်းစွာ အသက်မွေးရန် အာမခံတောင်းခြင်းအတွက် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၀၉ တွင် ပြဋ္ဌာန်းထားပါသည်။

တစ်ဦးတစ်ယောက်သည် တရားသူကြီး၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း ပြစ်မှုကျူးလွန်ရန် ကြံရွယ်၍ လျှို့ဝှက်ဖုံးကွယ်လျက်ရှိသည်ဟု (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းထင်ရှားမရှိသူ(သို့မဟုတ်) ကိုယ့်အကြောင်းကို ကျေနပ်အောင် မပြောနိုင်သူရှိနေသည်ဟု သတင်းရသောအခါ တစ်နှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ခံဝန်ချုပ်ဆိုစေရန် အမိန့်မထုတ်သင့်ကြောင်း ထုချေခိုင်းနိုင်ပါသည်။

“ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဟု ဆိုရိုးစကား ရှိပါသည်။ ပြစ်မှုများမဖြစ်ပွားရန် ကြိုတင်ကာကွယ်ခြင်း လိုအပ်ပါသည်။ ငြိမ်ဝပ်အေးချမ်းစွာ နေထိုင်ရန်နှင့် ကောင်းစွာ ကျင့်ကြံ အသက်မွေးဝမ်းကျောင်းပြုရန် ပြည်သူပြည်သားတိုင်း၊ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်”

### ပြစ်မှုကျူးလွန်တတ်လေ့ရှိသူ

ပြစ်မှုကျူးလွန်တတ်လေ့ ရှိသူများထံမှ ကောင်းစွာ အသက်မွေးရန် အာမခံတောင်းခြင်း အကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၁၀ တွင် ပြဋ္ဌာန်းထားပါသည်။ (၁၀၉/၁၁၀ ဟု လူပြောများသော ရာဇဝတ်ကျင့်ထုံးပုဒ်မများဖြစ်ပါသည်)။

တရားသူကြီးသည် မိမိစီရင်ပိုင်ခွင့်နယ်မြေအတွင်း၌ လူသတ်မှု၊ အိမ်ဖောက်တတ်သူ၊ ခိုးတတ်သူ၊ အတုလုပ်တတ်သူ၊ ခိုးရာပါပစ္စည်းလက်ခံလေ့ရှိသူ၊ လူခိုးမှု၊ လူကိုသွေးဆောင်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှု၊ ပြစ်မှုကျူးလွန်လေ့၊ အားထုတ်လေ့၊ အားပေးကူညီလေ့ရှိသူ၊ (သို့မဟုတ်) ငြိမ်းချမ်းသာယာရေး ပျက်ပြားစေသော ပြစ်မှုများကို ကျူးလွန်လေ့၊ အားထုတ်လေ့၊ အားပေးလေ့ရှိသူ (သို့မဟုတ်) ထိုသူအား လွှတ်ထားပါက ပြည်သူတို့အတွက် ဘေးရှိသူ၊ ရှိနေသည်ဟု သတင်းရလျှင် သုံးနှစ်ထက်မပိုသော ကာလဖြင့် ခံဝန်ချုပ်စေရန်၊ ထုချေစေရန် အမိန့်ချမှတ် နိုင်ပါသည်။

### ဦးသန်းစီရင်ထုံး

ယခုတင်ပြသော ပုဒ်မများ၊ အမှုများနှင့် စပ်လျဉ်း၍ တရားရေးလောကတွင် ထင်ရှားသော စီရင်ထုံးတစ်ခုရှိသည်။ ဦးသန်းစီရင်ထုံးပင် ဖြစ်သည်။

လျှောက်ထားသူဦးသန်းက ဗဟန်းမြို့နယ် တရားရုံးတွင် ရာဇဝတ်ကျင့်ထုံး ၁၀၇ အရ ဆောင်ရွက်မှုအပေါ် လျှောက်ထားမှုဖြစ်သည်။

### ရာဇဝတ်ကျင့်ထုံး ၁၀၇

ကျင့်ထုံးပုဒ်မ ၁၀၇ မှာ အများပြည်သူတို့ ငြိမ်သက်အေးချမ်းစွာ နေထိုင်ခြင်းကို ဖျက်ဆီးရန် ပြုလုပ်မည်ဟု ယူဆသူအပေါ် ယင်းသို့ မပြုလုပ်နိုင်ရန်အတွက် ကာလအပိုင်းအခြားသတ်မှတ်၍ လုံလောက်သော အာမခံပြုလုပ်စေခြင်းပင် ဖြစ်သည်။ ဦးသန်းသည် ရပ်ကွက်လူငယ်များကို ဆူပူစေရန်နှင့် ငြိမ်ဝပ်ပိပြားရေး ထိခိုက်စေရန် ဥပဒေနှင့် ဆန့်ကျင်သော အပြုအမူများ ပြုလုပ်လိမ့်မည်ဟု ရဲစခန်းက စွပ်စွဲခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဗဟန်းရဲစခန်းက စုံစမ်းတင်ပြခဲ့မှုလည်း ဖြစ်သည်။

လူတစ်ဦးတစ်ယောက်အပေါ် ပြစ်မှုအရ အရေးယူလျှင် လွတ်လပ်သော သက်သေထွက်ချက်များရှိရမည်။ ယခုအမှုတွင် ရဲတပ်ဖွဲ့၏ ထွက်ချက်မှလွဲ၍ အခြားသက်သေခံအထောက်အထားမရှိချေ။ စွပ်စွဲခံရသူတစ်ဦးအား မည်သည့်ကိစ္စ၊ မည်ကဲ့သို့ အရေးယူမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းသိစေမှသာလျှင် ထိုသူအနေဖြင့်လည်း ပြည့်ပြည့်ဝဝ ခုခံထုချေနိုင်ပေလိမ့်မည်။

ယခုလက်ရှိအခြေအနေ ပေါ်ပေါက်ချက်များအရ ဦးသန်းအပေါ် အရေးယူရန် (မသင့်)ဟု ဆုံးဖြတ်ခဲ့သည်။

### စေတနာ

ရာဇဝတ်ကျင့်ထုံးပါ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းအကြောင်း လေ့လာဖတ်ရှုမိပြီး အလုပ်သင် ရှေ့နေမောင်ပျင်းရှိ၏ မေးခွန်းကို ဖြေဆိုမိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ...။ ။

## ကျိုက်မရောတွင် ဆိုင်ကယ်လိုင်စင်များနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

ကျိုက်မရော ဖေဖော်ဝါရီ ၄

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံချက်ဖြင့် ဒေသတွင်းလိုင်စင်အသစ် ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လိုင်စင်များ ဆောင်ရွက်ပေးရာတွင် ဆိုင်ကယ်၏ ဒေသပေါက်ဈေး ၅၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေပေးဆောင်ရမည်ဖြစ်ပြီး ကျေးရွာများမှ ပြည်သူများအဆင်ပြေချောမွေ့စေရန်အတွက် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိင်္ဂီတိုးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းများ(၄)

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်း ကျင်းပနေသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီပွဲတော်တွင် "အောင်အနုပညာလုပ်ငန်း" မှ ဖန်တီးပြသထားသည့် မြန်မာ့အနုပညာလက်ရာပစ္စည်းများ၊ မြန်မာတို့ လေးစားဂုဏ်ယူရသည့် သူရဲကောင်းများ၏ မြင်းစီးရုပ်တုများကို ကြည့်ရှုဖြတ်ကျော်ပြီးသည်နှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများ၊ ရိုးရာစားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ခင်းကျင်းပြသထားမှုမှာ တိုင်းရင်းသားကမ္ဘာကြီးထဲသို့ ရောက်ရှိလည်ပတ်ရသလို စိတ်ခံစားမှုကို ရရှိစေမည်ဖြစ်သည်။

ထိုကဲ့သို့ အပြင်အဆင်လှပမှု၊ ရိုးရာအစားအစာများ ၏ ထူးခြားကောင်းမွန်သော အရသာ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၏ ထူးခြားသော အပြင်အဆင် ဆွဲဆောင်မှုများကြောင့် ပွဲတော်ကျင်းပသည့် ရက်များအတွင်း လာရောက်လည်ပတ်သူများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား စည်ကားလျက်ရှိသည်။


မွန်ယဉ်ကျေးမှုပြခန်း။

## မွန်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း

မွန်တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်း၏ မွန်တိုင်းရင်းသားတို့ ရိုးရာယဉ်ကျေးမှုပြခန်းကို အဝေးက လှမ်းမြင်ကြည့်မည်ဆိုပါက အနီရောင်အောက်ခံပေါ်တွင် ရွှေဝါရောင် ဟင်္သာငှက်ရုပ်ကို အထင်းသား လှမ်းမြင်ရမည်ဖြစ်သည်။

"မွန်တွေရဲ့ အလံတွေမှာ ဟင်္သာ သုံးပါတယ်။ ဟင်္သာသုံးရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ မွန်ဒေသ ဟံသာဝတီကို စတည်ထောင်တယ်လို့ အထိမ်းအမှတ်ပါ။ အဲဒါကြောင့် ဟင်္သာကို ယူထားပါတယ်။ အဲဒါကို သိစေချင်လို့ ဟင်္သာရုပ်ကို ရှေ့မှာ ပြထားတာဖြစ်ပါတယ်"ဟု ပြခန်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး မင်းဗညားဦးက ပြောသည်။


မင်းဗညားဦး

## မွန်ယဉ်ကျေးမှုပြခန်းငယ်

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ မွန်ယဉ်ကျေးမှုပြခန်းတွင် ရှေးခေတ် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်( ကျိုက်ထီးစောင်း) ရှိ အေဒီ ၆ ရာစုက ဆင်တပ်မြင်းတပ် ဂဝံကျောက်တံတိုင်း၊ ဂဝံလက်ရာ မီးဖုတ်ရုပ်များကို နံရံပေါ်တွင် ရှင်းလင်းဖော်ပြထားချက်များနှင့် ပြည်ရွှေစံတော်ဘုရား မွန်ကျောက်စာ၊ နရိုင်းဂူမွန်ကျောက်စာ၊ ကျိုက်ဖြင်ဘုရားမွန်ကျောက်စာတိုင်များကိုလည်း ဗဟုသုတဖြစ်ဖွယ် တွေ့ရမည်ဖြစ်သည်။

"အရင်တုန်းက ဂဝံလက်ရာတွေ သုံးတယ်။ ဂဝံလက်ရာတွေကနေ တဖြည်းဖြည်း ယဉ်ကျေးသိမ်မွေ့လာတဲ့အခါကျတော့ လူတွေက မီးဖုတ်လက်ရာသုံးလာတာ တွေ့ရတယ်။ နောက်ပိုင်းတော့ ဆေးရေးပန်းချီတွေပေ့ါ။ ဒါကတော့ သမိုင်းရဲ့ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို သက်သေသာဓက ကျောက်စာတိုင်တွေနဲ့ ပြသထားတာဖြစ်ပါတယ်"ဟု ပြခန်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး မင်းဗညားဦးက ပြောသည်။

မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၌ ပြသထားသည့် ပြကွက်တစ်ခုချင်းစီကလည်း မွန်တို့၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့သာမက စိတ်ဝင်စားဖွယ် နောက်ခံအကြောင်းအရာများ အများအပြား ရှိနေပြန်သည်။

## မွန်ဘုရင်မကြီး ရှင်စောပုနှင့် စာမ္မာဒေဝီ ဘုရင်မ

မွန်ဘုရင်မကြီးရှင်စောပုနှင့် ဘုရင်မကြီး စာမ္မာဒေဝီတို့၏ ရုပ်တုများကလည်း ပြခန်းအတွင်း ကျက်သရေမင်္ဂလာရှိစွာဖြင့် တင့်တယ်စွာ နေရာယူလျက်ရှိသည်။

"ဒီမွန်ဘုရင်မ ရှင်စောပုရဲ့ ဝတ်စုံတွေ မကိုဋ်တွေအားလုံးက အင်္ဂလန်မှာရှိတဲ့ မကိုဋ်ကို ပုံတူယူပြီး ပြသထားတာဖြစ်ပါတယ်။ ဒီဘက်က စာမ္မာဒေဝီကတော့ ထိုင်းနိုင်ငံမှာရှိတဲ့ ကျောက်ရုပ်ကို ဒီဇိုင်းပြန်ယူထားတာပါ။ တကယ်က စာမ္မာဒေဝီ နန်းစိုက်ခဲ့တဲ့မြို့က အခုဆို ထိုင်းအပိုင်ထဲမှာဖြစ်နေပါပြီ"ဟု ပြခန်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး မင်းဗညားဦးက ပြောသည်။

ထို့ပြင် မွန်လူမျိုးတို့ ဟင်္သာယိမ်းကရာတွင် ဟင်္သာအဖိုနှင့်အမ ဝတ်ဆင်သည့် ဟင်္သာမောင်နှံဝတ်စုံ၊ မွန်တို့၏ အနုပညာလက်ရာကို ဖော်ပြနေသည့် ရှေးလက်ရာမှန်တင်ခုံနှင့်အတူ မွန်အမျိုးသားနေ့နှင့် နိုင်ငံတော်အခမ်းအနားများတွင်သာ ဝတ်ဆင်သည့် မွန်လူမျိုးတို့၏ အမျိုးသားဝတ်စုံဖြစ်သည့် အနီနှင့် အဖြူရောင် ရိုးရာဝတ်စုံများ၊ ခေတ်နှင့်အညီ တီထွင်ဆန်းသစ်ချုပ်လုပ်ထားသည့် မွန်အမျိုးသမီးဝတ်စုံတို့ကိုပါ တစ်နေရာတည်း သိရှိလေ့လာခွင့်ရမည်ဖြစ်သည်။

## ခမောက်(ခ) ဂဒူး

ပြခန်းအတွင်း နေရာအနှံ့ချိတ်ဆွဲထားသည့် ဓနိဖြင့် ရက်လုပ်ထားသော မြန်မာအခေါ် ခမောက်၊ မွန်အခေါ် ဂဒူး ဟုခေါ်သည့် အဆောင်များကလည်း လာရောက်လေ့လာသူများအတွက် အမြင်တစ်မျိုး ဆန်းသစ်လို့နေသည်။ ဂဒူး ဟုအမည်ခေါ်တွင်ခဲ့ပုံမှာလည်း စိတ်ဝင်စားစရာပင်။

"မွန်မှာ ဂဒူးက အတော်ကို ရာဇဝင်ကြီးပါတယ်။ မွန်ရာဇဝင်မှာ မဂဒူးမင်း မဖြစ်ခင်မှာ ကလေးဘဝတုန်းက သူ့ကို ဒီအုပ်ဆောင်းလေးနဲ့ သိပ်ထားတာ။ ကျီးကန်းတွေက လာနှောင့်ယှက်တဲ့အခါကျတော့ ဂဒူးက အသက်ဝင်ပြီး ကျီးကန်းကို လိုက်မောင်းခဲ့လို့ အဲဒီလိုဖြစ်ခဲ့တာကြောင့် သူ့ကို မဂဒူးဆိုပြီး နာမည်ပေးခဲ့တယ်။ မဂဒူး ဘုရင်ကနေပြီးမှ ဝါရီရူးဆိုတဲ့ ဘုရင်ဖြစ်ခဲ့တယ်။ မဂဒူးမင်းရဲ့ အထိမ်းအမှတ်အနေနဲ့ ဒီဂဒူးလေးတွေကို ပြခန်းအတွင်းမှာရော အပေါ်မှာပါ ချိတ်ဆွဲပြီး ပြသထားတာဖြစ်ပါတယ်" ဟု မင်းဗညားဦးက ရှင်းပြသည်။

## မွန်ရိုးရာ တူရိယာများ

မွန်တိုင်းရင်းသားများတွင် အခြားသောတိုင်းရင်းသားများနည်းတူ ကိုယ်ပိုင်ဂီတ အနုပညာ ထူးခြားသည့် တူရိယာများရှိရာ ယခုပြသလျက်ရှိသည့် ပြခန်း၌ ထိုင်းနိုင်ငံတွင် ယခုလက်ရှိတိုင် တီးခတ်နေဆဲ မွန်လူမျိုးတို့၏ လခြမ်းတူရိယာ၊ တီးခတ်ရာတွင် ဆင်စွယ်ကဲ့သို့ ချွန်ထက်သည့်အရာနှင့်သာ တီးခတ်ရသည့် ကြိုးသုံးချောင်းပါ မိကျောင်းကြိုးတပ်တူရိယာ၊ မွန်လူမျိုးတို့၏ မူရင်းတူရိယာဖြစ်သည့် ပတ္တလား စသည့် တူရိယာပစ္စည်းများကို ပြခန်းအလယ်တွင် ဆောက်လုပ်ထားသည့်စင်မြင့်ထက်တွင် တွေ့မြင်ရမည်ဖြစ်သည်။

## မိကျောင်းကြိုးတပ်တူရိယာ

"မိကျောင်းကြိုးတပ်တူရိယာက သူ့ရဲ့ အသံက နွေခေါင်ခေါင်မှာ ကျောက်စရစ်တွေ လွင့်မျောတဲ့အသံပေ့ါ။ သူက ဒီလို အသံမျိုးထွက်ပါတယ်။ အဓိကက မိန်းမပျိုလေးတွေ တီးခတ်ပါတယ်။ တီးခတ်ရင်းနဲ့ ကပြဖျော်ဖြေသွားတာပါပဲ။ အရင်တုန်းက ပျိုအဖွဲ့နဲ့အတူ တရုတ်ပြည်ကို သွားတဲ့ မှတ်တမ်းတွေမှာ အခုထိ ရှိနေပါသေးတယ်" ဟု မင်းဗညားဦးက ပြောသည်။

မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းသို့ လာရောက်လည်ပတ်သူများအား အဆိုပါ တူရိယာပစ္စည်းများဖြင့် ညနေ ၄ နာရီမှ ည ၁၀ နာရီအတွင်း မွန်တူရိယာ ပညာရှင်များ၊ အဆိုပညာရှင်များ၊ အကပညာရှင်များက ရိုးရာတေးသီချင်းများ၊ အကများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေပေးလျက်ရှိသည်။

"ကျွန်တော်တို့ တူရိယာတွေ ဘယ်လောက်ထိ နူးညံ့တယ်၊ သေသပ်တယ်၊ ခမ်းနားတယ်ဆိုတာ တစ်ချိန်တုန်းက နန်းတွင်းမှာ ဖျော်ဖြေခဲ့တယ်ဆိုတာကို လာရောက်ကြည့်ရှုသူတွေ သိစေချင်လို့ပါ" ဟု မင်းဗညားဦးက ပြောသည်။

သင်္ကြန်ထမင်း၊ ရေစိမ်မုန့်ဟင်းခါး၊ ငါးပေါင်းထုပ် စသည့် မွန်ရိုးရာအစားအစာများ၊ မွန်ပြည်နယ် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၏ ထုတ်ကုန်ဖြစ်သည့် ကျောက်သင်ပုန်းအရောင်းဆိုင်များ၊ မွန်ပြည်နယ်၏ အဓိကထုတ်ကုန်ဖြစ်သည့် ရော်ဘာထုတ်ကုန်အဆင့်ဆင့်၊ အုန်းဆန်ခွံနှင့် ရော်ဘာရောပြီး ပြုလုပ်ထားသည့် ထိုင်ခုံများ၊ ပဲခူးတိုင်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပန်းပု၊ ပန်းပွတ်လုပ်ငန်းများကိုလည်း ပြသထားသည်။

"ဒီပြခန်းက အခက်အခဲပေါင်းမြောက်မြားစွာထဲကနေ စုံစုံလင်လင်ဖော်ပြထားပါတယ်။ ပြည်သူတွေ လာရောက်ကြည့်စေချင်လို့ စေတနာတွေ ၊ အချိန်တွေ၊ ငွေကြေးတွေ အကုန်အကျခံပြီး ကျွန်တော်တို့ ပြသထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ယဉ်ကျေးမှုတွေကို သိသိ၊ မသိသိ လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု မင်းဗညားဦးက ပြောသည်။

## 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း

ယဉ်ကျေးမှုပြခန်းအဝင်ဝ နဖူးစည်းတွင် ကျွဲချိုတပ်ဆင်ထားပြီး အောက်ဘက် ခွနှစ်ခုပါ နတ်စင်တိုင်ဟုခေါ်သည့်တိုင်တွင် ကျွဲချိုများ၊ ချေသားရေနှင့် ပြုလုပ်ထားသည့် မိုးကာများ ချိတ်ဆွဲပြသထားသည့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်းကလည်း လာရောက်လည်ပတ်သူတို့အတွက် စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

"ရွာတွေမှာဆို နတ်စင်ကုန်းပေ့ါ။ နတ်စင်တိုင်မှာ ကျွဲချိုကို ချိတ်ထားတယ်။ တစ်နေရာနဲ့တစ်နေရာ စစ်တိုက်လို့ အောင်တာတို့၊ ကောက်သစ်စားပွဲလုပ်တာတို့၊ နှစ်သစ်ကူးလုပ်တာတို့ဆို ကျွန်တော်တို့က ကျွဲကို သတ်ပြီး နတ်စင်ကုန်းမှာ ပျော်ပျော်ပါးပါးနဲ့ ချက်ပြုတ်စားသောက်တယ်။ ပြီးတော့မှ နတ်စင်တိုင်လေးပေါ်မှာ ချိတ်ထားတာ၊ အဲဒါကို အဝင်မုခ်ဦးမှာ ချိတ်ပြထားတာပါ"ဟု 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်းတာဝန်ခံ ဦးဂျစ်ဆိန်းက ရှင်းပြသည်။

## တီးခတ်သည့် အသံကိုလိုက်၍ အကြောင်းအရာကို ခွဲခြားသိရသည့် စည်ကြီးနှစ်လုံး

တစ်ဆက်တည်းမှာပင် တီးခတ်သည့် အသံကိုလိုက်၍ အကြောင်းအရာကို ခွဲခြားသိရသည့် သစ်သားဖြင့် ပြုလုပ်ထားသည့် စည်ကြီးနှစ်လုံးကို မြင်ရမည်ဖြစ်ပြီး အဆိုပါ စည်ကြီးနှစ်လုံးကို ရန်သူအချက်ပေးရာတွင်လည်းကောင်း၊ မီးရေးထင်းရေး အရေးပေါ်ကိစ္စများတွင်လည်းကောင်း၊ ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည့်အခါတွင်လည်းကောင်း တီးခတ်လေ့ရှိကြောင်း သိရသည်။

"ဘေးကနှစ်ခုက သစ်သားဗုံပေ့ါ။ အဖိုနဲ့ အမရှိတယ်။ ရွာတစ်ရွာမှာ နတ်စင် ကုန်းရှိမယ်။ အဲဒီဗုံကို ထားရတယ်။ တီးတဲ့လူက တီးပုံတီးနည်းကွာတယ်။ အသံကြားလိုက်ရင် ဒါက အစည်းအဝေးခေါ်တာ၊ ဒါကတော့ ရန်သူလာပြီ၊ အပြင်မှာရှိတဲ့ လက်နက်တွေစွဲ ကာကွယ်မယ်၊ အဲဒီလိုမျိုး၊ နောက် မီးလောင်တယ်ဆိုလည်း ထွက်ထွက် မီးဝိုင်းသတ်ရအောင်ဆိုပြီး တီးပုံတီးနည်းအသံကတော့ မတူပါဘူး"ဟု ဦးဂျစ်ဆိန်းက ပြောသည်။


'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း။


ဦးဂျစ်ဆိန်း

စာမျက်နှာ ၂၁ သို့

*စာမျက်နှာ ၂၀ မှ*

## လူနေမှုပုံစံကို တွေ့မြင်ရမည့် ရိုးရာအိမ်

တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်သည့် ‘ဂ’လူမျိုးတို့နေထိုင်ရာ ချစ်စဖွယ်အိမ်ကလေးကို ပြခန်းအတွင်း ဆောက်လုပ်ပြသထားပြီး အိမ်ကလေးအတွင်း တက်ရောက်လေ့လာမည်ဆိုပါက ‘ဂ’ လူမျိုးများသည် တောင်ပေါ်ဒေသတွင် အနေများသည့်အတွက်ကြောင့် မိသားစုမီးဖိုကို အိမ်အလယ်မှာထားကာ မီးလှုံရင်း၊ ချက်ပြုတ်စားသောက်သည့် အလေ့အထရှိသည့်အတွက် ၂၄ နာရီ မီးမွှေးထားသည့် မီးဖိုနှင့်အတူ အမဲခြောက်၊ ငရုတ်သီးခြောက်များ၊ စိုက်ပျိုးမျိုးစေ့များ တင်ထားသည့် ကျပ်ခိုးစင်တစ်ခုကိုပါ မြင်တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ရှေးအခါက မီးခြစ်မရှိသည့်အတွက် မီးရရှိရန် လုပ်ဆောင်ရသည့် အရာများကိုပါ ဗဟုသုတဖြစ်ဖွယ် ပြသထားသည်။

အိမ်ကလေးတွင် ကွပ်ပျစ်တစ်ခုကိုပါ ထည့်သွင်းတည်ဆောက်ထားပြီး လသာသောညများတွင် ‘ဂ’ အမျိုးသမီးများက ထိုကွပ်ပျစ်ပေါ်တွင် ပြုလုပ်လေ့ရှိသည့် ရက်ကန်းရက်ခြင်း၊ ချည်ငင်ခြင်းနှင့် ကွပ်ပျစ်ဘေးတွင် မောင်းထောင်းခြင်းပုံစံများကို ထည့်သွင်းပြသထားသည်။

“ဟိုခေတ်တုန်းက ‘ဂ’ တွေက ပင်ပန်းဆင်းရဲတယ်လေ။ နေ့လယ်မှာ တောင်ယာတစ်နေကုန်သွားတယ်။ ညပြန်လာတော့မှ အိမ်မှုကိစ္စလေးတွေ လုပ်ရတာ၊ အဲဒီမှာပဲ အရှေ့က လသာဆောင်မှာပဲလုပ်ကြတယ်”ဟု ဦးဂျစ်ဆိန်းက ရှင်းပြသည်။

ထို့ပြင် အိမ်ဘေးတွင်ကြက်ခြင်းများ၊ သစ်လုံးကိုထွင်းထားသည့် ပျားအိမ်သစ်ခေါင်း၊ ရေသယ်ရာတွင် အသုံးပြုသည့် ဘူးသီးခြောက်ရေဘူးများ၊ ကလေးငယ်တို့ ဆော့ကစားသည့်ကစားစရာများ၊ မိုးရာသီ လမ်းပန်းဆက်သွယ်ရေးခက်သည့်အတွက် တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အသုံးပြုရသည့် ကုလားမခြေထောက်နှင့်အတူ အိမ်အောက်တွင် တိရစ္ဆာန်မွေးမြူထားရှိမှုများကိုပါ ခင်းကျင်းပြသထားသည့်အပြင် ခြံဝင်းအတွင်း တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်သည့် ရှေးခေတ် ‘ဂ’ လူမျိုးတို့နေထိုင်ရာ ‘ဂ’ အိမ်ငယ်လေးများကိုပါ ပုံစံငယ်လေးဖြင့် ပြသထားရာ ‘ဂ’ လူမျိုးတို့ ၏ လူနေမှုပုံစံကို သဘာဝကျကျ မြင်တွေ့ရမည်ဖြစ်သည်။

ခြံဝင်းအတွင်း ရှေးခေတ် ‘ဂ’ လူမျိုးတို့ အသုံးပြုခဲ့သည့် သစ်သားထမင်းပေါင်းအိုး၊ ဝါးနီးဖြင့် ပြုလုပ်ထားသည့် ထမင်းစားပွဲ၊ နှစ် ၁၀၀ သက်တမ်းရှိ စဉ်းတီတုံး ဝန်တင်ပစ္စည်း၊ ငရုတ်ဆုံ၊ ‘ဂ’ ပြည်နယ် လုံထန်ဒေသထွက် ရိုးရာဆန်ကော၊ ဆန်ခါ၊ မောင်းထောင်ကျည်ပွေ့၊ ချိန်ခွင်၊ အဖိုး (၅) ဆက်တို့ထံမှ ဆက်ခံအသုံးပြုလာခဲ့သည့် ရေနွေးကရားအိုး၊ စသည့် အသုံးအဆောင်ပစ္စည်းများကိုပါ ခင်းကျင်းပြသထားသည်။

### နှစ် ၁၀၀ သက်တမ်းရှိ စဉ်းတီတုံး

“အသုံးအဆောင်က ရှေးခေတ်ကသုံးခဲ့တဲ့ ပစ္စည်းတွေ တော်တော်များတယ်။ စဉ်းတီတုံးတောင်မှ နှစ် ၁၀၀ ကျော်တဲ့ စဉ်းတီတုံးပါတယ်။ အဲဒီစဉ်းတီတုံးကဆုံပါ ထောင်းလို့ရတယ်။ အပေါ်မှာ ချင်း၊ ကြက်သွန်ဖြူတွေ လှီးမယ်၊ အသားတွေ လှီးမယ်၊ အထဲကို တစ်ခါတည်းထည့်ပြီး ထောင်းမယ်။ စဉ်းတီတုံးနဲ့ ငရုတ်ဆုံပါ တွဲလျက်ပါတယ်”ဟု ပြခန်းတာဝန်ခံ ဦးဂျစ်ဆိန်းက ရှင်းပြသည်။



တအာင်း(ပလောင်) တိုင်းရင်းသား တိုင်းရင်းသူ



တအာင်း(ပလောင်) ရိုးရာယဉ်ကျေးမှုပြခန်း

### လယ်ယာသုံးနှင့်အမဲလိုက်ရာတွင်သုံးသည့်ပစ္စည်းများ

ထို့ပြင် ပြခန်းအတွင်း လယ်ယာလုပ်ငန်းနှင့် အမဲလိုက်ရာတွင် အသုံးပြုသည့် ထယ်၊ ထယ်ဆွဲကြိုးနှင့် ကိရိယာ၊ စပါးရိုက်တံ၊ နွားခလောက်၊ ဆောက်၊ နွားလားဝန်တင်ကိရိယာ၊ နွားသားရေကြိုး၊ ပေါက်ဆိန်၊ သစ်သားပြည်တောင်း၊ လက်ရက်ဝါးနီး ထမင်းဘူး၊ တောင်ယာသွားရာတွင် အသုံးပြုသည့် ဝါးဖြင့် ပြုလုပ်ထားသည့် ရေဘူးရှည်၊ စပါး၊ မျိုးစေ့၊ ဆန်တို့ကို သိုလှောင်ထားသည့် ဝါးဘူးရှည်၊ ဒူးလေးတို့ကိုလည်း အမျိုးအစားစုံလင်စွာ ပြသထားသည်။

### တူရိယာပစ္စည်းများ

ဝါးပလွေ၊ မောင်း၊ ဗုံ၊ ဂစ်တာ၊ ဘူးပလွေ၊ ဝါးလက်ခုပ် စသည့် ‘ဂ’ လူမျိုးတို့၏ တူရိယာပစ္စည်းများကိုလည်း မြင်တွေ့ရမည်ဖြစ်သည့်အပြင် လက်ဖက်ခြောက်၊ လိမ္မော်သီး စသည့် ‘ဂ’ ဒေသထွက်ကုန်များ၊ ‘ဂ’ လူမျိုးတို့၏ သမိုင်းကြောင်းများ၊ အထင်ကရနေရာများ၊ ထင်ရှားကျော်ကြားခဲ့သည့် စော်ဘွားများ၊ သဘာဝရှုခင်းများ၊ တောင်ယာစိုက်ပျိုးနေပုံများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ စာအုပ်၊ စာပေမှတ်တမ်းများကိုပါ ဗဟုသုတဖြစ်ဖွယ် မြင်တွေ့ရမည်။

“သွေးချင်းတို့ရဲ့ ပွဲတော်မှာ ၁ ရက်ကနေ ၇ ရက်အထိ လုပ်တဲ့အခါမှာ ‘ဂ’ တွေရဲ့ အစားအသောက်၊ အနေအထိုင်၊ အဝတ်အစားတွေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ‘ဂ’တွေ ဘယ်လိုနေထိုင်တယ်ဆိုတာ မျက်ဝါးထင်ထင် မြင်တွေ့ရမှာ ဖြစ်ပါတယ်” ဟု ဦးဂျစ်ဆိန်း က ပြောသည်။

### တအာင်း(ပလောင်) ရိုးရာယဉ်ကျေးမှုပြခန်း

တအာင်း(ပလောင်) ရိုးရာယဉ်ကျေးမှု ပြခန်းတွင် ဝါးဖြင့် ဆောက်လုပ်ကာ သက်ငယ်ဖြင့် ခမောက်ပုံသဏ္ဌာန် မိုးထားသော အိမ်ရှေ့တွင် လက်ဖက်ခြောက်လှမ်းရန် ပြုလုပ်ထားသည့် ဝရန်တာပါ တအာင်း(ပလောင်) လူမျိုးတို့ နေထိုင်ရာ ရိုးရာအိမ်ကို ကြည့်ရှုလေ့လာခွင့်ရမည် ဖြစ်သည်။

“ကျွန်တော်တို့ဆီမှာက တောင်ပေါ်ဒေသဆိုတော့ ခနိမရှိဘူး။ သက်ငယ်မိုး၊ ဝါးထရံကာ၊ ရှေ့မှာ ဝရန်တာ ထုတ်ထားတယ်။ အိမ်တိုင်းမှာက တစ်နိုင်တစ်ပိုင် လက်ဖက်လုပ်တော့ လက်ဖက်ခြောက်တို့ ဘာတို့ လှန်းဖို့ပါ” ဟု တအာင်း (ပလောင်) ပြခန်းမှ မိုင်းအိုက်ကို က ပြောသည်။

### ခေတ်အဆက်ဆက် ပုဂ္ဂိုလ် ၁၈ ဦး၏ ဓာတ်ပုံများ

အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်နှင့် အိမ်၏ မျက်နှာစာတွင် ပလောင်လူမျိုးများအတွက် စာပေကို ပြုစုခဲ့သည့် အင်္ဂလိပ်၊ ယွန်း၊ မြန်မာဘာသာတို့ ရေးထိုးထားသည့် ခေတ်အဆက်ဆက် ပုဂ္ဂိုလ် ၁၈ ဦး၏ ဓာတ်ပုံများကို ချိတ်ဆွဲ ပြသထားသည်။

“ဒီကြားထဲမှာ ရှေ့မီနောက်မီ အသက်ရှင်တဲ့သူတွေလည်းရှိတယ်။ ဓာတ်ပုံအားလုံးပေါင်းက ၁၈ ပုံ၊ ပလောင်မှန်ရင် နေနဲ့ နဂါးက ဆင်းသက်လာတာကို ယုံကြည်ကြတာပေါ့။ ဒါ့ကြောင့် ဓာတ်ပုံအားလုံးရဲ့ အလယ်မှာ နေနဂါးဓာတ်ပုံကို ချိတ်ဆွဲထားတာပါ”ဟု မိုင်းအိုက်ကို က ပြောသည်။

ပြခန်းရိုးရာ အိမ်ရှေ့အဝင်တွင် တအာင်းရိုးရာဝတ်စုံ ရက်လုပ်နေမှုနှင့်အတူ တအာင်းလှပျိုဖြူလေးများက ရိုးရာဝတ်စုံအမျိုးမျိုး ဝတ်ဆင်ကာ ဧည့်သည်များကို နွေးထွေးပျူငှာစွာ ကြိုဆိုနေပြန်ရာ အမှတ်တရ လက်ဆောင်ဝယ်ယူသူများ၊ ဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားနေသည်။

### လက်ဖက် စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ

အိမ်ခန်း၏ အလယ်တွင် ကျပ်ခိုးစင်ပါ မီးဖို၊ ဘေးဘက်တွင် တအာင်း(ပလောင်) လူမျိုးတို့ တစ်နယ်မှ တစ်နယ်သို့ လက်ဖက်စိုများ လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်နိုင်ရန် အသုံးပြုသည့် လက်ဖက်ပို လက်ဖက်အရွက်စိမ်းများကို ရေနွေးငွေ့ဖြင့် ပေါင်းရာတွင် အသုံးပြုသည့် ကြေးပေါင်းအိုးကြီး၊ လှိမ့်နယ်ပြီးသော လက်ဖက်များကို အရည်အသွေးကောင်းစေရန် လပေါင်းများစွာ သိုလှောင်သည့် ပုတ်၊ လက်ဖက်ပုတ်မှ လက်ဖက်စိုများကို ပြန်လည်တူးထုတ်သည့် ကိရိယာ၊ လက်ဖက်ထည့်သည့် လွယ်ပလိုင်းများ၊ ခေါင်းလောင်းတစ်စုံ စသည်ဖြင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို အစီအရီပြသထားသည်။

“ခေါင်းလောင်းက လက်ဖက်ခူးတဲ့နေရာနဲ့ ဝေးတဲ့နေရာဆို လှမ်းမခေါ်နိုင်ဘူးလေ။ ဒါလေးလှုပ်လိုက်ရုံပဲ။ အသံတော်တော်ကျယ်တယ်၊ ဒါဆို ပြန်လာလို့ရပြီ။ ထမင်းစားလို့ရပြီ”ဟု မိုင်းအိုက်ကို က ပြောသည်။

ထို့ပြင် မျိုးစေ့များ၊ လက်ဖက်ခြောက်များ၊ အဝတ်အထည်များနှင့် အခြားသောပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်သည့် တောင်းများ၊ ခြင်းများ၊ ချောင်းများတွင် ပေါက်ရောက်လေ့ရှိသည့် အရွက်များဖြင့် ပြုလုပ်ထားသည့် မိုးကာများ၊ သမီးမိန်းကလေး အိမ်ထောင်ကျသည့်အခါတွင် ထည့်ပေးရသည့် ထန်းခေါက်ဖာကဲ့သို့ တောင်းများ၊ ရိုးရာချိန်ခွင်၊ ရိုးရာ ဆေးလိပ်ခွက်နှင့် ဆေးလိပ်ပါမကျန် ခင်းကျင်းပြသထားသည်။

“ဒီမှာ ပြထားတဲ့ ဆေးလိပ်က မိန်းမတောင်းရင်ပေးရတဲ့ ဆေးလိပ်၊ နောက်တစ်ခါ ကိုယ့်သားက သူများကို အမှားလုပ်ထားလို့ တောင်းပန်ရတယ်ဆိုရင်လည်း ဆေးလိပ်နဲ့ ပန်းဖြူနဲ့ဆို ခွင့်လွှတ်ရတယ်” ဟု မိုင်းအိုက်ကို က ပြောသည်။

ပျော်ပွဲရွှင်ပွဲများ၊ အခမ်းအနားများတွင် တအာင်းလူမျိုးတို့ တီးခတ်လေ့ရှိသည့် အိုးစည်၊ အရွယ်အစားအမျိုးမျိုးရှိသည့် မောင်းများ၊ လင်းကွင်းများကိုလည်း ပြခန်းတွင် ပြသထားသည်။

တအာင်း(ပလောင်) ပြခန်းတွင် တအာင်းလူမျိုးတို့ သမိုင်းမှတ်တမ်း၊ ပျံ့နှံ့နေထိုင်ရာ ဒေသများပြမြေပုံ၊ လက်ရှိအသုံးပြုနေသည့် စာပေအရေးအသား၊ တရုတ်နိုင်ငံတွင် တူးဖော်တွေ့ရှိသည့် တအာင်းလူမျိုးတို့၏ သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များ၊ ရွှေသွားစော်ဘွားခေတ်၏ မွန်ဂိုနှင့် တရုတ်ထန်မင်းဆက် ၊ တာတာမင်းဆက်နှင့် မင်မင်းဆက်တို့ အသိအမှတ်ပြု တံဆိပ်တုံးများ၊ တအာင်းလူမျိုးတို့ နေထိုင်ရာ ဒေသအသီးသီးကို လိုက်၍ ကွဲပြားသည့် အိမ်ပုံစံများ၊ တောင်ပိုင်စော်ဘွားကြီး ခွန်ပန်းစိန်၏ ဟော်နန်းနှင့် ရှေးခေတ် တအာင်းအမျိုးသမီးတို့ ဝတ်စားဆင်ယင်ပုံများ၊ တအာင်းအမျိုးသားဝတ်စုံများကို ဗီနိုင်းများဖြင့် ပြသထားရာ တအာင်းလူမျိုးတို့အကြောင်းကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်သည်။

**စုစည်းတင်ပြသူ– သီသီမင်း**
**ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ် မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။

### ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ။
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ။
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ။
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ။
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ။
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ။
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု ပြုလုပ်ရန် ဘယ်လ်ဂျီယံနိုင်ငံမှ လာရောက်ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုများ ပြုလုပ်ရန် ဘယ်လ်ဂျီယံနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကြား တွေ့ဆုံဆွေးနွေးမှုကို ယမန်နေ့က ရန်ကုန်မြို့မင်းရဲကျော်စွာ လမ်းရှိ ကုန်သည်စက်မှု အသင်းချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကုန်သည်စက်မှု အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက "ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး ဦးဆောင်ပြီး သံရုံးတာဝန်ရှိသူတွေ ဘယ်လ်ဂျီယံ စီးပွားရေးလုပ်ငန်းရှင်တွေလာတယ်။လွန်ခဲ့တဲ့နှစ်လလောက်ကစပြီး တွေ့ဆုံဆွေးနွေးဖို့ သူတို့ ပြင်ဆင်ထားတယ်။ လုပ်ငန်းစုံ၊ ကဏ္ဍစုံကနေလာပြီးတော့ ရင်းနှီးမြှုပ်နှံဖို့နဲ့ ကုန်သွယ်မှုပြုလုပ်ဖို့အတွက်လာရောက်ဆွေးနွေးတာပါ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ဖို့လုပ်နေတယ်။ ဥရောပမှာရှိတဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေပါတယ်။ ဒါကြောင့် ဘယ်လ်ဂျီယံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဈေးကွက်၊ မြန်မာနိုင်ငံရဲ့အလားလာတွေကို သိတဲ့အတွက် လာရောက်ဆွေးနွေးတာပါ" ဟု ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံရုံးမှ သံအမတ်ကြီး ဦးဆောင်၍ ဘယ်လ်ဂျီယံစီးပွားရေး လုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များပါဝင်သောအဖွဲ့တို့ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ထို့သို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်မှ စီမံကိန်းများနှင့်စပ်လျဉ်း၍ စီးပွားရေး အခွင့်အလမ်းများကို သက်ဆိုင်ရာ လုပ်ငန်း ကဏ္ဍများအလိုက် နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ကုန်သည်စက်မှု အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်လေးက "ဒီနေ့ဆွေးနွေးမှုက နှစ်နိုင်ငံကုန်သွယ်မှုအတွက် အထောက်အပံ့ဖြစ်မှာပါ။ ဆေးရုံလုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ နို့ထွက်ပစ္စည်းလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ နည်းပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ရှိမှုနဲ့ ပစ္စည်းကောင်းတွေကို လိုလားတဲ့အတွက် ဆွေးနွေးကြတာဖြစ်ပါတယ်။ အစိုးရနဲ့ရော ပုဂ္ဂလိကကဏ္ဍတွေနဲ့ရော ပူးပေါင်းဆောင်ရွက်ချင်တဲ့ဆန္ဒနဲ့ လာကြတာပါ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့နဲ့ ထောက်ပံ့မှုတွေ ပြုလုပ်ဖို့ ငွေကြေးသုံးစွဲမှုကို မြှင့်တင်ထားတယ်လို့ ပြောပါတယ်။ ဒါဟာ အားရစရာပါ" ဟု ဆိုသည်။

ဆွေးနွေးပွဲတွင် ပါဝင်သည့် ဘယ်လ်ဂျီယံနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက "နှစ်နိုင်ငံရဲ့ကုန်သွယ်မှုကို ပြန်လည်စတင်ဖို့နဲ့ ဘယ်လ်ဂျီယံနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားလို့ လာကြတာပါ။ ဘယ်လ်ဂျီယံနိုင်ငံက ကုမ္ပဏီ ၁၅ ခု ပါလာပါတယ်။ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးစတဲ့ သက်ဆိုင်ရာကုမ္ပဏီတွေ ပါပါတယ်" ဟု ပြောသည်။

ဘယ်လ်ဂျီယံနိုင်ငံ သံရုံးမှ သံအမတ်ကြီး ဦးဆောင်သော ဘယ်လ်ဂျီယံစီးပွားရေး လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့သို့ သွားရောက်ကာ လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တွေ့ဆုံဆွေးနွေးပွဲက သိရသည်။

**မင်းသစ်(MNA)**

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ဒီဇိုင်းရေးဆွဲသည့် သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Solize Engineering Cooperation တို့ ပူးပေါင်းစီစဉ်သည့် 3D CAD(CATIA –V5) ကို အခြေခံ၍ ဒီဇိုင်းရေးဆွဲသည့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပင်မဆောင်ရှိ ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ 3D CAD (CATIA–V5) ကိုအခြေခံ၍ ဒီဇိုင်းရေးဆွဲသည့် သင်တန်းကို ဂျပန် သင်တန်းဆရာကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနေစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (သင်ကြား)(တာဝန်) ဒေါက်တာစန္ဒာနိုင်က အမှာစကား ပြောကြားခဲ့ပြီး Solize Cooperation မှ Mr. Suzuki Yukihito က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် ဒီဇိုင်းပုံစံများရေးဆွဲသည့် အဆင့်မြင့်ပညာရပ် သင်တန်းသည် ဒုတိယအကြိမ်မြောက် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး ၂၀၁၈–၂၀၁၉ ပညာသင်နှစ်၏ ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၃၀ ကို မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်တွင် သုံးလကြာအခမဲ့ ဖွင့်လှစ်သင်ကြားပေး လျက်ရှိကြောင်း သိရသည်။

Solize Engineering Cooperation အနေဖြင့် သင်တန်းသားများအား မေလတွင် လုပ်ငန်းခွင်ဝင်ရောက်ရန် အင်တာဗျူး ပြုလုပ်ပေးမည်ဖြစ်ပြီး အောင်မြင်သူများအား ဂျပန်နိုင်ငံ Solize Engineering Cooperation တွင် နိုဝင်ဘာလ၌ စတင်ခန့်အပ်မည်ဖြစ်ပြီး လုပ်ငန်းခွင်မဝင်ရောက်မီ ကာလအကြား ဂျပန်ယန်းငွေ ၂၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Solize Engineering Cooperation တို့ ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူများက 3D CAD(CATIA–V5) ကို အခြေခံ၍စက်မှုကုန်ထုတ် လုပ်ငန်းနှင့်ပတ်သက်သော ဒီဇိုင်းရေးဆွဲပေးနိုင်သည့် နည်းပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိနိုင်မည် ဖြစ်ပြီး ဂျပန်နိုင်ငံရှိ တက္ကသိုလ်များ၏ စက်မှုလုပ်ငန်းများတွင် အဆင့်မြင့် ပညာရပ်များ ဆက်လက်ဆည်းပူး နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်သည့် အကျိုးကျေးဇူးများလည်း ရရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – လင်းညွန့်**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေး

**တန့်ယန်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးကြီးမှူး၍ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးရန်ဆယ်ခင်ဆားရ်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဖြိုးမောင်မောင်တို့က မြို့နယ်အဆင့်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်းအရာများကို အသိပညာပေး ဟောပြောကြကာ ကလေးသူငယ်များအတွက် အခွင့်အရေး၊ ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားခဲ့သည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## မင်းဘူးခရိုင်ရှိ ကျေးရွာပေါင်း ၃၂ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင်းရှိ ကျေးရွာပေါင်း ၃၂ ရွာရှိ ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချ နိုင်ရန်၊ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် ကျေးလက် ကုန်ထုတ် လမ်းတံတားလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေး လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။

၂၀၁၉–၂၀၂၀ ခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၇၆ ဒသမ ၅၇၅ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း ကိုးလမ်း၊ Box Culvert သုံးစင်း၊ ကွန်ကရစ်တံတား နှစ်စင်း၊ ရေပြွန် ၃၃ စင်းကိုလည်းကောင်း၊ ရေရရှိရေးလုပ်ငန်းများအနေဖြင့် ခွင့်ပြုရန်ပုံငွေကျပ် ၃၉၂ ဒသမ ၉၆၇ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ၁၂ ခု၊ စက်ရေတင်လုပ်ငန်းတစ်ခု၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း သုံးခုနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ငါးခုတို့ကို တင်ဒါအောင်မြင်သော ကုမ္ပဏီများ မှဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများကလည်း လုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်အချိန်အတွင်း လုပ်ငန်းပြီးစီးရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရိန်(မင်းဘူး)**

## သုံးခွမြို့၌ စာပေဟောပြောပွဲ ကျင်းပ

**သုံးခွ ဖေဖော်ဝါရီ ၄ –** ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက် အနော်ရထာလမ်းရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ မြို့ခံစာပေချစ်မြတ်နိုးသူများ၏ စီစဉ်မှုဖြင့် သတ္တမအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်က ကျင်းပသည်။ ဖေဖော်ဝါရီ ၁ ရက်တွင် ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က စာပေစကား စာပေမြားနှင့် ဆရာ သရဝဏ်(ပြည်)က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ဆရာမနှင်းဝေငြိမ်းက တကယ်ချစ်ရဲ့လားနှင့် ဆရာနေဝင်းမြင့်က မင်္ဂလာရှိတဲ့ဘဝခေါင်းစဉ်များဖြင့် လည်းကောင်း ဟောပြောခဲ့ကာ ဟောပြောပွဲသို့ သုံးခွမြို့နယ်အတွင်းမှ စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့သည်။ **ကိုကျော်(သုံးခွ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်မှ ၃၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၁ | မင်ခြစ်ကောက်ကြောင်းများ | မင်းသေ့ | ပန်းဆက်လမ်း | ၃၀၀၀ |
| ၁၂ | သတိရတိုင်းမျက်ရည်ကို ဆွဲထုတ်ကြည့်တော့ ကောင်းကင်ကြီး ကအဝါရောင် | နေလွဏ်းအိမ် | ရွှေလာဘ် | ၁၉၀၀ |
| ၁၃ | နန်းဓလေ့မှတ်တမ်းများ | မြကေတု | ကြီးပွားရေးစာအုပ်တိုက် | ၄၅၀၀ |
| ၁၄ | ကချင်ပုံပြင်(ဒုတိယတွဲ) | လူထုဦးလှ | ကြီးပွားရေးစာအုပ်တိုက် | ၂၅၀၀ |
| ၁၅ | မန္တလေး၏နှလုံးသားကိုဖြတ်သန်းခြင်း | မောင်သင်းပန် | ကိုလတ်စာပေ | ၃၅၀၀ |
| ၁၆ | အကယ်၍ထပ်ချစ်ဖြစ်ခဲ့ရင် | Pheno | ကိုလတ်စာပေ | ၂၀၀၀ |
| ၁၇ | အိမ်မက်တွေကအစ သာယာပါစေ | စည်သူ(ရွှေကန်မြေ) | ကိုလတ်စာပေ | ၂၀၀၀ |
| ၁၈ | ချစ်သူရယ်ဖို့ ကဗျာများ | သျှောင်ကေရှင် | ကိုလတ်စာပေ | ၂၀၀၀ |
| ၁၉ | အောင်ဆန်းတို့–အမေ အောင်ကျော်တို့–အမေ | အံ့မောင် | ယဉ်မျိုး | ၃၀၀၀ |
| ၂၀ | မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ် | ရွှေညောင်မြေ မောင်စန်းမြင့် | ရှင်မတောင် | ၂၀၀၀ |
| ၂၁ | ပစ်ဖဲ ကဗျာ | လင်းသက်ငြိမ် | ကိုလတ်စာပေ | ၂၀၀၀ |
| ၂၂ | အဝေးပြေးလူ | ဝေယံနွယ် | ကိုလတ်စာပေ | ၂၅၀၀ |
| ၂၃ | Petrichor | Nayvel | ကိုလတ်စာပေ | ၃၅၀၀ |
| ၂၄ | စိတ်ဓာတ်ခွန်အားဖြည့် ၁ မျက်နှာကာတွန်းများ | အောင်ဆန်းကျော် | ကိုလတ်စာပေ | ၂၀၀၀ |
| ၂၅ | ဝေးပြီး | ကျော်ထက်ထွေး | ကိုလတ်စာပေ | ၂၀၀၀ |
| ၂၆ | လက်ဆော့ထားသောဝါကျများ | နရီမင်း | ကိုလတ်စာပေ | ၄၀၀၀ |

# "ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် ကို (၁.၁.၂၀၂၀) မှ (၃.၁.၂၀၂၀) အထိ (၃) ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ ထိုဓမ္မသဘင် ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့် ဟောကြားပေးပါသော ဆရာတော်ကြီးများဖြစ်သည့် . . .

- ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)
- ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)
- ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်)

ဆရာတော်ကြီးများနှင့် ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိနှင့် သံဃာတော်များအားလည်းကောင်း၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ တရားနာဓမ္မမိတ်ဆွေအပေါင်းအား လည်းကောင်း၊ (၃) ရက်တိုင်တိုင် တရားနာကြွရောက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့် ဇနီး ဒေါ်ခင်မိမိကြွယ် တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများအား လည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြုကော်မတီနှင့် မြေပြင်အထောက်အကူပြု ကော်မတီအား လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုပွဲကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား လည်းကောင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်း၊ ဝိသာခါ ဖောင်ဒေးရှင်း၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအမှု ဆောင်အဖွဲ့၊ ရွှေပါရမီဖောင်ဒေးရှင်းတို့အား လည်းကောင်း၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကြပါသော အလှူရှင်ကြီးများနှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းပေးကြပါသော အလှူရှင် အသီးသီးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့အားလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ Tun Thwin Mining Co., Ltd ၊ Fortune Int'l Ltd. ၊ Pacific AA Group၊ လှကမ္ဘာပရိဘောဂ၊ သိန်းမြန်မာ ခန်းဆီးလိုက်ကာလုပ်ငန်း၊ Myanmar Best Security Services Co., Ltd. ၊ Naung Yoe Technologies Co., Ltd၊ ကြာငါးခိုင် သက်န်းတိုက်၊ ပန်းဝါသနာရှင်များ အသင်း၊ A1 စိုးမြင့် စည်သူတင်တင်မြ တေးဂီတအဖွဲ့နှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၊ ဦးချမ်းငြိမ်း+ဒေါ်အေးအေးထွန်း မိသားစု၊ KBZ Bank၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ Music World Co., Ltd၊ Mega Engineering Group၊ ACT Co၊ ဦးမင်းသူ၊ Decoland Group Co., Ltd၊ Myanmar Fisca၊ Vanguard Engineering Solution Co., Ltd ၊ SKY NET၊ MRTV 4၊ Fortune TV ရုပ်သံလိုင်းများ၊ MPT ၊ Mytel ၊ ဝိမုတ္တိသတင်း၊ YRTA ၊ FM Radio သတင်းဌာနများ၊ အခမဲ့သတင်းရေးသားပေးပါသော သတင်းစာ၊ ဂျာနယ်များအားလည်းကောင်း၊ ဝိတိုရိယဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ Grand Hantha Int'l ဆေးရုံ၊ ပင်လုံဆေးရုံ၊ SSC ဆေးရုံ၊ OSC ဆေးရုံ၊ ဗဟိုစည်ဆေးရုံ၊ တိုင်းကျန်းမာရေး ဆေးရုံတို့အား လည်းကောင်း၊ မေတ္တာစေတနာအပြည့်အဝဖြင့် လာရောက်ကူညီဆောင်ရွက် ကုသိုလ်ယူကြသော ပရဟိတအသင်းအဖွဲ့များ ဖြစ်ကြသည့် ရန်ကင်း (၄) ရပ်ကွက်လူငယ်၊ ပါရမီရှင်၊ မြန်မာ့မီးရထားဝင်း၊ ရွှေဘုန်းပွင့် ဝေယျာဝစ္စ၊ စိတ္တဇ (မရမ်းကုန်း)၊ ရွှေတိဂုံ ဝေယျာဝစ္စ၊ ပေးဆပ်သူများ၊ ကုသလဝါယမ၊ ငမိုးရိပ်စံပြဈေး၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဒဂုံ၊ လင်းလက်ကြယ်စင်၊ NLD လူငယ်၊ ပုသိမ်ညွန့်လူမှုကူညီရေး၊ တော်ဝင် ဂရုဏာဖောင်ဒေးရှင်း၊ အကြင်နာကုသိုလ်ပြုအဖွဲ့၊ ရွှေလောင်းလှေဖောင်ဒေးရှင်း၊ Excel Security Services ၊ Shwe Sin Construction Engineering Co ၊ Seagull Co ၊ ရွှေအင်အား၊ DGM ၊ Zabu Yadana Broker Co ၊ YRO Taxi ၊ YOTUU Taxi ၊ KiloTaxi ၊ H&PTaxi ၊ O&D Taxi ၊ UTD Taxi ၊ MCU Taxi ၊ ပရဟိတအသင်းများအား လည်းကောင်း၊ သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊ အောင်သုခ ထမင်းဆိုင်၊ ရွှေပြည်နန်းကုမ္ပဏီလီမိတက်၊ ရွှေအာဟာရစားသောက်ဆိုင်၊ မျိုးဆက် (စိမ်းလန်းမြေ) မိသားစု၊ စန္ဒီဘယဆေးမိသားစု၊ DSH & Mistral Co., Ltd ၊ EPCM Myanmar Co., Ltd ၊ Fairway Maritime Service Co., Ltd ၊ Garmani Zeya Co., Ltd ၊ Great Power Group Co., Ltd ၊ Happy Friday (ကန်တော်ကြီး) ၊ Mingalar May (မင်္ဂလာဈေး)၊ Myat Myitt Tar Mon Co., Ltd ၊ Sea Crown Marine Service Co., Ltd ၊ Seaberg Co., Ltd ၊ Shwe Kaung Hot Pot ၊ Shwe Byine Phyu Trading ၊ Trade Wind Co., Ltd ၊ Win & Win Co., Ltd ၊ Uniteam Marine Co., Ltd ၊ YP7 Co., Ltd ၊ H Life Co., Ltd ၊ Grand Royal Co., Ltd ၊ အောင်ဝမ်းမုန့်တိုက်၊ Khant Thu Hein Group of Co., Ltd ၊ ရွှေပုစွန်မိသားစု၊ ကာတွန်းမုန့်တိုက်၊ ရတနာပင်လယ် အာမခံ စိန်ရွှေရတနာဆိုင်၊ Wave Plus သောက်ရေသန့်၊ အာရုဏ်ဦး စားသောက်ဆိုင်၊ Proridine မိသားစု၊ လော်မန်စီ ဗုဒ္ဓရာမဘုရားကျောင်း၊ Sunday Coffee၊ KTM သောက်ရေသန့်၊ IBA Co., Ltd ၊ Myanmar Max Water Co., Ltd ၊ စတားရွှေစင် ရွှေဆိုင်၊ MC Pharmaceutical Co., Ltd ၊ စော်ဘွားလေးဘိုဘိုမောင်၊ Lucky စိန်ရွှေရတနာဆိုင်၊ Alpine သောက်ရေသန့်၊ ဇီဝနန်းတော် ပရုတ်ဆီ မိသားစု၊ ဒေါ်ပိုပို၊ ဒေါ်မြမြရီ၊ ဒေါ်ချိုပြုံး၊ ဒေါ်လွင်လွင်အောင်၊ ဦးနိုင်ဝင်း၊ ဦးဝတုတ်၊ ဦးကျော်ဇေယျာလင်း၊ ဝတ်မှုံရွှေရည်တို့အား လည်းကောင်း၊ ဓမ္မသဘင်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြပါသော ဓမ္မမိတ်ဆွေအပေါင်းတို့အား လည်းကောင်း၊ ကျေးဇူးတင်ရန်ကျန်ရှိနေသော ဓမ္မမိတ်ဆွေညီအစ်ကိုမောင်နှမများနှင့် အလှူရှင်များအား လည်းကောင်း၊ တရားကို မြတ်နိုး၊ တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာ မိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူး ဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နှစ်သစ်ကူးတရားအလှူ ဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ

## အမည်မှန်ကန်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ကမ်းမြောင်ရွာနေ (ဘ)ဦးထန်ဟား ၄/ပလဝ(နိုင်)၀၁၄၀၇၄ ၏သား ဆလိုင်းထန်ဆန်း ၁၂/တကန(နိုင်)၁၇၁၃၃၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အထက(ခွဲ)တောင်ဒီး Grade (5) မှ နန်းစန္ဒာလှဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိန်ပန်းကြည်လှ ၃/ကဆက(နိုင်)၀၉၅၂၃၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ အထက တောင်ဘက်ကမ်းကျောင်း Grade(2) မှ မခင်မဒီထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၇/ညလပ(နိုင်)၂၂၅၄၅၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဦးကျော်မျိုးအောင်၏သား အထက-၂(စစ်တွေ)ဆဋ္ဌမတန်း(စနစ်သစ်-B)မှ မောင်စည်သူအောင်အား မင်းဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မင်းဟိန်းထက်**

## မွေးသက္ကရာဇ်အမှန်

မြေပုံမြို့နယ်၊ ဘားဝေကျေးရွာနေ ဦးစံလှ၏သမီး မဇင်မာဦး ၁၁/မပတ(နိုင်)၀၉၈၀၃၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၁-၁၉၉၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မစုစုဝေ၏ဖခင် ဦးထွန်းဝေ၏ အမည်မှန်မှာ ဦးထွန်းငွေ ၈/ပခက(နိုင်)၁၀၁၁၃၅ ဖြစ်ပါကြောင်း။

**ဦးထွန်းငွေ**

## အမည်မှန်

ပခုက္ကူမြို့နယ်၊ ဘဲကြီးအုပ်စု၊ ဘဲကြီးရွာနေ(ဘ)ဦးထေထွေးရီ၏သမီး ဒေါ်ငွေးမြင့်၏ အမည်မှန်မှာ ဒေါ်ငွေးငွေးမြင့် ၈/ပခက(နိုင်)၁၁၈၁၅၂ ဖြစ်ပါကြောင်း။

**ဒေါ်ငွေးငွေးမြင့်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရာနီး ၁/မကန(နိုင်)၂၅၁၈၄၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၇၈၈၂၅၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဒေဘီပါရာဆပ် ၁/မကန(နိုင်)၁၆၆၆၉၉ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၀၆၀၆၃၃**

## မိဘအမည်မှန်

မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာနေ မသင်းသင်းအေး၏ မိဘအမည်မှန်မှာ ဦးဘိုအေး ၁/မကတ(နိုင်)၀၈၀၈၁၈နှင့် ဒေါ်မာမာအေး ၁/မကတ(နိုင်)၀၅၀၁၄၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကိုယ်ပိုင်အမှတ် လ/၁၃၄၅၇၆ ဖြစ်သူ ကျွန်တော် တသတင်ထွန်း(စည်ပင်ရဲတပ်ဖွဲ့)ပိုင်ဆိုင်သည့် မြေချပါမစ် (၉၀/၁၃၂၈)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၄၇၅၈၁၃၊၀၉-၈၉၂၁၁၉၂၉၇**

---

## ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စိန်ပန်း
### ကျောင်းဆရာမကြီး(ငြိမ်း)၊ ပေါက်တောမြို့
### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ ရပ်ကွက်(၂)နေ (ဦးမြထွန်းကျော်-ဒေါ်စံသာဖြူ)တို့၏သမီး လတ်၊ (ဦးအောင်ကျော်သိန်း) (မူ/အုပ်-ငြိမ်း)၏ဇနီး၊ ဦးထွန်းဦးကျော်-ဒေါ်တင်တင်မေ၊ ဦးသန်းထွန်း-(ဒေါ်အေးကျော့)၊ ဦးအေးမောင်-ဒေါ်လှလှခင်၊ ဦးသန်းထွန်း- ဒေါ်အေးခင်၊ ဦးတင်မောင်ဦး-ဒေါ်အေးကြည်၊ ဦးအေးထွန်းမောင်-ဒေါ်ညိုညိုမြင်း၊ ဒေါ်အေးတင်၊ ဦးအောင်တင်ထွဋ်-ဒေါ်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်စိန်ပန်းသည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်နံပါတ်(၃၇-B2/A2)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဗိုလ်မှူးသိန်းအေး (ငြိမ်း)
### ရေ - ၃၂၈၂
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် - ၃၆
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက် (၈၁) နှစ်

မော်လမြိုင်မြို့နေ (ဦးရွှေသွင်-ဒေါ်နှင်းယုံ) တို့၏သား၊ မုဒုံမြို့နေ (ဦးဘခွေး-ဒေါ်မာရင်) တို့၏သားသမက်၊ ဒေါ်နွယ်နွယ်ရီ (ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး-ငြိမ်း) ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းသိန်း)-ဒေါ်ခင်မေသွင်၏မောင်၊ (ဦးမြင့်တင်)-ဒေါ်ခင်သိမ်ကြီး၊ ဦးတင်လတ်-ဒေါ်သိန်းကြည် (Canada) တို့၏ညီ၊ ဒေါက်တာဦးလှသောင်း-ဒေါ်သန်းသန်းစော၊ ဒေါက်တာသန်းမောင်လွင်-ဒေါ် ခိုင်ခိုင်သိန်းလွင်(UK) တို့၏အကို၊ တူ/တူမ (၁၂) ယောက်တို့၏ ဘကြီး/ဦးလေးဖြစ်သူ ဗိုလ်မှူးသိန်းအေး (ငြိမ်း) သည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် (၀၀:၀၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် (၁၁) နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့) တွင် ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ နဝရက်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် (၂၃) သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးသိန်းအေး (ငြိမ်း)
### ရေ - ၃၂၈၂
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် - ၃၆
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက် (၈၁) နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ နဝရက်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် (၂၃) နေ ဒေါ်နွယ်နွယ်ရီ (ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး-ငြိမ်း) ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးသီဟ (MD, E Guard Environmental Services)-ဒေါ်နုနုအောင် (ထာဝရမင်္ဂလာပါ စားသောက်ဆိုင်-ပုဂံမြို့)၊ ဦးစိန်ဘိုအောင်-ဒေါ်သီရိအေး၊ ဒေါက်တာမိုးစန္ဒီအေး (ခ) လုံးငယ် (Western Australia) တို့၏ဖခင်၊ မဇင်ဝင့်ဝါနှင်း၊ မဆုရွှန်းထက်၊ မဆုလျှမ်းထက်၊ မဆုယမင်းထက်တို့၏ အဘိုး ဗိုလ်မှူးသိန်းအေး (ငြိမ်း) သည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် (၀၀:၀၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် (၁၁) နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးသိန်းအေး (ငြိမ်း)
### ရေ - ၃၂၈၂
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် - ၃၆
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ နဝရက်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် (၂၃) နေ ဦးအေးသီဟ (MD, E Guard Environmental Services) ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းအေးသည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် (၀၀:၀၅) နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

E Guard Environmental Services

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးသိန်းအေး (ငြိမ်း)
### ရေ - ၃၂၈၂
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် - ၃၆
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ နဝရက်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် (၂၃) နေ ဦးအေးသီဟ (Director, United Forestry Services Company Limited) ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းအေးသည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် (၀၀:၀၅) နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

United Forestry Services Company Limited

---

## အထူးကျေးဇူးတင်ရှိခြင်း
### (အောက်မေ့သတိရခြင်း ဆုတောင်းစည်းဝေးဖိတ်ကြားခြင်း)
### ဦးလဗျနော်လုံး
### အသက်(၇၈)နှစ်

(၃၁-၁-၂၀၂၀)ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သော ဦးလဗျနော်လုံး အသက်(၇၈)နှစ် လျှပ်စစ်မှူး(ငြိမ်း)၊ အင်ဂျင်နီယာဌာန၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ဖိုတိုလစ်တိုပုံနှိပ်တိုက်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ နာရေးတွင် လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရွှေလမင်းဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာ/ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ ရွှေလမင်းဆေးရုံကြီး၌ တက်ရောက်ကုသစဉ်လာရောက်အားပေးစကားပြောကြားသော၊ ဆုတောင်းခြင်းဖြင့် မေတ္တာပြခဲ့ကြသော အသင်းတော်များမှ ဆရာတော်ကြီးများနှင့် မိတ်ဆွေမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ (၃-၁-၂၀၂၀)ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ပြုလုပ်ပြီးစီးခဲ့သော ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်ခြင်း အခမ်းအနားသို့ ကြွရောက်ပို့ဆောင်ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအားအထူးကျေးဇူး တင်ရှိပါကြောင်းနှင့် ဆက်လက်ပြီး အောက်မေ့ဘွယ် ဝတ်ပြုကိုးကွယ်ဆုတောင်းခြင်း အစီအစဉ်ကို (၇-၂-၂၀၂၀)ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အမှတ်(၄၀)ဘီ၊ရွှေပြည်အေးလမ်း၊စမ်းချောင်းမြို့နယ်ရှိကချင်ခရစ်ယာန်အသင်းတော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြိုင်
### (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
### (စာရေးဆရာ မင်းဘူး အောင်ကြိုင်)
### အသက်(၇၈)နှစ်

၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ပုဂံဒေသအတွက် အစားထိုးမရသော ဆုံးရှုံးမှုအား အဆောက်အဦ အထူးအဖွဲ့(၇)၊ ငလျင်ဒဏ်သင့်ပုဂံဘုရားများ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦ အထူးအဖွဲ့(၇)**
**ညောင်ဦးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးသိန်းအေး (ငြိမ်း)
### ရေ - ၃၂၈၂
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ် - ၃၆
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အသက် (၈၁) နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် EMBA 14th Batch ၏ ဥက္ကဋ္ဌဦးအေးသီဟ (MD, E Guard Environmental Services) ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းအေးသည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် (၀၀:၀၅) နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

EMBA 14th Batch သူငယ်ချင်းများ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီသွယ်(ခ)အဖွားဝိုင်း
### အသက်(၇၈)နှစ်

မိမိတို့၏ အစ်ကိုရင်း အစ်မရင်းကဲ့သို့ ချစ်ခင်လေးစားရပါသော ဦးလှငွေး (ဒု-ပြည်နယ်မှူး၊ ရှမ်း/မြောက်၊ လ.ဝ.က)-ဒေါ်နွေသန္တာ(ခ)ယဉ်မျိုးသွယ်၊ ဒုတိယဗိုလ်မှူးကြီးကျော်စွာမြင့် (ငြိမ်း)-ဒေါ်ခင်မိုးဖြူသန်းတို့၏မိခင်ကြီး ဒေါ်ရီရီသွယ်(ခ) အဖွားဝိုင်း သည် ၄-၂-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လားရှိုး ခရိုင်(လဝက)ဦးစီးမှူးနှင့် ဝန်ထမ်းမိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အုန်းကြိုင်
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၅၉၅)နေ (ဦးသိန်းဟန်)၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်မြသွေး(မြရတနာရွှေဆိုင်)၊ ဦးအောင်မြင့်-ဒေါ်လှငွေး(မြို့မရွှေဆိုင်)၊ (ဦးသန်းကျော်)၊ (ဦးဇော်မင်း)၊ ဦးစိုးပိုင်-ဒေါ်ဝင်းဝင်း ရွှေ(မြို့မခန်းမ)တို့၏ မိခင်ကြီး၊ မြေး(၁၀)ယောက်၊မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးဒေါ်အုန်းကြိုင်သည် ၄-၂-၂၀၂၀ရက် နံနက် ၈:၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက် နံနက်၇နာရီမှ ၁၀နာရီထိ ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ နေအိမ်မှကားများ ၆-၂-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးပု(ရမ်းဗြဲ၊ လေးတောင်၊ ကျောက်တွေ)
## အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၂၁)မြေညီထပ်နေ (ဦးဘိုးအေး-ဒေါ်သာမ)တို့၏သမီး၊ (ဦးသန်း)၏ဇနီး၊ ဒုမှူးကြီးကျော်ခင်(ရခိုင်ပြည်နယ်ဝန်ကြီး (ငြိမ်း)၊ ဒေါ်ကြူကြူတင်၊ ဦးထွန်းအောင်၊ ဒေါ်ဝင်းနု၊ (ဦးဘထွန်း)၊ ဒေါ်ဝင်းအောင်(စည်ပင်-ယာ/အုံငြိမ်း)၊ ဦးကြည်ဝင်း၊ ဒေါ်ဝင်းလှ၊ ဦးသန်းအောင်(ဒု-အရာခံဗိုလ်-ငြိမ်း၊ တကသ-၁)၊ ဒေါ်ဝင်းမြိုင်(မြန်မာ့ သစ်လုပ်ငန်း)တို့၏မိခင်၊ မြေး (၁၁)ယောက်၊ မြစ်(၁၁)ယောက်တို့၏အဘွားသည် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၄:၄၅ နာရီတွင် ရွှေဂုံတိုင်(SSC)ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက် (တနင်္လာနေ့)တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အိမ်အမှတ်(၂၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်သက်ရီစိန်(ခ)ဒေါ်သန်းသန်းငွေး
## BA(English)၊ အထက(၁)ဒဂုံကျောင်းသူဟောင်း
## အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၁၁၆)၊ (၂၁)လမ်းနေ (ဦးမောင်စိန်)-ဒေါ်ရီရီမြင့်တို့၏သမီးငယ်၊ (ဦးချစ်ဆွေ-ဒေါ်မိငွေး)တို့၏ သမီးချွေးမ၊ ဦးကြည်ဝင်း(One Star အထည်အလိပ်ရောင်းဝယ်ရေး၊ ၂၅လမ်း)၏ချစ်လှစွာသောဇနီး၊ မဆုမြတ်နိုး၊ မမြတ်သဒ္ဒါခိုင် တို့၏ချစ်လှစွာသော မိခင်၊ ဒေါ်အေးအေးသန့်၊ ဒေါ်လွဲ့ရီစိန်၊ ဒေါ်နှင်းဖြူစိန်တို့၏ညီမသည် ၃-၂-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) **ကျန်ရစ်သူမိသားစု**

## ဒေါ်သင်းသင်းနွယ်(ခ)
## မြင့်မြင့်သန်း
### ဘောဘီသင်း(သထုံ)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၆၊ နတ်မောက်ရိပ်သာလမ်း(ကုက္ကိုင်း)၊ ဆရာစံရပ်ကွက်နေ (ဦးအောင်သင်း-ဒေါ်မြညွန့်)တို့၏သမီး၊ ဦးကြည်ဟန်-(ဒေါ်မြင့်မြင့်အေး)တို့၏ညီမ၊ ဦးတင်မြင့်၊ ဦးသိန်းဝင်း၊ ဒေါ်အေးသင်းညွန့်တို့၏အစ်မ၊ ကိုသက်အောင်လွင်- ဒေါက်တာမြတ်မြတ်သော်၊ ကိုမျိုးအောင်နိုင်လွင်၊ မဝေသဥ္ဇာလွင်၊ မမေသဥ္ဇာလွင်၊ ကိုဝင်းထွဋ်လွင်၊ မဖြူဖြူသင်း၊ မဇင်မေပြုံး၊ မောင်အောင်မြတ်မျိုးလွင်တို့၏အဒေါ်၊ အိမ့်သက်ဖူးမြတ်၊ ဆုမြတ်ထက်တို့၏ အဘွားလေးသည် ၃-၂-၂၀၂၀ရက် ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၂ယ/၈၅၁၂၄ Luajia-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်လွင် ၁၄/ပသန(နိုင်)၂၄၇၁၃၃က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ဦးလှအေး(ဝါးနက်ချောင်း)
## က.ပ.ရ(ငြိမ်း)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းဖေ-ဒေါ်လှတင်)တို့၏သား၊ (ဦးသိန်း-ဒေါ်တင်တင်)တို့၏သားသမက်၊ အမှတ်(၆၄၄/က)၊ ချယ်ရီ လမ်း၊(၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဒေါ်ခင်စိန်(ပညာရေးသုတေသန၊ ငြိမ်း)၊ (ဒေါ်သန်းမေ)၊ ဒေါ်အုန်းမြင့်(ဘ.က)၊ ဦးတင်အောင်သန်း(အခြေခံ၊ ငြိမ်း)-ဒေါ်နွဲ့နွဲ့ကြည် (ကျောင်းပြင်ပ ပညာရေး၊ ငြိမ်း)၊ ဦးအောင်ဆွေ-ဒေါ်မြင့်မြင့်သန်း(လှိုင်သာယာမြို့နယ်)၊ ဒေါ်မြင့်မြင့်တင်(Y.U.F.L)၊ (ဦးမောင်ထွေး)၊ ဦးမောင်အေးတို့၏ အစ်ကိုကြီး၊ မအိအိခင်(လယ်ယာဘဏ်ရုံးချုပ်)၊ ကိုကျော်ကျော်ဝင်း(Raffles Shipping)-မယုယုထွန်းတို့၏ဖခင်၊ မမေမြတ်နိုး၊ မောင်မင်းဘုန်းမြတ်တို့၏ဘိုးဘိုးကြီး၊ မောင်လေးအောင်(ကျောင်းပြင်ပပညာရေး)-မလင်းလင်းထွန်း(ကျောင်းပြင်ပ ပညာရေး)၊ မောင်တင်ထွေး-မခိုင်ခိုင်ဆွေ၊ မောင်ထက်အောင်-မသိမ့်သိမ့်အေး၊ မောင်အောင်ကျော်-မနေခြည်တို့၏ဘကြီးသည် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့)ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

# ကျေးဇူးတင်ရှိခြင်း

(၃၀-၁-၂၀၂၀)ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သူ ကိုသော်မိုးသက်(ခ)ကိုသူ၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော အမှတ်(၁)ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးကြီး အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်ဆွယ်(တံတားဦး)မှ အရာရှိ အရာခံ အကြပ်တပ်သားများ၊ စစ်ဘက်၊ ရဲဘက်၊ နယ်ဘက်မှ အစ်ကိုကြီး၊ အစ်မကြီးတို့၏ ဆရာသမား၊ သူငယ်ချင်းများ၊ မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေးတိုင်းမန်နေဂျာ ဆရာ ဦးငွေးလှနှင့် ဇနီး၊ အရာရှိများ၊ ဝန်ထမ်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် သတင်းမေးကြပါသော ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကုဋီဒါယိကာမကြီး
# ဘွားဘွားကြီး ဒေါ်ကျင်ပွင့်(ညောင်တုန်း/တာမွေ)
## အသက်(၁၁၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးထောက်ရ-ဒေါ်ဖော့)၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၆)နေ (ဦးမောင်ခင်)၏ဇနီး၊ ဦးကျော်ဒင်-ဒေါ်ကျင်တင့်၊ (ဦးကြီးမောင်)-ဒေါ်စန်းတင်(အထက-၃၊ ဒဂုံကျောင်းအုပ်ကြီး-ငြိမ်း)၊ (ဦးရန်အောင်)-ဒေါ်နီနီ(ရုံးအုပ်၊ ကုန်သွယ်လယ်ယာ-ငြိမ်း)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာကျော်ကျော်မြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးကျော်တင့်(မန်နေဂျာ၊ Myanmar Brewery Ltd)-ဒေါ်မင်းမင်းသန့်၊ ဦးမောင်နု-ဒေါ်ခင်ဝါ၊ ဦးရန်လင်းအောင်(ညွှန်မှူး၊ နယ်စပ်ရေးရာ-ထားဝယ်)-ဒေါ်ခင်သန်းထွန်း၊ ဒေါက်တာဝင်းညွန့်-ဒေါက်တာချောစုအောင်၊ ဦးငြိမ်းချမ်းစိုးဝင်း-ဒေါ်ကျော့ကျော့ခိုင်တို့၏အဘွား၊ မြစ်ရှစ်ယောက်နှင့်တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၂-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၆:၅၀နာရီတွင် အောင်ရတနာဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများနံနက် ၉ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

# ဦးမြမောင်(ယခင်ထီလာကဖီး)
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၈)၊ လမ်း(၃၀)အောက်လမ်း၊ တတိယထပ်၊ ပန်းဘဲတန်းမြို့နယ်နေ ဦးမြမောင် အသက်(၈၃)နှစ် သည် ၄-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

နေ အိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ရီရီသွယ်(ခ)ဒေါ်ဝိုင်း
## အသက်(၇၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြသီတာလမ်း၊ ၂၄x၂၅၊ ၆၃x၆၄ နေ (ဦးတင်-ဒေါ်ငြိမ်းရင်)တို့၏သမီး၊ (ဦးလှသွယ်) (လ/ထညွှန်မှူး-ငြိမ်း၊ လ.ဝ.က)၏ဇနီး၊ ဦးလှငွေး(ဒု-ညွှန်မှူး၊ လ.ဝ.က၊ ရှမ်း/မြောက် လားရှိုး)-ဒေါ်နွေသန္တာ(ဒု-လ.ဝ.ကမှူး၊ ပြည်ကြီးတံခွန်မြို့နယ်)၊ ဒုတိယဗိုလ်မှူးကြီးကျော်စွာမြင့်(ငြိမ်း)-ဒေါ်ခင်မိုးဖြူသန်းတို့၏ မိခင်၊ မောင်အေးချမ်း၊ မအေးငြိမ်းမိုး၊ မောင်အောင်ခန့်တို့၏ ချစ်လှစွာသောအဘွားသည် ၄-၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၀၀:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၆-၂-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၀ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါ ၂၄x၂၅၊ ၆၃x၆၄ မြသီတာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးစိန်သိန်း အသက်(၇၆)နှစ်
### (စိန်ဂျွန်းကျောင်းဆရာဟောင်း၊ ကကငွေ-ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် ၂၇၆ နေ ဒေါ်အုန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဖိုးဉာဏ်-ဒေါ်သန်းတင်)တို့၏သား၊ (ဦးဟန်စိန်-ဒေါ်မြခင်)တို့၏သားသမက်သည် ၃-၂-၂၀၂၀ရက် နံနက် ၆:၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဒေါ်ယုယုခင်
## ဦးစီးမှူး၊ နယ်စပ်ကုန်သွယ်ရေး(ငြိမ်း)
## အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၈)လမ်း၊ အမှတ်(၇၁၄/က)ရပ်ကွက်နေ (ဦးညီငယ်-ဒေါ်ခင်ဆင့်)တို့၏သမီးထွေး၊ (ဦးကံမြင့်)၊ ဦးထွန်းကြည်-ဒေါ်အုန်းကြူ၊ ဦးစိုးမြင့်-ဒေါ်သိန်းရီ၊ ဦးစန်းမြင့်-ဒေါ်ခင်စန်းစန်း၊ (ဦးငွေးအောင်)၊ (ဦးဆန်းကိုကို)-ဒေါ်တိုးတိုးထွန်းတို့၏ညီမထွေးသည် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၀:၃၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး ၍ ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးအောင်လွင်(ငြိမ်း)
### (GREEN ENERGY CONSTRUCTION Co.,Ltd)
### OTS(92) စည်သူတပ်ခွဲ
### အသက်(၅၂)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စွယ်တော်လမ်းနှင့် စစ်တောင်းလမ်းထောင့်၊ အိမ်အမှတ်(၆၄)နေ ဒေါ်စိုးစိုးမိုး၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ကြီး အောင်လွင်(ငြိမ်း)သည် ၃-၂-၂၀၂၀ရက် ည ၈:၄၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၂)၊ သင်တန်းဆင်းအရာရှိများ**

# ကိုဇင်ဝင်းမြတ်
## $2^{nd}$ Mate F.G
## အသက်(၄၁)နှစ်

ရန်ကုန်၊ အမှတ်(၂၁၁ က/၃)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးစံထွန်း-(ဒေါ်ထွေး)၊ (ဦးအောင်ကြည်)-ဒေါ်အေးအေးတို့၏မြေး၊ ဦးထွန်းဝင်း-ဒေါ်အေးအေးမြတ်တို့၏သားကြီး၊ ကိုကျော်ဇင်လင်း(Chief- Officer)-မအေးမွန်အောင်တို့၏အစ်ကို၊ မကြည်ပြာဝေ(ခ)ခင်ခင်၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ထူးထက်မြတ်၊ မောင်အောင်ဇေမြတ်တို့၏ဖခင် ကိုဇင်ဝင်းမြတ်သည် ၄-၂-၂၀၂၀ရက် မွန်းလွဲ ၂:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တနေမိန္ဒ
## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာ
## တောရစွယ်တော်ဓမ္မရိပ်သာကျောင်းတိုက်
## ပဓာနနာယကဆရာတော်
## သက်တော်(၅၃)နှစ်၊ သိက္ခာတော်(၃၃)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ၊ ဘာဝနာရုံကျောင်းဆရာတော် ဦးဉာဏိန္ဒ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း၊ ပဓာနနာယက ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ(Ph.D) ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲရေကာတာ၊ ကန်ဦး စေတီကျောင်းဆရာတော် ဦးသုမနတို့အား အမှူးထား၍ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ရွှေတောင်စုကျေးရွာနေ ဖခမည်းတော်ကြီး ဦးသိန်းညွန့်-မယ်တော်ကြီး ဒေါ်ခင်ဘုတ်တို့၏ သားတော်၊ ပျဉ်ပုံကြီးအခမဲ့နာရေးကူညီမှုအသင်းနာယကဆရာတော်၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ပျဉ်ပုံကြီးဓမ္မစကူးလ်ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တနေမိန္ဒအရှင်သူမြတ်သည် (၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၁၀ရက် ) ၃-၂-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ညနေ ၃နာရီအထိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာ၊ တောရစွယ်တော် ကျောင်းဓမ္မရိပ်သာကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်ကျင်းပကန်တော့ကြမည်ဖြစ်ပါကြောင်း တပည့် ရဟန်းများနှင့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်၊ အလှူမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကြိုင်
## ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
## အသက်(၇၈)နှစ်

ပုဂံမြို့သစ်၊အနော်ရထာရပ်ကွက်၊ ခန်းလတ်ရပ်နေ ဦးအောင်ကြိုင်[ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန]သည် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၃:၃၀နာရီတွင် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနည်းပညာ**
**သင်တန်းကျောင်း(ပြည်)**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကြိုင်
## ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
## အသက်(၇၈)နှစ်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ဦးအောင်ကြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၃:၃၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အစားထိုးမရသော ဆုံးရှုံးမှုတစ်ရပ်အဖြစ် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကြိုင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်-ငြိမ်း၊ ပုဂံညောင်ဦးဒေသ၊ ညောင်ဦးခရိုင် ပြန်/ဆက်ဦးစီးဌာန၊ Book Club (နာယက)သည် ၄-၂-၂၀၂၀ရက် နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ခရိုင်ရုံး၊ ညောင်ဦးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအေးကြူ
## အသက်(၇၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဒေါ်အေးအေးဖြူ၏ဖခင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်၊ ရောထွန်းတိုက်တန်းအဆောင်(၁)(B-5)နေ ဦးအေးကြူ အသက်(၇၄)နှစ်သည် ၂-၂-၂၀၂၀ရက် ၁၆:၁၀ နာရီတွင် အဆိုပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## ဗိုလ်ကြီးအောင်လွင်(ငြိမ်း)(GREEN ENERGY CONSTRUCTION Co.,Ltd)
## OTS(92)စည်သူတပ်ခွဲ
## အသက်(၅၂)နှစ်

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အမှတ်(၅၃၅)နေ (ဦးအေးလွင်-ဒေါ်တင်အုန်း)တို့၏ သား၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စွယ်တော်လမ်းနှင့်စစ်တောင်းလမ်းထောင့်၊ အိမ်အမှတ်(၆၄)နေ ဒေါ်စိုးစိုးမိုး၏ခင်ပွန်း၊ မအိချိုချိုသိမ့်[မြဝတီဘဏ်(ရုံးချုပ်)ရန်ကုန်]၊ မအိသွယ်သွယ်သိမ့်(MIT-ပဉ္စမနှစ်)၊ မဆုရည်နွယ် (English-တတိယနှစ်၊တောင်ကြီး)တို့၏ မွေးသဖခင် ဗိုလ်ကြီးအောင်လွင်(ငြိမ်း)သည် ၃-၂-၂၀၂၀ရက် ည ၈:၄၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂:၃၀နာရီ၌ နေပြည်တော်၊ ခုတင်-၁၀၀၀ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။၉-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာအား နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စွယ်တော်လမ်းနှင့်စစ်တောင်းလမ်းထောင့်၊ အိမ်အမှတ်(၆၄) ဒေါ်စိုးစိုးမိုး၏နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

**ဆိုးလ် ဖေဖော်ဝါရီ ၄**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး – ၂၀၂၀ (Peace , Security and Human Development World Summit 2020) ; Assembly and International Summit Council for Peace မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး Dr. HakJa Han Moon ၏ အတ္ထုပ္ပတ္တိ မိတ်ဆက်ခြင်းနှင့် Mother Foundation ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး– ၂၀၂၀ (Peace , Security and Human Development World Summit 2020); Assembly and International Summit Council for Peace မျက်နှာစုံညီအစည်းအဝေး

*စာမျက်နှာ ၅ ကော်လံ ၁* ✳



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး – ၂၀၂၀ (Peace , Security and Human Development World Summit 2020) ; Assembly and International Summit Council for Peace မျက်နှာစုံညီအစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

ဝူဟန်မြို့မှ ပြန်လည်ခေါ်ဆောင်လာသည့် ကျောင်းသား ကျောင်းသူ ၅၉ ဦး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်

စာ ➤ ၁၃

ဆီးရီးယားနှင့် တူရကီတို့အကြား တိုက်ပွဲကြောင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ဟု ကုလသမဂ္ဂ ရှုမြင်

စာ ➤ ၁၄

သရုပ်ဆောင် မင်းသမီးများ၏ဘဝကို အခြေခံရိုက်ကူးထားသည့် "ရွှေမင်းသမီး" ရုပ်ရှင် ရုံတင်ပြသတော့မည်

စာ ➤ ၁၈

## ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး တရုတ်သံအမတ်ကြီးနေအိမ်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်



ကိုရိုနာဗိုင်းရပ်စ် ပြင်းထန်အဆုတ်ရောင်ရောဂါ၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ပြင်းထန်အဆုတ်ရောင်ရောဂါ၏ နောက်ဆုံးအခြေအနေနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ပြုလုပ်သည်။

သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Li Xiaoyan က "တရုတ်နိုင်ငံ အစိုးရအနေဖြင့် တရုတ်နိုင်ငံရောက် မြန်မာလူမျိုးများ အပါအဝင် တရုတ်နိုင်ငံရောက်

*စာမျက်နှာ ၉ ကော်လံ ၁* ✳

## မြန်မာကြက်တောင်မယ် သက်ထားသူဇာ ဥရောပနိုင်ငံများမှ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် မတ်လနှင့် ဧပြီလတွင် ဥရောပနိုင်ငံများမှ ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့်အတွက် အမှတ်များလိုအပ်နေသလို ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်တက်ရန် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယခုလအတွင်း ချန်ပီယံကာကွယ်ပွဲများ ယှဉ်ပြိုင်ပြီးပါက ဥရောပနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၉ ခုနှစ်က ချန်ပီယံဆုရထားသည့် ပြိုင်ပွဲနှစ်ခုယှဉ်ပြိုင်မည်ဖြစ်ပြီး Uganda International Series ကြက်တောင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ယူဂန္ဓာနိုင်ငံတွင်လည်းကောင်း၊ Kenya Future Series ကြက်တောင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကင်ညာနိုင်ငံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ သက်ထားသူဇာသည် ဥရောပနိုင်ငံများဖြစ်သည့် ပေါ်တူဂီ၊ ချက်၊ ဆွစ်ဇာလန်၊ ပိုလန်နှင့်

*စာမျက်နှာ ၁၃ ကော်လံ ၂* ✪




မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့




# မြို့တော်အနှံ့သောက်သုံးရေဖူလုံရေး ရေလေလွင့်ဆုံးရှုံးမှုလျှော့ချပေး


ရှင်နော်


**တိုးပွားလာသော လူဦးရေနှင့် ပြောင်းလဲလာသော နေထိုင်မှုပုံသဏ္ဍာန်တို့ကြောင့် မြို့တော်ရန်ကုန်၏ လူနေသိပ်သည်းဆက တဖြည်းဖြည်း ထူထပ်လာနေသည်။ လူနေများပြားသိပ်သည်းမှုကြောင့် ရေကောင်းရေသန့်ရရှိနိုင်မှုက အကန့်အသတ်နှင့် ဖြစ်လာခဲ့သည်။ ထို့ကြောင့် တာဝန်ရှိအစိုးရအဖွဲ့အစည်းက ရန်ကုန်မြို့ ရေပေးဝေမှုစနစ်ကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ စနစ်ကျမှု နှောင့်နှေးခဲ့သော ရေပေးဝေရေးစနစ်၏ ကွန်ရက်ကို ပြန်လည်ပြုပြင်ရန် ကြိုးစားလာကြသည်။ ရန်ကုန်မြို့၏ ရေပေးဝေမှုစနစ်က နှစ်ပေါင်းရာကျော် အသုံးပြုခဲ့သော ရေပိုက်များ၏ ဆွေးမြည့်ပေါက်ပြဲမှု၊ သက်တမ်းကုန်ဆုံးလျက်ရှိသော ရေပိုက်များကို ဆက်လက်အသုံးပြုနေရမှုတို့ကြောင့် အချို့သောနေရာများတွင် ရေရရှိမှုက လျော့နည်းလာသည်။**

ရန်ကုန်မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် မြို့၏ရေပေးဝေမှုစနစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အဓိက တာဝန်ယူဆောင်ရွက်ပေးနေသည်။ ရန်ကုန်မြို့နေ ပြည်သူများအတွက် လှော်ကား၊ ဂျိုးဖြူ ဖူးကြီး၊ ငမိုးရိပ်ရေလှောင်ကန်များမှ ရေအရင်းအမြစ်များကို အသုံးပြု၍ နေစဉ်ပေးဝေလျက်ရှိသည်။ ပင်မရေရောက်ရှိမှု အားနည်းနိုင်သော မြို့စွန်မြို့ဖျားနှင့် မြို့သစ်ပိုင်းများရှိ ရေပို့ပိုက်လိုင်း အဖျားပိုင်းများတွင် စက်ရေတွင်းများဖြင့် ရေအားဖြည့်ပေးဝေလျက်ရှိသည်။ ရေလှောင်ကန်ကြီးများမှ ရေကိုပေးပို့ရာတွင် ရေသန့်စင်စက်ရုံ ခြောက်ရုံဖြင့် ရန်ကုန်မြို့သူမြို့သားများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းကြည်လင်သော သောက်သုံးရေကို သင့်တင့်သောနှုန်းထားဖြင့် လုံလောက်စွာပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

### ပင်မစီမံကိန်းတစ်ရပ်ကို ရေးဆွဲ

စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ လူဦးရေတိုးနှုန်းသည် အလွန်မြန်ဆန်လျက်ရှိရာ ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ်၏ လက်ရှိအခြေအနေသည် လူဦးရေ၏ ၄၅ ရာခိုင်နှုန်းကိုသာ လွှမ်းခြုံနိုင်သေးသည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ၂၀၁၄ ခုနှစ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်း၍ ရန်ကုန်မြို့တော် ရေပေးဝေရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်မစီမံကိန်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။

### ရေပေးဝေမှု တိုးချဲ့နိုင်ရန် စီစဉ်

ရန်ကုန်မြို့အတွက် ရေအရင်းအမြစ်များ ရှာဖွေရာတွင် မိုးရေစုရေလှောင်ကန်များအပြင် မြစ်ရေများကို သန့်စင်ပြီး ရေပေးဝေမှု တိုးချဲ့နိုင်ရန် စီစဉ်ခဲ့သည်။ ရေပေးဝေမှုဧရိယာ ပိုမိုတိုးချဲ့နိုင်ရေးအတွက် လဂွန်းပြင်နှင့် ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြို့ပြဧရိယာ ကျယ်ပြန့်လာမှုနှင့် တိုးတက်လာသော လူဦးရေကို လွှမ်းခြုံနိုင်သော ရေပေးဝေရေးစနစ်ဖြစ်လာစေရန် အနာဂတ်စီမံကိန်းများ အကောင်အထည်ဖော်သွားနိုင်ရန် ရေးဆွဲထားကြောင်း သိရသည်။

အနာဂတ်ကာလတွင် ရေပေးဝေရေး စီမံခန့်ခွဲမှု ပိုမိုဖွံ့ဖြိုးတိုးမြှင့်လာစေရန် နှစ်အလိုက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မဟာဗျူဟာစီမံကိန်း၏ ၂၀၄၀ ပြည့်နှစ်အထိ အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းများအရ ရန်ကုန်မြို့၏ လူဦးရေမှာ ၂၀၂၀ ပြည့်နှစ်တွင် ၅ ဒသမ ၉ သန်းအထိ ရှိလာမည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်တွင် ၈ ဒသမ ၉ သန်းအထိ တိုးပွားလာမည် ဖြစ်သည်။ ရန်ကုန်မြို့ကို လက်ရှိနေ့စဉ်ရေပေး ဝေနေမှုမှာ တစ်ရက်လျှင် ရေဂါလန် ၂၀၅ သန်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ၂၈၅ သန်းအထိ လည်းကောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ၅၅၅ သန်း အထိ လည်းကောင်း တိုးမြှင့်ပေးဝေသွားနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် ရေအရင်းအမြစ် တိုးချဲ့ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် ရေလေလွင့်ဆုံးရှုံးမှုလျှော့ချရေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ ရေလေလွင့်ဆုံးရှုံးမှု လျှော့ချရာတွင် ၂၀၁၄ ခုနှစ်တွင် ၆၆ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ရာမှ


အချပ်ပို (ဂ) သို့


# တည်ဆောက်တော့မယ့် ရန်ကုန်မိုးပျံအမြန်လမ်း


ဆွေဦးဝေ


**နေ့စဉ်နဲ့အမျှ** သွားလာလှုပ်ရှားမှုများပြားတဲ့ ရန်ကုန်မြို့နေ ပြည်သူတွေအတွက် ယာဉ်ကြောပိတ်ဆို့မှုနဲ့ အချိန်တိုင်းကြုံတွေ့နေရပါတယ်။ တန်ဖိုးရှိတဲ့အချိန်တွေကို ယာဉ်ရထားတွေပေါ်မှာ ကုန်ဆုံးနေတာတွေ လျှော့ချနိုင်ဖို့ ရန်ကုန်မိုးပျံအမြန်လမ်းကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေရာမှာ အခုဆိုရင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်ခန့်မှာ စတင်နိုင်တော့မှာဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းအတွက် ဆောက်လုပ်ခွင့်ရကုမ္ပဏီကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှာ ကြေညာသွားမှာ ဖြစ်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇော်မြင့်က ပြောပါတယ်။ အချိန်အတန်ကြာကာလကတည်းက ပြည်သူတွေစိတ်ဝင်စားမှုမြင့်တက်ခဲ့တဲ့ ဒီစီမံကိန်းဟာ မကြာမီကာလမှာတော့ လက်တွေ့အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။

### အဆိုပြုလွှာ တင်ပြရမှာဖြစ်

ဒီစီမံကိန်းကို လုပ်ကိုင်ခွင့်ရရှိဖို့ အရည်အချင်းအောင်မြင်ထားတဲ့ လုပ်ငန်းစု ၁၀ စု အနေနဲ့ လာမယ့်မတ်လမှာ စီမံကိန်းရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာ တင်ပြရမှာဖြစ်ပြီး အဲဒီကုမ္ပဏီတွေထဲက ကုမ္ပဏီတစ်ခုကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းနဲ့အညီ ပွင့်လင်းမြင်သာစွာနဲ့ ရွေးချယ်ထားတဲ့ ကုမ္ပဏီတွေထဲက စံချိန်စံညွှန်း၊ သတ်မှတ်ထားတဲ့ အရည်အချင်းတွေပြည့်ဝတဲ့ ကုမ္ပဏီကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

အခုဆိုရင် မိုးပျံအမြန်လမ်းတည်ဆောက်တဲ့အခါ ဖြတ်သန်းသွားရတဲ့ မြို့နယ်ရှစ်ခုက သက်ဆိုင်တဲ့ကိုယ်စားလှယ်တွေ၊ ပြည်သူတွေကို တာဝန်ရှိသူတွေက လိုက်လံတွေ့ဆုံရှင်းလင်းဆွေးနွေးလျက်ရှိပါတယ်။ အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တွေ၊ စီမံကိန်းဆိုင်ရာ အချက်အလက်တွေကို တာဝန်ရှိသူတွေက ရှင်းပြဆွေးနွေးတာတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက အဲဒီမြို့နယ်မှာ မိုးပျံလမ်းဖြတ်သန်းမယ့်ဧရိယာတွေမှာ နေထိုင်သူတွေကို ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

တည်ဆောက်တော့မယ့် မိုးပျံလမ်းတစ်လျှောက် နေထိုင်နေကြတဲ့ ပြည်သူတွေကို ရှင်းပြတဲ့အခါ သူတို့ရဲ့လိုလားချက်၊ ထိခိုက်နစ်နာမှုတွေကို အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းပေးလျက်ရှိပါတယ်။ မြေပြင်မှာ စီမံကိန်းနဲ့မလွတ်ကင်းတဲ့ အဆောက်အဦတွေကို ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကာ Public Private Partnership (PPP) စနစ်နဲ့ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

### အပိုင်းနှစ်ပိုင်း ပါဝင်

ရန်ကုန်မိုးပျံအမြန်လမ်းမှာ အပိုင်းနှစ်ပိုင်း ပါဝင်ပြီး စုစုပေါင်းအရှည်က ၄၇ ဒသမ ၅ ကီလိုမီတာရှိပါတယ်။

> **တည်ဆောက်တော့မယ့် မိုးပျံလမ်းတစ်လျှောက်နေထိုင်နေကြတဲ့ ပြည်သူတွေကို ရှင်းပြတဲ့အခါ သူတို့ရဲ့လိုလားချက်၊ ထိခိုက်နစ်နာမှုတွေကို အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းပေးလျက်ရှိပါတယ်။ မြေပြင်မှာ စီမံကိန်းနဲ့မလွတ်ကင်းတဲ့ အဆောက်အဦတွေကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးလျက်ရှိပါတယ်။**

အပိုင်း (၁)ကို ပထမဦးစွာ အကောင်အထည်ဖော်မှာဖြစ်ပြီး အရှေ့ဘက်ခြမ်း လေးလမ်းသွား လမ်းမကြီး ၁၉ ကီလိုမီတာ၊ အရှေ့နှင့်အနောက် ချိတ်ဆက်ထားသော လေးလမ်းသွား ခြောက်ကီလိုမီတာ၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဆက်သွယ်ထားသော နှစ်လမ်းသွား ၂ ဒသမ ၅ ကီလို မီတာရှိရာ စုစုပေါင်း ၂၇ ဒသမ ၅ ကီလိုမီတာဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်မိုးပျံလမ်းအပိုင်း (၁)ဟာ အထက်ပုဇွန်တောင်လမ်းမှ ဝေဇယန္တာလမ်း၊ သုဓမ္မာလမ်း၊ ခရေပင်လမ်းတို့ကို ဖြတ်သန်းပြီး အောက်မင်္ဂလာဒုံလမ်းဆုံအထိ ဖြစ်ပါတယ်။ အဲဒါကို အကောင်အထည်ဖော် တည်ဆောက်ဖို့အတွက် ဆောက်လုပ်ခွင့်ရကုမ္ပဏီတစ်ခုကို လာမယ့်ဧပြီမှာ ကြေညာသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် တည်ဆောက်ရေးကာလကို ငါးနှစ်သတ်မှတ်ထားပြီး အမေရိကန်ဒေါ်လာ သန်း ၆၂၀ ခန့် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ စီမံကိန်း အပိုင်း(၁)အတွက် အဆိုပြုထားတဲ့ကုမ္ပဏီတွေကတော့ နိုင်ငံတကာမှကုမ္ပဏီများ ပါဝင်တဲ့လုပ်ငန်းစုတွေ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေစုဖွဲ့ပြီး အဆိုပြုထားကြတာ ဖြစ်ပါတယ်။


အချပ်ပို (ခ) သို့

# ရန်ကုန်မှာဖော်ဆောင်တော့မယ့် စီမံကိန်းသစ်

● ဇင်လင်းမြင့်

**ရန်ကုန် မြို့ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ဆောင်ရွက်နေပါတယ်။ ဒီလို အကောင်အထည်ဖော်နေမှုကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)နဲ့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှာရှိတဲ့ လေးထောင့်ကန်ရွာအနီးမှာ နိုင်ငံတကာအဆင့်မီ Yangon Amata Smart and Eco City စီမံကိန်းကို အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။**

ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်က နေပြည်တော်မှာရှိတဲ့ Kempinski Hotel မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ Amata Asia (Myanmar) လီမိတက်တို့ ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

**အလုပ်အကိုင် ၃၃၀၀၀ ကျော် ရရှိနိုင်**

“အခု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ အမာတာကော်ပိုရေးရှင်းတို့ ဖက်စပ်စနစ်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် စီမံကိန်း အကောင်အထည်ဖော်နိုင်ခြင်းဟာ နှစ်နိုင်ငံ ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး စီမံကိန်းပြီးစီးသွားပါက ဒေသခံများ အလုပ်အကိုင် ၃၃၀၀၀ ကျော် ရရှိနိုင်မှာဖြစ်ပါတယ်” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဲဒီလက်မှတ်ရေးထိုးတဲ့ အခမ်းအနားမှာ ပြောပါတယ်။

လေးထောင့်ကန်ရွာအနီး မြေဧက ၂၀၀၀ ခန့်ပေါ်မှာ တည်ဆောက်မယ့် နိုင်ငံတကာအဆင့်မီ Yangon Amata Smart and Eco City ကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှာ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းကြောင့် ပြည်တွင်းပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ အများအပြား ရှိနေပြီဖြစ်ပါတယ်။

ဒီစီမံကိန်းရဲ့ ပထမအဆင့်အဖြစ် မြေဧက ၂၀၀၀ ပေါ်မှာ ငါးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ အခု ၂၀၂၀ ပြည့်နှစ် ပထမသုံးလတာတွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံနဲ့ ရေသန့်စင်စက်ရုံ စတင်တည်ဆောက်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပန်းခြံနဲ့ ပြည်သူများအတွက် အပန်းဖြေရန်ဧရိယာများ ပါဝင်ထည့်သွင်းတည်ဆောက်သွားမှာဖြစ်ပါတယ်။

**လူငယ်လုပ်သားများအတွက် အခွင့်အလမ်း**

အခုအကောင်အထည်ဖော်မယ့် ဒီစီမံကိန်းအတွင်းမှာ စက်မှုဇုန်လည်း ပါဝင်နေတာကြောင့် လူငယ်လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာမှာတော့ အသေအချာပါပဲ။ ဒီစက်မှုဇုန်ဧရိယာအတွင်းမှာ ပြည်တွင်းပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ အများအပြား လာရောက်ရင်းနှီးမြှုပ်နှံကြမှာဖြစ်ပါတယ်။ ဒီလို စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်လာတာနဲ့ အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြား ထွက်ပေါ်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် အခုလိုစီမံကိန်းတွေကြောင့် နိုင်ငံတော်က အခွန်တွေရရှိပြီး တိုင်းပြည်အတွက်လည်း ဘဏ္ဍာငွေတိုးတက်မြင့်မားလာစေမှာဖြစ်ပါတယ်။ နောက်ပြီး ရန်ကုန်မြို့ပြရဲ့ ယာဉ်ကြောကျပ်တည်းမှု၊ ကုန်တင်ယာဉ်တွေ ၂၄ နာရီလုံး ဝင်ထွက်မောင်းနှင်ခွင့်၊ ဖြတ်သန်းခွင့်မရရှိခြင်းတို့လည်း အခုအကောင်အထည်ဖော်လာမယ့် စီမံကိန်းမှာ ဒီလိုအားနည်းချက်တွေကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။



**ထိရောက်အကျိုးရှိအောင် အသုံးပြု**

ဒီလို နိုင်ငံတကာအဆင့်မီ Yangon Amata Smart and Eco City စီမံကိန်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အရင်းအမြစ်တွေကို မှန်ကန်ထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်မှုပဲ ဖြစ်ပါတယ်။ ပြည်သူတွေအတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ်တွေကို လက်တွေ့နယ်ပယ်မှာ ထိရောက်အကျိုးရှိအောင် အသုံးပြုနိုင်ခြင်းဟာ နိုင်ငံအတွက်လည်း အကျိုးရှိစေမှာ ဖြစ်ပါတယ်။

“ရန်ကုန်တိုင်းဒေသကြီးနဲ့ Amata တို့အကြား ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရန်ကုန်မြို့ရဲ့ အရင်းအမြစ်တွေကို ပိုမိုတန်ဖိုးရှိသော အခြေအနေတစ်ခုဖြစ်အောင် ဆောင်ရွက်လိုကြောင်း၊ Amata စက်မှုဇုန် အမြန်ဆုံးပေါ်ပေါက်လာပြီး နောက်ဆုံးပေါ် နည်းပညာတွေနဲ့ အဆင့်မြင့်စီမံကိန်း ပေါ်ထွန်းလာစေရန် ဆန္ဒပြုကြောင်း” ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမမှာပြုလုပ်တဲ့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Amata ကော်ပိုရေးရှင်းတို့အကြား မူဘောင်သဘောတူညီမှု စာချုပ်လက်မှတ်ထိုးပွဲမှာ ပြောကြားထားပါတယ်။

**နိုင်ငံတကာအဆင့်မီ မြို့တစ်မြို့**

တကယ်တော့ နိုင်ငံတကာအဆင့်မီ မြို့တစ်မြို့ ဖြစ်ထွန်းပေါ်ပေါက်လာဖို့ဆိုတာ အလွယ်တကူတော့ မရရှိနိုင်ပါဘူး၊ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးမှု၊ သုံးသပ်မှု၊ လေ့လာမှု၊ မူဘောင်သဘောတူညီမှု၊ စီမံကိန်းအကောင်အထည်ဖော်ဖို့ စာချုပ်ချုပ်ဆိုမှုတို့အပြင် လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း မမျှော်လင့်တဲ့အခက်အခဲတွေ ရှိနိုင်ပါတယ်။ ဒါတွေကိုလည်းသက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကုမ္ပဏီပိုင်းဆိုင်ရာ တာဝန်ရှိသူတွေအားလုံး ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**သဘာဝပတ်ဝန်းကျင် မထိခိုက်**

“ဒီစီမံကိန်းက မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့တဲ့ စမတ်အင် အီကိုစီးတီး မြို့တော်တစ်ခုဖြစ်လာမှာပါ။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်တဲ့ လုပ်ငန်းခွင်၊ တန်းတူညီမျှတဲ့ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ အပန်းဖြေလို့ရမယ့် အခြေအနေမျိုးကို မြို့တစ်မြို့တည်းမှာရနိုင်အောင် ဖန်တီးဖော်ဆောင်ပေးမှာပါ” ဟု Yangon Amata Smart and Eco City လီမိတက်၏ မန်နေဂျင်းဒါရိုက်တာ Mr.Yasuo Tsutsui ကလည်း ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်က လက်မှတ်ရေးထိုးပွဲမှာ ပြောပါတယ်။

ဒီလိုစနစ်တကျနဲ့ အကောင်အထည်ဖော်မယ့် စီမံကိန်းဟာ လာမယ့် ငါးနှစ်တာကာလအတွင်းမှာ ရုပ်လုံးပေါ်လာနိုင်ရေး ကြိုးစားနေပြီ ဖြစ်ပါတယ်။ စတင်ဖော်ဆောင်တဲ့ အချိန်ကစပြီး ဒေသခံနဲ့အနီးဝန်းကျင်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွက်လာတော့မှာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်မှုတွေကို တဖြည်းဖြည်းနဲ့ ပြောင်းလဲမြင်တွေ့ရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွေနဲ့ ဝေဝေဆာဆာရှိနေပြီ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာတွေမှာ မြို့သစ်စီမံကိန်းတွေ၊ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းတွေ၊ စမတ်စီးတီးတွေ၊ စက်မှုဇုန်သစ်တွေနဲ့ အစီအရီရှိနေပြီ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းတွေ အောင်မြင်ပြီးစီးသွားချိန်မှာ ရန်ကုန်မြို့ရဲ့ မြို့ပြဧရိယာ ပိုမိုကျယ်ပြန့်လာမှာဖြစ်ပြီး ပြောင်းလဲသွားမယ့် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံတကာမြို့ကြီးတွေလို ရှုမငြီးအောင် တွေ့မြင်ရဦးမှာ ဖြစ်ပါတယ်။ ။

***တည်ဆောက်တော့မယ့် ရန်ကုန်မိုးပျံအမြန်လမ်း . . . မှ***

အဲဒီ ကုမ္ပဏီလုပ်ငန်းစုတွေကတော့ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်စတဲ့နိုင်ငံတွေက ကုမ္ပဏီလုပ်ငန်းစုတွေဖြစ်ပြီး ပြည်တွင်းက စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်ပနိုင်ငံက ကုမ္ပဏီတွေစုဖွဲ့ထားတဲ့ ကုမ္ပဏီလုပ်ငန်းစုတွေလည်း ပါဝင်နေပါတယ်။ အဲဒီကုမ္ပဏီတွေက ဆန်ခါတင်အရည်အသွေးပြည့်မီတဲ့လျှောက်လွှာတွေ တင်စေခဲ့တဲ့အခါ ၂၀၁၈ ခုနှစ် စက်တင်ဘာမှာ လျှောက်လွှာ ၁၂ စောင် လက်ခံရရှိခဲ့ပါတယ်။

**ကုမ္ပဏီ လုပ်ငန်းစု ၁၀ ခု ရွေးချယ်**

အဲဒီလျှောက်လွှာ ၁၂ စောင်ထဲကနေပြီး ဆန်ခါတင်အရည်အသွေးပြည့်မီတဲ့ ကုမ္ပဏီလုပ်ငန်းစု ၁၀ ခုကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ ရွေးချယ်ခဲ့တဲ့ကုမ္ပဏီ ၁၀ ခုထဲမှာ ဂျပန်၊ ထိုင်း၊ ပြင်သစ်၊ တရုတ်၊ တောင်ကိုရီးယားစတဲ့ ကုမ္ပဏီတွေပါဝင်ပြီး အများစုကတော့ တရုတ်ကုမ္ပဏီတွေဖြစ်ပါတယ်။

ရွေးချယ်ထားတဲ့ ကုမ္ပဏီတွေထဲကမှ အရည်အသွေးပိုင်းရော လုပ်ငန်းအတွေ့အကြုံအပြင် စီမံကိန်းအောင်မြင်ပြီးမြောက်စေမယ့် စွမ်းဆောင်မှုတွေရှိတဲ့ ကုမ္ပဏီအပြင် ဘဏ္ဍာငွေအတွက်လည်း ပြည့်စုံတဲ့ အချက်အပါဝင် လိုအပ်ချက်တွေ သေသေချာချာ စိစစ်ရွေးချယ်ကာ တာဝန်ပေးသွားမှာ ဖြစ်ပါတယ်။



ဘုရင့်နောင်ခုံးကျော်တံတား။

**အချက်အချာကျတဲ့နေရာ ဖောက်လုပ်**

ရန်ကုန်မိုးပျံအမြန်လမ်းဟာ ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်-မန္တလေးအမြန်လမ်းစတဲ့ အချက်အချာကျတဲ့နေရာတွေကို ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်လို့ ရန်ကုန်မြို့သာမကဘဲ မြန်မာနိုင်ငံ စီးပွားရေး၊ လူမှုဘဝတွေကိုပါ အထောက်အကူဖြစ်စေမယ့် စီမံကိန်းဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ဟာ စီးပွားရေးလုပ်ငန်းတွေရော၊ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်နဲ့ ပြည်တွင်းပြည်ပကုမ္ပဏီတွေ အခြေစိုက်ရာ မြို့ကြီးဖြစ်တာကြောင့် တစ်နေရာနဲ့တစ်နေရာ သွားလာမှု၊ ကုန်ပစ္စည်းပို့ဆောင်မှုတွေ အချိန်နဲ့တစ်ပြေးညီ စီးဆင်းနေဖို့လိုအပ်ပါတယ်။ နေ့စဉ်သွားလာနေကြတဲ့ ပြည်သူတွေအတွက်လည်း ရန်ကုန်မိုးပျံအမြန်လမ်းဟာ မြန်မြန်အကောင်အထည်ပေါ်လာဖို့ အိပ်မက်လမ်းတစ်ခုလည်း ဖြစ်နေပါတယ်။

**စီးပွားရေးစင်္ကြံလမ်းအဖြစ် ပေါ်ထွက်လာ**

နောက်ပြီး ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနဲ့အတူ ပို့ဆောင်ရေးကဏ္ဍလည်း ဟန်ချက်ညီညီ ခေတ်မီတိုးတက်ဖို့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမယ့် ရန်ကုန်မိုးပျံအမြန်လမ်းအဖြစ်လည်း ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးနဲ့ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းတွေ၊ ကုန်းတွင်းဆိပ်တွေ၊ ကုန်းတွင်းဆိပ်တွေ အခြေပြုတဲ့ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးမြို့သစ်တွေကို ချိတ်ဆက်ပေးနိုင်တဲ့ စီးပွားရေးစင်္ကြံလမ်းတစ်ခုအဖြစ်လည်း ပေါ်ထွက်လာမှာ ဖြစ်တဲ့အတွက် သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်နိုင်ရင်တော့ ရန်ကုန်မြို့ဟာ ဘက်စုံဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံ တကာအဆင့်မီ မြို့ကြီးတစ်မြို့အသွင် ပီပီပြင်ပြင် ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ။




ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းသောက်သုံးရေရရှိရေးအတွက် ရေပိုက်လိုင်းကြီးများ သွယ်တန်းနေစဉ်။ ဓာတ်ပုံ – ထိန်လင်း

*မြို့တော်အနှံ့သောက်သုံးရေဖူလုံရေး ရေလေလွင့်ဆုံးရှုံးမှုလျှော့ချပေး . . . မှ*

၂၀၂၀ ပြည့်နှစ်တွင် ၄၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး ၂၀၄၀ ပြည့်နှစ်တွင် ၁၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားသည်။

**ရေဖိုးရေခ မရရှိသော သုံးစွဲမှုတွင် မီတာဖြင့်သုံးစွဲမှုနှင့် မီတာမဲ့သုံးစွဲမှုပါဝင်**

ရန်ကုန်မြို့၏ တစ်ရက်တာ ရေပေးဝေမှု ပမာဏကို ဆန်းစစ်ပါက တရားဝင်ရေသုံးစွဲမှုမှာ ၅၀ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ရေဆုံးရှုံးမှုမှာ ၄၉ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ တရားဝင်ရေသုံးစွဲမှုကို ခွဲခြမ်းလေ့လာပါက ရေဖိုးရေခရရှိသော ခွင့်ပြုချက်ဖြင့် ရေသုံးစွဲမှု ၅၀ ရာခိုင်နှုန်းရှိပြီး ခွင့်ပြုချက်ဖြင့် ရေ အလကားသုံးစွဲမှု ၀ ဒသမ ၃၅ ရာခိုင်နှုန်း ပါဝင်သည်။ ရေဖိုးရေခရရှိသော သုံးစွဲမှုတွင် မီတာဖြင့် သုံးစွဲမှုနှင့် မီတာမဲ့သုံးစွဲမှုတို့ ပါဝင်ပြီး ယင်းနှစ်ခုပေါင်းခြင်းသည် ရေဖိုးရေခရရှိသော ပမာဏဖြစ်သည်။ ရေဖိုးရေခ မရရှိသော သုံးစွဲမှုတွင် မီတာဖြင့်သုံးစွဲမှုနှင့် မီတာမဲ့သုံးစွဲမှုတို့ ပါဝင်သည်။

ရေဆုံးရှုံးရခြင်း အကြောင်းရင်းနှစ်ရပ်ရှိပြီး ယင်းတို့မှာ စီးပွားရေးအရဆုံးရှုံးမှုနှင့် လက်တွေ့ဆုံးရှုံးမှုတို့ ဖြစ်သည်။ စီးပွားရေးအရ ဆုံးရှုံးမှုတွင် တရားမဝင်ရေသုံးစွဲမှုနှင့် မီတာတိကျမှုမရှိသော ရေသုံးစွဲမှုတို့ ပါဝင်ပြီး လက်တွေ့ရေဆုံးရှုံးမှုတွင် ရေပို့ပိုက်ကြီးများနှင့် ရေဖြန့်ဖြူးရေးပိုက်များမှ ရေယိုစိမ့်မှု၊ အိမ်သွယ်ပိုက်နှင့် မီတာကြားရေယိုစိမ့်မှုနှင့် ရေသိုလှောင်ကန်များမှ ရေလျှံမှုတို့ ပါဝင်သည်။ ထို့ကြောင့် ရေဖိုးရေခမရရှိသော သုံးစွဲမှုနှင့် ရေဆုံးရှုံးမှုတို့ကိုပေါင်းပြီး ရေဖိုးရေခမရရှိသော ရေပမာဏဟု သတ်မှတ်ခြင်းဖြစ်သည်။

**ရေလေလွင့်ဆုံးရှုံးမှုကို ထိန်းချုပ်ရန် အခက်အခဲများစွာရှိနေ**

ယခုရန်ကုန်မြို့အတွင်း ရေပေးဝေနေသောစနစ်မှာ တိုက်ရိုက်ဖြန့်ဝေမှုစနစ်ဖြစ်ပြီး သက်တမ်းရင့်ပိုက်များနှင့် ရေပေးဝေရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကြောင့်လည်းကောင်း၊ လျှပ်စစ်ရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ ရေပေးဝေမှုပြတ်တောက်ခြင်း၊ ရေဖိအားလျော့နည်းခြင်း၊ ဖြန့်ဝေရာနေရာများ ရှုပ်ထွေးနေခြင်းတို့အပြင် ဇုန်စနစ်မရှိသေးသောကြောင့် ရေလေလွင့်ဆုံးရှုံးမှုကို ထိန်းချုပ်ရန် အခက်အခဲများစွာရှိနေခြင်းဖြစ်သည်။ ရေလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအနေဖြင့် လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအတွေ့အကြုံများအပေါ် အခြေခံကာ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၊ ရပ်ကွက်များတွင် ရေလေလွင့်ဆုံးရှုံးမှုများကို လျှော့နည်းစေရန် စီမံချက်များ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

**ရေလှောင်ကန်ကြီးများ တည်ဆောက်ကာ ကွန်ရက်စနစ်ဖြင့် ရေပေးဝေနိုင်ရန် စီမံ**

ထို့ကြောင့်ပင် မြို့တော်ရန်ကုန်ကို အနာဂတ်တွင် ရေပေးဝေရာဥ္ဇုန် ၁၀ ခု သတ်မှတ်ပြီး ကုက္ကိုင်းရေလှောင်ကန်ကဲ့သို့ ရေလှောင်ကန်ကြီးများ တည်ဆောက်ကာ ကွန်ရက်စနစ်ဖြင့် ရေပေးဝေနိုင်ရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တရားမဝင် ရေပိုက်သွယ်တန်းသုံးစွဲမှုများ ပပျောက်အောင် ဆောင်ရွက်လျက်ရှိ**

ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီက ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့အနေဖြင့် စနစ်တကျသွယ်တန်းမှုမရှိခဲ့သော ရေပိုက်လိုင်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ တရားမဝင် ရေပိုက်လိုင်း သွယ်တန်းသုံးစွဲမှုများကို ပပျောက်အောင် ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး ရေဖိအားလျော့နည်းလျက်ရှိသော နေရာများ၊ အချိန်ပိုင်းနာရီပိုင်းသာ ရေရရှိသော နေရာများတွင် ရေလေလွင့်ဆုံးရှုံးမှု အဖြစ်များနေသောနေရာများကို ပြန်လည်ပြုပြင်ပြီးပါက မြို့တော်နေရာအနှံ့သို့ သောက်သုံးရေများ စနစ်တကျဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

■ ရန်ကုန်မြို့အတွက် ရေအရင်းအမြစ်များ ရှာဖွေရာတွင် မိုးရေစုရေလှောင်ကန်များအပြင် မြစ်ရေများကို သန့်စင်ပြီး ရေပေးဝေမှု တိုးချဲ့နိုင်ရန်စီစဉ်ခဲ့

■ ရေပေးဝေမှုဧရိယာ ပိုမိုတိုးချဲ့နိုင်ရေးအတွက် လဂွန်းပြင်နှင့် ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

■ မြို့ပြဧရိယာကျယ်ပြန့်လာမှုနှင့် တိုးတက်လာသောလူဦးရေကို လွှမ်းခြုံနိုင်သော ရေပေးဝေရေးစနစ်ဖြစ်လာစေရန် အနာဂတ်စီမံကိန်းများ အကောင်အထည်ဖော်သွားနိုင်ရန် ရေးဆွဲထား



ရန်ကုန်မြို့တွင်း ရေပေးဝေရာတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် ပိုက်လိုင်းကြီးများ သွယ်တန်းနေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့တွင်း ရေပေးဝေရာတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် ပိုက်လိုင်းများ အစားထိုးလဲလှယ်နေမှုကို တွေ့ရစဉ်။

# ကျူးနှင့် အိမ်ပိုင်မရှိသူတို့အတွက် ရန်ကုန်အစိုးရ၏ စေတနာ

တင်ဝင်းတင်၊ ဓာတ်ပုံ-မြင့်သန်းကြည်(ရွှေပြည်သာ)



ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသည့် တန်ဖိုးနည်းအိမ်ရာများ။

ဘုရားအနေကဇာတင်နှင့် အိမ်သစ်တက်ပွဲလေး ပြုလုပ်လိုက်ရသည်ကို ဦးလှခင် တစ်ယောက် အကျေနပ်ကြီး ကျေနပ်နေမိသည်။

အိမ်က အကျယ်ကြီးမဟုတ်သော်လည်း သံဃာတော်သုံးပါးပင့်၍ ဆွမ်းကပ်ခြင်းနှင့် ကိုယ်လိုဘဝတူ အိမ်နီးချင်းအချို့ကို ဖိတ်၍ ကျွေးမွေးလှူဒါန်းခဲ့ခြင်းဖြစ်သည်။

သည်လို မင်္ဂလာပွဲလေးကို မိမိတစ်သက် လုပ်နိုင်ပါ့မလားဟု အခါခါတွေးရင်းက စိတ်အားငယ်မိခဲ့ရသည်က အကြိမ်ကြိမ်။

အခုတော့ အိပ်မက်လို့ပဲ ပြောပြော၊ စိတ်ကူးလို့ပဲ ပြောပြော အကောင်အထည်ပေါ်ခဲ့ပြီဖြစ်သည်။ "ကျေးဇူးတင်ပါတယ် ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ဝိုင်းဝန်းထောက်ပံ့ အကူအညီတွေပေးခဲ့ကြတဲ့ ကုမ္ပဏီက လူကြီးတွေကိုပါ" ယနေ့ပြုခဲ့ရသော ကောင်းမှုအစုစုကို အမျှဝေ၍ မေတ္တာများ ပို့သမိခဲ့သည်။

ဦးလှခင် ရသည့်အိမ်က ရွှေပြည်သာမြို့နယ် အမှတ် ၁၉ ရပ်ကွက်တွင် ဖြစ်သည်။ အကျယ်အဝန်းအားဖြင့် ၁၄ ပေ x ၂၅ ပေ ဖြစ်သည်။ ခေတ်မီမီပြောရရင်ဖြင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးနည်းအိမ်လေးဟု ပြောရမည်ဖြစ်သည်။

**ကျူးများအတွက် တန်ဖိုးနည်းအိမ်ရာ**

မိမိတို့ကျူးများအတွက် အထူးအစီအစဉ်ဖြစ်သည်။ ရွှေပြည်သာမြို့နယ်တွင်သာမက လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်နှင့် ဒဂုံအရှေ့၊ ရွှေပေါက္ကံတို့တွင်လည်း တည်ဆောက်ပေးသွားမည်ဟု သိရသည်။ တစ်မြို့နယ်လျှင် အိမ်ရာယူနစ် ၁၀၀၀၀ စီဟု ဆိုထားသည့်အတွက် ယင်းမြို့နယ်ခြောက်မြို့နယ်တွင် ဆိုပါက စုစုပေါင်း အိမ်ရာယူနစ် ၆၀၀၀၀ ဖြစ်မည်ဖြစ်သည်။

ရွှေပြည်သာမြို့နယ်တွင် ပထမအသုတ်အဖြစ် ၂၆၄ လုံး တည်ဆောက်ပြီးစီး၍ နေရာများချထားပေးခဲ့ပြီး ဖြစ်သည်။ ဤစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြေနေရာများ ဖော်ထုတ်ပေးရာ ချေးငွေအပိုင်းနှင့် ပတ်သက်၍ ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (အင်းစိန်)က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အစိုးရအဆက်ဆက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ခဲ့ရသော ပြဿနာကို ယနေ့ အစိုးရနှင့် လူမှုအဖွဲ့အစည်းတစ်ရပ်တို့က ပူးပေါင်းဖြေရှင်းခဲ့ခြင်းပင်ဖြစ်သည်။ ပူးပေါင်းဖြေရှင်းမှု၏ ရလဒ်ကောင်းတစ်ရပ်ဟု မှတ်ယူရမည်ဖြစ်သည်။ ထိုရလဒ်ကောင်းအား အမိအရဆုပ်ကိုင်၍ရှေ့ဆက်လျှောက်လှမ်းနိုင်ပါက ကျူးတို့၏ အနာဂတ်ဘဝများ ပိုမိုလှပစိုပြည်လာတော့မည်ဟု ယုံကြည်မိသည်။

**ပြည်သူများလူမှုဘဝမြှင့်တင်ရေး အိမ်ရာတည်ဆောက်ပေး**

ထပ်မံ၍ "ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်" ဟု ဆိုသောစကားနှင့်အညီ ပျိုမေ့အိမ်ကဲ့သို့ပင် Yangon Metro Politan Development Public Co;Ltd ကလည်း ကျူးကျော်ဘဝဖြင့် ရပ်တည်နေထိုင်ရသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများမြှင့်တင်ပေးရန် ရည်ရွယ်၍ တွံတေးမြို့နယ်ရှိ မြေဧက ၂၄၀၀ ခန့်တွင် တန်ဖိုးနည်းအိမ်ရာယူနစ် ၂၆၀၀ ကျော် တည်ဆောက်ပေးသွားပြီး လစဉ်အရစ်ကျစနစ်ဖြင့် ကျူးများကို ဦးစားပေး ရောင်းချပေးရန် စီစဉ်မှုများရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဇန်နဝါရီ ၂၉ ရက်တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ ပြောကြားမှုရှိခဲ့သည်။

ဤသို့ဆိုလျှင်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏စေတနာ၊ လူမှုအဖွဲ့အစည်းဆန်သော ကုမ္ပဏီများ၏ မေတ္တာဖြင့် ကျူးတို့၏ဘဝတစ်စတစ်စ လှပလာတော့မည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျူးတို့၏ ဘဝပြောင်းလဲရေးကို သာမက ကိုယ်ပိုင်အိမ်မရှိ၍ အိမ်ငှားဘဝဖြင့် နွံနစ်နေသည့်သူများအတွက်ကိုလည်း စီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိနေသည်။

**ကော်မတီက စိစစ်ပြီး အပြီးရောင်းချပေး**

အိမ်ငှားနေထိုင်ရသူတို့၏ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းပေါင်း ၂၂၀၀ ကျော်ကို ပြည်သူ့အိမ်ရာစီမံကိန်းများ ရောင်းချရေးကော်မတီက စိစစ်ပြီး အပြီးအပိုင်ရောင်းချပေးနေကြောင်းကို ထပ်မံသိရှိရသည်။

ဝင်ငွေနည်းပါးသော မိသားစုများ တိုက်ခန်းဝယ်ယူနိုင်ရေးအတွက် CHDB က ချေးငွေများထုတ်ပေးခြင်းစနစ်ဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အိမ်ခန်းဝယ်ယူသူများအတွက် အတိုးငွေကို ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ပေးခြင်းဖြစ်ပြီး ၁၅ နှစ်အရစ်ကျစနစ်ဖြင့် ပြန်ဆပ်ရန်ဖြစ်သည်။

အတိုးနှုန်းသက်သာရေးအတွက် ဂျပန်နိုင်ငံ အစိုးရ၏ ODA ဖြင့် ရယူ၍ ချေးပေးသည့်အတွက် အတိုးနှုန်းသက်သာခြင်းဖြစ်ကြောင်း သိရသည်။

ကျူးတို့၏ အနာဂတ်ဘဝ၊ ကိုယ်ပိုင်အိမ်မရှိသူတို့၏ အနာဂတ်ဘဝများသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စေတနာဖြင့် များမကြာမီ လှပလာတော့မည်မှာ ရွှေပြည်သာမြို့နယ်တွင် တည်ဆောက်ပြီးခဲ့သော တန်ဖိုးနည်းအိမ်ရာများက သက်သေခံနေပြီဖြစ်သည်။ ။

> ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျူးတို့၏ ဘဝပြောင်းလဲရေးကို သာမက ကိုယ်ပိုင်အိမ်မရှိ၍ အိမ်ငှားဘဝဖြင့် နွံနစ်နေသည့် သူများအတွက်ကိုလည်း စီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိနေ



ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။